# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ ၂၀၁၉ ခုနှစ်၊ မတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၇၁)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာတို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ဝန်ကြီးများနှင့်အတူ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ဖွင့်ပွဲတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)ဖွင့်ပွဲနှင့် မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်းနှင့် မြဝတီပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်

မြဝတီ မတ် ၁၉

**ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မြဝတီမြို့သို့ရောက်ရှိပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။**

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲမစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာတို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား စီမံကိန်း ရှင်းလင်းဆောင်၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✤

**"ယခု ချစ်ကြည်ရေးတံတားသည် နှစ်နိုင်ငံအကြား ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုကိုသာမက နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ပေါင်းစည်းဆက်နွှယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်"**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နိုင်ငံသူ နိုင်ငံသားနှင့် နိုင်ငံရေး

နိုင်ငံသူ နိုင်ငံသားတိုင်းတွင် မူလအခွင့်အရေးများရှိသလို တာဝန်များလည်း ရှိသည်ဆိုသည်ကို မိမိတို့မကြာခဏ မေ့လျော့နေလေ့ရှိသည်။ ဤသို့ အခွင့်အရေးများနှင့်အတူ တာဝန်များလည်းရှိကြောင်း မသိနားမလည်သူများ၊ စိတ်မဝင်စားသူများ၊ မိမိနှင့် မသက်ဆိုင်ဟု ထင်မြင်ယူဆသူများလည်းရှိကြသည်။ နိုင်ငံသူ နိုင်ငံသားတိုင်း၏ တာဝန်ဟုဆိုရာတွင် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်နှင့်နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ထမ်းဆောင်ရမည့် တာဝန်များဟူ၍ အနှစ်ချုပ်အားဖြင့် ဆိုနိုင်သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးဦးတည် အကောင်အထည်ဖော်မှုများသည် မျက်မှောက်ကာလ မိမိတို့နိုင်ငံသားအားလုံး၏ နိုင်ငံတည်ဆောက်ရေးတာဝန်၊ တစ်ဦးချင်းမှသည် အားလုံးအတွက် နိုင်ငံရေးတာဝန်ပင်ဖြစ်သည်။ နိုင်ငံရေးကို မိမိတို့စိတ်မဝင်စား၊ နိုင်ငံရေးသည် မိမိတို့နှင့်မသက်ဆိုင်ဟု ငြင်းဆန်၍မရ။ ပြည်သူလူထုအနေနှင့် ဒီမိုကရေစီ အခွင့်အရေးများကို ရယူလို၊ ခံစားလိုပါလျက် ဒီမိုကရက်တစ် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်း မရှိ၊ အနေဝေး ကင်းကွာနေမည်ဆိုပါက ကိုယ်ကျိုးရှာလိုသူတို့က နေရာယူ လွှမ်းမိုးလာသည်တို့နှင့် ကြုံကြရမည့် အန္တရာယ်နှင့် ရင်ဆိုင်ကြရပေမည်။

ဉပမာတစ်ခုဆိုရပါက လူလတ်တန်းစား ရပ်ကွက်ကြီးတစ်ခုတွင် ရုံးဝန်ထမ်း အရာထမ်းများ၊ တက္ကသိုလ်ဆရာ ဆရာမများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ကုန်သည်လုပ်ငန်းရှင်များ စသည်တို့ နေထိုင်ကြပြီး ဝင်ငွေအတန်အသင့် ကောင်းမွန်ကာ လူနေမှုအဆင့်အတန်းလည်း အထိုက်အလျောက်ရှိကြသည်။ တစ်ခါသော် အုပ်ချုပ်ရေးစနစ် အပြောင်းအလဲတစ်ခုတွင် အဆိုပါ ရပ်ကွက်ကြီး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့လိုအပ်လာသည်။ ထိုအခါ အထက်တွင် ဆိုခဲ့သည့် ရပ်ကွက်နေပုဂ္ဂိုလ်များအနက်မှ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ကို ယူလိုသူတို့ တစ်ဦးတစ်ယောက်မှ ထွက်မလာ။ နောက်တော့ ပြီးလျှင် ပြီးရော သဘောဖြင့် မြို့နယ်အုပ်ချုပ်ရေးမှ ခန့်ပေးလိုက်သူများ သူတို့ ရပ်ကွက် အုပ်ချုပ်ရေးရုံးသို့ ရောက်လာသည်။ ထိုသူများသည် ရပ်ကွက်နေသူတို့ထက် ပညာအရ၊ ဝါအရ၊ သမ္မာအရ၊ လူမှုအဆင့်အတန်းအရ များစွာ နိမ့်ကျသူများ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုသူများထံမှာပင် ထောက်ခံစာသွားတောင်းရ၊ ခွင့်ပြုချက်သွားယူရ စသည်တို့ လုပ်လာရသည့်အခါမှ ရပ်ကွက်နေသူတို့ နောင်တရကြသည်ကို တွေ့ခဲ့ရဖူးသည်။

ဒီမိုကရေစီနိုင်ငံအဖြစ် ဖော်ဆောင်မည်ဆိုပါက ပြည်သူလူထုသည် နိုင်ငံရေးကို စိတ်မဝင်စား၍မရ။ ဗိုလ်ချုပ်အောင်ဆန်းက ''နိုင်ငံရေးဆိုသည်မှာ မိမိတို့ပတ်ဝန်းကျင်၌ ပေါ်ပေါက်ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စ တစ်နည်းအားဖြင့် လူ့ကိစ္စ'' ဟူ၍ ဖွင့်ဆိုခဲ့သည်။ ဗိုလ်ချုပ်တို့ခေတ်တွင် လွတ်လပ်မှုကို ရယူလိုခြင်းအတွက် ဆောင်ရွက်ချက်များသည် နိုင်ငံရေးဖြစ်သည်။ မိမိတို့ခေတ် ပစ္စက္ခတွင်မူ ပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ရယူခံစားနိုင်ရေးနှင့် နိုင်ငံကိုဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဆောင်ရွက်ရမည့်အရေးကိစ္စများသည် နိုင်ငံရေးဖြစ်သည်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှခြင်း တည်းဟူသော လောကပါလတရားတို့အတွက် ဒီမိုကရေစီလူ့ဘောင်ကို မိမိတို့ အလိုရှိကြသည်ဆိုလျှင် ဒီမိုကရေစီစနစ်အစဉ်သဖြင့် ရှင်သန်ထွန်းကားဖို့ လိုအပ်သည်။ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရန်မှာလည်း ပြည်သူတို့၏ ထက်သန်သောဆန္ဒနှင့် နိုင်ငံ့အရေးအရာများတွင် ပူးပေါင်းပါဝင်မှုတို့ အားကောင်းရန် လိုအပ်သည်။ မိမိတို့၏ တာဝန်များကို သယ်ပိုးထမ်းဆောင်နိုင်သည့် စွမ်းရည်များလည်း ပြည့်ဝရမည် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်ရေးယန္တရား(ဝါ)အစိုးရသည် ပြည်သူ့အစိုးရ၊ ပြည်သူကရွေးချယ်တင်မြှောက်ထားပြီး ပြည်သူတို့၏အကျိုးစီးပွားအလို့ငှာ ပြည်သူ့ကိုယ်စား ဆောင်ရွက်ကြရခြင်းဖြစ်သည့်အလျောက် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းဆောင်တာများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကောင်းသည်နှင့်အမျှ အောင်မြင်မှုရလဒ်များလည်း မြင့်မားနိုင်မည် ဖြစ်ပါကြောင်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၁၉**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ယမန်နေ့က မြို့ဦးစေတီတော်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္ဘာ့သာသနာစရိယ ကေလာသဆရာတော်ကြီး အရှင်အရိယာဓမ္မသိဒ္ဓိ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါဗုဒ္ဓပူဇနီယပွဲတော်ကြီးကို သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင် (ပြန်/ဆက်)**



တပ်မတော် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) အဖွဲ့မှ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီအဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်း - ကျော်ဖုံး)

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ပုပ္ပားတောင်ကလပ်တွင် စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးသင်တန်းဆင်းပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းအမှိုက်ကောက်

**ကျောက်ပန်းတောင်း မတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေး ဆရာဖြစ်သင်တန်းဆင်းပွဲအထိမ်းအမှတ် အဖွဲ့ပေါင်းစုံဖြင့် စုပေါင်းအမှိုက်ကောက်ပွဲကို ယမန်နေ့က အဆိုပါ တောင်ကလပ်ဝန်းကျင်တွင် ဆောင်ရွက်ခဲ့ကြသည်။

တောင်ကလပ်ကျေးရွာတွင် ငြိမ်းချမ်းရေးပရဟိတအမှိုက်ကောက်အဖွဲ့နှင့် Clean Yangon ရန်ကုန်အဖွဲ့တို့ ပူးပေါင်း၍ စွန့်ပစ်အမှိုက်ဆိုင်ရာအသိပညာပေး ဆရာဖြစ်သင်တန်းကို မတ် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တာ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့ Clean Yangon အဖွဲ့မှ လာရောက်သင်တန်းပို့ချခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဆင်းပွဲအထိမ်းအမှတ်အဖြစ် ပုပ္ပားကျေးရွာနှင့် တောင်ကလပ်ကျေးရွာတို့မှ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ကာ တောင်ကလပ်ကျေးရွာ ရွှေဂူချောင်ကျောင်းတိုက်ဝန်းကျင်၊ ပတ္တမြားစောင်းတန်းနှင့် နဂါးစောင်းတန်း ဝန်းကျင်တို့ရှိ စွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူကာ အမျိုးအစားခွဲခြားသတ်မှတ်ပြီး ဖျက်ဆီးသင့်သည့် အမှိုက်များကို အမှိုက်ကျင်းသို့ စွန့်ပစ်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

အဆိုပါစုပေါင်းအမှိုက်ကောက်ပွဲသို့ ပုပ္ပားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ် ဂျူးလီယိုနှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ ပုပ္ပားမီးသတ်စခန်း(ခွဲ)မှ တပ်ဖွဲ့ဝင်များ၊ မဲတီးကျေးရွာ Win Mercy အဖွဲ့မှ အင်အား ၅၀၊ တောင်ကလပ်ငြိမ်းချမ်းရေးပရဟိတ အမှိုက်ကောက်အဖွဲ့မှ အင်အား ၅၀၊ Clean Yangon အဖွဲ့မှ ဆရာ ဆရာမ ငါးဦးတို့က အမှိုက်ကောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**



အဖွဲ့ပေါင်းစုံဖြင့် စုပေါင်းအမှိုက်ကောက်နေစဉ်။

✤ ရှေ့စာမှ

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ-ထိုင်း နှစ်နိုင်ငံမှ ဒေသခံ တိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တံတားစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော Video Presentation ကို ပြသသည်။

ယင်းနောက် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Arkhom Termpittayapaisith က စီမံကိန်း ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

**ထင်ဟပ်ဖော်ပြလျက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား တည်ဆောက်မှုပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားကို ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာ နှင့်အတူ တက်ရောက်ခွင့်ရရှိသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ နှစ်ဖက် အဆင့်မြင့် အရာရှိကြီးများအနေဖြင့် ယခုကဲ့သို့ တံတားတည်ဆောက်မှုပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသည်ကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ဖက်စလုံးက အလေးထားသည်ကို ထင်ဟပ်ဖော်ပြလျက်ရှိပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ခု**

ချစ်ကြည်ရေးတံတားကို နှစ်ဖက် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပြည်သူများ၏ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကြိုးပမ်းအားထုတ်မှုများကြောင့် အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခု အောင်မြင်မှုရလဒ်သည် နှစ်နိုင်ငံ ပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် တညီတညွတ်တည်းရှိမှုကို ပြသသည့်အပြင် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၏ ပြယုဂ်တစ်ခုဟု ဆိုနိုင်ပါကြောင်း။

**လက်တွဲဆောင်ရွက်ရန် အမြဲအသင့်ရှိ**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်ကစပြီး နှစ်နိုင်ငံအနေဖြင့် ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန် နားလည်မှုတို့ကို တန်ဖိုးထား ထိန်းသိမ်းနိုင်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့် နှစ်အတွင်းက သံတမန်ဆက်သွယ်မှု နှစ်(၇၀) ပြည့်မြောက်ခဲ့သည့် အခမ်းအနားများကို ကျင်းပခဲ့ပြီး နှစ်နိုင်ငံ အကြား ဆက်ဆံရေးကိုလည်း သဘာဝ အလျောက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မိမိတို့သည် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံ၏ ဆက်ဆံရေးကို များစွာအလေးထား ကြောင်းကို ပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွား ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ထိုင်းနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန် အမြဲအသင့်ရှိပါကြောင်း။

အခွင့်ကြုံခိုက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ပေါ်ပေါက်လာပုံနှင့် ၎င်း၏အရေးပါပုံကိုလည်း အနည်းငယ် မျှဝေလိုပါကြောင်း၊ ယင်းတံတားကြီးသည် မိုးအိ/သောင်ရင်းမြစ်ကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံဘက်မှ မြဝတီမြို့နယ်နှင့် ထိုင်းနိုင်ငံဘက်မှ မဲဆောက်မြို့နယ် တာ့ခ်ခရိုင်တို့ကို ဆက်သွယ်ပေးထားသည့် တံတားကြီး တစ်စင်း ဖြစ်ပါကြောင်း။

**အကျိုးစီးပွား တိုးမြှင့်ဖော်ဆောင်**

၂၀၁၂ ခုနှစ် မေလအတွင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံအဖွဲ့များသည် နယ်စပ်တွင် စတင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ပန္နက်တင် မင်္ဂလာ အခမ်းအနားကို ၂၀၁၅ ခုနှစ် ဩဂုတ်လ အတွင်းက ကျင်းပခဲ့ပါကြောင်း၊ ယခု တံတားကြီး ပြီးစီးရေးအတွက် လေးနှစ်ကြာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးပွားလာစေမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုလည်း တိုးမြှင့်ဖော်ဆောင်လာစေနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခု ချစ်ကြည်ရေးတံတားသည် နှစ်နိုင်ငံအကြား ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်နွယ်မှုကိုသာမက နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့ပေါင်းစည်းဆက်နွယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ယခုတံတားသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံကို ဖြတ်ကျော်လျက် အရှေ့အနောက် စီးပွားရေးစင်္ကြံ တစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးမည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ချစ်ကြည်ရေးတံတားကြောင့် မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်က ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေလျှော့သွားနိုင်မည်ဖြစ်ပြီး ကုန်စည်များ၊ နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်ကြမည်လည်း ဖြစ်ပါကြောင်း။

ချစ်ကြည်ရေးတံတား တည်ဆောက်လိုက်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဒေသတွင်း ကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည် ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် ချစ်ကြည်ရေးတံတား ဖြစ်ပါကြောင်း။

**အားတက်ဖွယ်တွေ့မြင်ရ**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် ပြီးခဲ့သည့်နှစ်များအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို အားတက်ဖွယ်တွေ့မြင်ရပါကြောင်း၊ မိမိတို့နိုင်ငံများ၏ အစိုးရပိုင်းဆိုင်ရာ အဖွဲ့အစည်းများအကြားတွင်သာမကဘဲ ပုဂ္ဂလိကပိုင်းနှင့် ပြည်သူများအကြားတွင်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုများပြားလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင်သာမက ကမ္ဘာနှင့်အဝှမ်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ထိုင်းနိုင်ငံနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

**အသိအမှတ်ပြု**

မိမိတို့ နှစ်နိုင်ငံအကြား အချိန်ကာလကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းသော အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ထိုင်းနိုင်ငံအစိုးရ၏ စေတနာတရားနှင့် ကြိုးပမ်းအားထုတ်မှုများကို မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခု တံတားသစ်တည်ဆောက်နိုင်မှုမှတစ်ဆင့် မိမိတို့ နှစ်နိုင်ငံအကြား သာယာဝပြောမှုများ ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က တံတားတည်ဆောက်မှု ပြီးစီးသည့်အပေါ် ဝမ်းမြောက်ကြောင်းနှင့် စီမံကိန်း အောင်မြင်ပြီး တံတားဖွင့်လှစ်အသုံးပြုနိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာတို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် တို့သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးထိန်းချုပ်မှုစခန်း (မြဝတီ)၌ တွေ့ဆုံသည်။

**လက်တွေ့ကျကျဖြေရှင်းဆောင်ရွက်**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာစေရေး၊ မြေယာအမှုတွဲများ အမြန်ပြီးပြတ်စေရေး၊ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးရွာများသို့ သွားရောက်၍ ပြည်သူလူထုနှင့် အမှန်တကယ်ထိတွေ့ကာ ပြည်သူလူထု၏ တင်ပြချက်များကို လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးဝင်းခိုင်၊ ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်ဖွင့်လှစ်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၃၀ ကေဗွီ မော်လမြိုင်- မြဝတီ ဓာတ်အားလိုင်း ၅၅ ဒသမ ၃၄ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီ ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံ၏ အရေးအကြီးဆုံးအချက် (၂)ချက်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး ရရှိရေးဖြစ်ပြီး မိမိတို့အစိုးရ စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ သတ်မှတ်ခဲ့သည့် ကိစ္စဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးဆိုသည်မှာ နေဝင်သွားသည့်အချိန်တွင် မီးလင်းရုံကိစ္စအတွက်သာ မဟုတ်ပါကြောင်း၊ ယင်းဓာတ်အားများနှင့် မိမိတို့ပြည်သူများ၏ဘဝ ပိုမိုဖွံ့ဖြိုးလာအောင် ဦးတည်ခြင်းဖြစ်ပါကြောင်း။

**ခေတ်နှင့်အညီ ပြောင်းလဲ**

နံနက်ပိုင်းက မြဝတီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကို သွားရောက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ချစ်ကြည်ရေးတံတားဖွင့်ရခြင်းမှာ ချစ်ကြည်ရေးကို ဦးတည်ပါကြောင်း၊ နှစ်နိုင်ငံအကြားတွင် ပိုမိုချစ်ခင်ရင်းနှီးလာစေရန်၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ပြည်သူလူထု၏ဘဝများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရန် ဖြစ်ပါကြောင်း၊ မိမိတို့ဘာပဲလုပ်လုပ် အဓိကရည်ရွယ်ချက်မှာ ပြည်သူများ၏ဘဝ တိုးတက်ဖွံ့ဖြိုးရန်အတွက်ဖြစ်ပါကြောင်း၊ တိုးတက်ခြင်းဆိုသည်မှာ ခေတ်နှင့်အညီ ပြောင်းလဲသင့်သည်များကို ပြောင်းလဲနိုင်သည့် အခြေအနေကို ပြောခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဓာတ်အားလိုင်းဖွင့်ခြင်းမှာလည်း တိုးတက်မှုပင်ဖြစ်ပါကြောင်း၊ တိုးတက်မှုဆိုသည်မှာ မိမိတို့ပြည်သူများ လျှပ်စစ်မီးရသွားခြင်းသာ မဟုတ်ဘဲ နည်းပညာအားဖြင့် မိမိတို့နိုင်ငံမှ ခေတ်နှင့်အညီ လိုက်မီလာသည့်သဘောကိုလည်း ပြသခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုမှာ မိမိတို့၏ဘဝကို ပို၍ အကောင်အထည်ဖော်နိုင်သည့် အရည်အချင်းများရှိလာရန် ဖြစ်ပါကြောင်း။

**ပံ့ပိုးမှုများရှိရန် လိုအပ်**

လွတ်လပ်ရေး မရမီခေတ်က လွတ်လပ်ရေးခေါင်းဆောင်ကြီးများသည် မိမိကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးမည်ဆိုသည့် စိတ်ဓာတ်နှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပါကြောင်း၊ ပြည်သူများအနေဖြင့် ယခုအချိန်တွင် မိမိကံကြမ္မာကို မိမိ မည်မျှအထိ ဖန်တီးနိုင်သည့် အရည်အချင်းရှိသလဲဆိုသည်ကို မိမိတို့ပြန်ပြီး သုံးသပ်ရပါကြောင်း၊ မိမိကြမ္မာကို မိမိဖန်တီးနိုင်ရန် အဘက်ဘက်မှ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ၊ ပံ့ပိုးမှုများရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများ အလိုအပ်ဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး ရရှိရေးကို မိမိတို့ ဦးစားပေးလုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာတို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

**“ချစ်ကြည်ရေးတံတား တည်ဆောက်လိုက်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဒေသတွင်းကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်”**

*စာမျက်နှာ ၃ မှ*

ယနေ့ အခမ်းအနားတွင် အစိုးရ၊ လွှတ်တော်၊ ပြည်နယ်အစိုးရလည်း ပါဝင်ပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ ပြည်ထောင်စုသဘောတရား၊ ဒီမိုကရေစီသဘောတရားကို ဖော်ကျူးနေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီသဘောတရားအရ မိမိတို့သည် အစိုးရအုပ်ချုပ်ရေးအပိုင်း၊ လွှတ်တော်ဥပဒေပြုရေးအပိုင်းနှင့် တရားစီရင်ရေးဆိုင်ရာ အပိုင်းများရှိပါကြောင်း၊ ယင်းမဏ္ဍိုင်ကြီး (၃) ခုနှင့် ဒီမိုကရေစီနည်းကျကျ နိုင်ငံတစ်ခု ထူထောင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးဆိုသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အခြေအနေများကို ပိုမိုခိုင်ခံ့လာအောင်၊ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နေရခြင်းလည်း ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားဆောင်ရွက်**

ထို့ကြောင့် မိမိတို့ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ ဘဝများ တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူလူထုသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့် ယဉ်ကျေးသိမ်မွေ့သည့် ပြည်သူများအနေဖြင့် ရပ်တည်နိုင်ရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့် ရပ်တည်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိခြင်းဖြင့် မလုံလောက်ပါကြောင်း၊ အဓိကလိုအပ်ချက်မှာ မိမိတို့ပြည်သူများ၏ အရည်အချင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အရည်အချင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမည့် ပညာများသာမက စိတ်ပိုင်းဆိုင်ရာပါ အကျိုးဖြစ်ထွန်းမည့် စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်ရန် အားလုံးဝိုင်းဝန်း၍ ကြိုးစားဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

တံတားကြီး တည်ဆောက်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပြည်သူလူထုက လိုလိုလားလား ရှိရပါကြောင်း၊ အားလုံးက မိမိနေရာမှ မိမိတတ်နိုင်သည့်ဘက်က လုပ်ပေးသည့်အခါ စီမံကိန်းကြီးတစ်ခုကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ ဓာတ်အားခွဲရုံကို ဖွင့်ပွဲလုပ်သည်မှာ ဓာတ်အားလိုင်းဖွင့်ပွဲလုပ်ခြင်းလည်း ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့ အမျိုးမျိုးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပေါ်ပေါက်လာသည့် စီမံကိန်းအောင်မြင်မှုကြီးတစ်ခု ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်မီး လိုအပ်ချက်မှာ အလွန်များပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ယခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် လိုအပ်ချက် ၅၀ ရာခိုင်နှုန်း ဖြည့်ဆည်းနိုင်သည်အထိ ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်နိုင်မည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ ယခုဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း ဖွင့်လှစ်ခြင်းအားဖြင့် ကရင်ပြည်နယ်တွင် လျှပ်စစ်မီးရရှိနိုင်မည့် အိမ်ထောင်စုပေါင်းမှာ ကိုးသောင်းကျော်သွားမည် ဖြစ်ပါကြောင်း၊ ယင်းမှာ တိုးတက်မှုပင်ဖြစ်ပါကြောင်း၊ နေရာတိုင်း နေရာတိုင်းတွင် တိုးတက်အောင် လုပ်နေရခြင်းဖြစ်ပါကြောင်း၊ တစ်တိုင်းပြည်လုံး ပြည်နယ်(၇)ခုနှင့် တိုင်း(၇)တိုင်းတွင် လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း။

**အဆင့်အတန်းမီမီ လုပ်ချင်**

ယနေ့ လာရောက်သည့်အခါ လမ်းပန်းဆက်သွယ်ရေး အင်မတန်ကောင်းမွန်နေသည်ကို သတိပြုမိပါကြောင်း၊ လမ်းများမှာ ဖြောင့်ဖြူး၍ သွားရလာရ အင်မတန်လွယ်ကူပါကြောင်း၊ အဆင့်အတန်းမီသည်ဟု သုံးသပ်မိပါကြောင်း၊ ဘာပဲလုပ်လုပ် အဆင့်အတန်းမီမီ လုပ်ချင်ပါကြောင်း၊ ပေါပေါနှင့်အမြန် ပြီးပြီးရောဆိုပြီး လုပ်မည့် စိတ်ဓာတ်များ မိမိတို့အားလုံး ဖျောက်ဖျက်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ရေတိုတွင် မြန်မြန်ပြီးပါက အကျိုးအမြတ် ရှိနိုင်သော်လည်း ခံနိုင်ရည်မရှိသည့် စီမံကိန်းများသည် နောက်ဆုံးတွင် အကျိုးထက် အရှုံးပေါ်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများသည် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံအပေါ် သစ္စာစောင့်သိပြီး နိုင်ငံ့တိုးတက်ရေးအတွက် အားလုံးလုပ်ပေးစေလိုပါကြောင်း။

**စိတ်ဓာတ်ကိုအမြဲရှင်သန်အောင်ထား**

လူတိုင်းလူတိုင်း မိမိဘဝ၊ မိမိမိသားစုအတွက် ရုန်းကန်ရမည်ဖြစ်ပါကြောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝ ရုန်းကန်ရသည့်အခြေအနေ မည်သို့ရှိနေပါစေ၊ နိုင်ငံ့အတွက် အစိတ်အပိုင်းတစ်ခုမျှ အမြဲချန်ထားစေလိုပါကြောင်း၊ နိုင်ငံ့အတွက် အရေးပါသည့် ကိစ္စများရှိသည်ကို စိတ်ထဲတွင် မမေ့ပျောက်စေလိုပါကြောင်း၊ မိမိနှလုံးသား၊ မိမိဦးနှောက်၏ တစ်နေရာတွင် မိမိနိုင်ငံ၊ မိမိ ရေ၊ မြေသည် မိမိနှင့်အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေသည့် ပြည်သူလူထုများအတွက်ဆိုသည့် စိတ်ဓာတ်ကို အမြဲရှင်သန်အောင် ထားစေလိုပါကြောင်း။

**အကျိုးအမြတ်များရှိမည်**

မိမိနိုင်ငံအကျိုးအတွက် စဉ်းစားမည်ဆိုပါက မှောင်နေသည့် အခန်းတစ်ခန်းတွင် ဖယောင်းတိုင်မီးထွန်းလိုက်သကဲ့သို့ မိမိတစ်ယောက်တည်း လုပ်နိုင်သမျှ လုပ်မည်။ သို့သော်လည်း အားလုံးစုပေါင်း၍ လုပ်မည်ဆိုပါက မိမိတို့ လျှပ်စစ်မီးခလုတ်ဖွင့်လိုက်သလို နိုင်ငံတစ်ခုလုံး လင်းပြီး တောက်ပသွားမည် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်များနှင့် လုပ်စေလိုပါကြောင်း၊ နိစ္စဓူဝ မိမိတို့နိုင်ငံတွင် မည်သို့ပင်ဖြစ်နေဖြစ်နေ မိမိနိုင်ငံ၏ အေးချမ်းသာယာမှု၊ တည်ငြိမ်မှု၊ တိုးတက်မှုအတွက် မိမိတို့ ဘာလုပ်ပေးနိုင်သလဲဆိုသည်ကို တစ်နေ့တွင်တစ်ကြိမ် စဉ်းစားပေးမည်ဆိုပါက နိုင်ငံအတွက် အကျိုးအမြတ်များ ရှိမည်ဖြစ်ပါကြောင်း။

**စုပေါင်းအင်အားနှင့်လုပ်နိုင်မည်**

ဘာပဲလုပ်လုပ် နိုင်ငံ့အကျိုးအတွက် လုပ်နေသည်ဆိုသည့် စိတ်ဓာတ်နှင့် လုပ်စေလိုသည်ကို အထူးအလေးပေး ထောက်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံသူနိုင်ငံသားတစ်ယောက်ချင်းသည် မိမိတာဝန် မိမိကျေပွန်မည်ဆိုပါက မီးခလုတ်ကို လွယ်လွယ်နှင့် ဖွင့်လိုက်သကဲ့သို့ မိမိတို့နိုင်ငံ မီးလင်းသွားစေရန် စုပေါင်းအင်အားနှင့် လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အရင်က လျှပ်စစ်မီးမရရှိခဲ့ဘဲ ယခုအခါ အဆိုပါဓာတ်အားခွဲရုံကြီးကြောင့် အလင်းရောင်ရသည့်လူများသည် ယင်းကို နှလုံးသွင်းစေလိုပါကြောင်း။

ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးသည် အရေးကြီးသည်ဟု ပြောနေစရာ မလိုတော့ပါကြောင်း၊ ကရင်ပြည်နယ်တွင် ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်းများစွာ ဆယ်စုနှစ်ကြာ ခံခဲ့ရပါကြောင်း၊ ယင်းသို့ ခံခဲ့ရသည့်အတွက် ငြိမ်းချမ်းရေး၏ အကျိုးကို အမှန်တကယ် နားလည်နိုင်မည်ဖြစ်ပါကြောင်း၊ ဖြစ်ဖူးမှ တကယ်သိကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်သူပြည်သားများသည် ငြိမ်းချမ်းရေးရစေရန်၊ ငြိမ်းချမ်းရေး၏ အလင်းရောင် နိုင်ငံအတွင်းသို့ ဝင်လာစေရန် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပြီး ကြိုးစားပေးကြပါဟု မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း။

**အမှောင်ကိုခွင်းပြီး အလင်းကိုရောက်**

ယခုစီမံကိန်းကြီး၏ အဓိကအချက်မှာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အမှောင်ကိုခွင်းပြီး အလင်းကို ရောက်နိုင်သည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်သည်ဟု မိမိအနေဖြင့် ပြည်သူလူထုကို တင်ပြလိုပါကြောင်း၊ ယနေ့မှစ၍ ကရင်ပြည်နယ်၊ မြဝတီဘက်တွင် ပြည်သူလူထုအတွက် ပို၍အဆင်ပြေမည့် အလင်းရောင်ဓာတ်အားများ ရရှိသကဲ့သို့ နောင်လာမည့် ရက်များတွင်လည်း ပြည်သူလူထု၏ ဘဝများကို အေးဆေးစေမည့် ဘဝများနှင့် လင်းလက်တောက်ပစေမည့် ငြိမ်းချမ်းရေးလည်း အမြန်ဆုံးအပြည့်အဝရပါစေဟု ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများက ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြဝတီမြို့ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်း ၅၅ ဒသမ ၃၄ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**အမွှေးနံ့သာရည် ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့သည် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စီမံကိန်းရှုရပ်မှနေ၍ မြဝတီပင်မဓာတ်အားခွဲရုံအား ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြဝတီမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်



၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မ ဓာတ်အားခွဲရုံကို တွေ့ရစဉ်။ သတင်းစဉ်

# တိုင်းဒေသကြီးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)**

**တိုင်းဒေသကြီးဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

| | |
|---|---|
| (၁) ဦးဖြိုးဝင်းထွန်း | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးကြည်လှိုင် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် လွှတ်တော်အဆောက်အဦများတွင် လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျရှိစေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# လွှတ်တော်အဆောက်အဦများတွင် လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျရှိစေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၉**

လွှတ်တော်အဆောက်အဦများတွင် တပ်ဆင်ထားသော လျှပ်စစ်ပိုင်းဆိုင်ရာများ စနစ်တကျရှိစေရေးအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ဇမ္ဗူသီရိအဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားပြီး လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာအားကစားပွဲများတွင် ဆုရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် မတ် ၁၉**

(၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲ၊ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ညှော့ရိပ်သာ ခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

### စွမ်းဆောင်နိုင်ခဲ့

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသည် မိမိတို့ တပ်မတော်သားများအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု ဆွတ်ခူးနိုင်ခဲ့သဖြင့် ပြိုင်ပွဲဝင် ၁၀ နိုင်ငံတွင် စတုတ္ထအဆင့်ကို ရရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ကို ရယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲဝင်ခြောက်နိုင်ငံတွင် တတိယအဆင့်ကိုရရှိခဲ့ကြောင်း၊ ထို့ပြင် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမား ၃၄၂ ဦးအနက် တပ်မတော်သား ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုတို့ကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ တပ်မတော်၏ အောင်မြင်မှုသည် နိုင်ငံ၏ အောင်မြင်မှုပင်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

### ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ် ချီးမြှင့်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၈/၂၀၁၉) ကျင်းပစဉ်။

**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၈/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မိဘကျေးဇူးဆပ်ခြင်းနှင့် မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့

**တက္ကသိုလ်ပွင့်သူအောင်**

တပေါင်းလသည် "တပေါင်းသာခေါင် လများနောင်" ဟူသော ဆိုစကားနှင့်အညီ မြန်မာ့တစ်ဆယ့်နှစ်လရှိသည့်အနက် နောက်ဆုံးလဖြစ်သည်။ တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်၍ လ၏ ပထမ ၁၅ ရက်သည် ဆောင်းရာသီတွင် အကျုံးဝင်ပြီး ဒုတိယ ၁၅ ရက်သည် နွေရာသီ၌ အကျုံးဝင်သောကြောင့် ဆောင်းအကုန်နွေအကူး ရှင်မြူးဖွယ်သာယာလှပသော ရာသီပင်ဖြစ်သည်။ အထူးသဖြင့် နေ့အခါတွင် အတော်အသင့် ပူလာသော်လည်း ညရောက်လာသောအခါ ဆောင်းရာသီ မကုန်တတ်သေး၍ မြောက်လေညင်းနှင့် ဆောင်းနှင်းကြွင်း တို့ရှိနေဆဲဖြစ်သည်။ ရှေးလူကြီးတို့က "နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း" ဟု ဆိုခဲ့ကြသည်။ ခါနွေပြောင်းစ တပေါင်းလတွင် ပတ်ဝန်းကျင်တစ်ခုလုံး သစ်ပင်ပန်းပင်အပေါင်းတို့မှာ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေလျက်ရှိသည်။ ဖူးစအသစ် မြပုရစ်တို့ဖြင့် စိမ်းလန်းစိုပြည်နေသကဲ့သို့ မိုးကောင်းကင် ပြာလဲ့လဲ့တွင် "တပေါင်းလည်းကူး၊ မိုးသားကျူး" ဟူသော စာဆိုနှင့်အညီ မိုးသားတိမ်လိပ်တို့ ဟိုမှသည်သို့ တရိပ်ရိပ် တရွေ့ရွေ့ပြေးလွှားနေကြသည်။

ထို့ကြောင့် ရှေးစာဆိုတော်ကြီးဦးကြင်ဥက "ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွှန့်ငယ်တို့ ဖူးကွန့်ကိုယ်စီ။ ဘမရာရွှေပိတုန်းငယ်တို့၊ ကြွေသုံးကြဝတ်ရည်၊ ညွတ်ကြည်ဖွဲ့ဖော်ကွဲ။ ယင်းသည့်နေ့တိုင် ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် စျာန်ယိုင်လျှောရတယ်။ ရာသီတွင် စာညီပြောပေပ၊ ကျော၍သာမြဲ" ဟူ၍ တပေါင်းလ၏ သာယာပုံကို စာပန်းချီခြယ်မှုန်းခဲ့သည်။

**တပေါင်းလ၏ အဓိပ္ပာယ်**

တပေါင်းကို ပုဂံခေတ်ထိုး ကျောက်စာများ၌ "တပေါင်" ဟုရေးထိုးခဲ့သည်။ အင်းဝခေတ်တွင်မူ ဝိသဇ္ဇန ရေးထုံးပေါ်လာပြီဖြစ်၍ ယခုခေတ်ကဲ့သို့ 'တပေါင်း' ဟု ရေးသားခဲ့ကြသည်။ ဝေါဟာရဗိနတ္ထဒီပနီကျမ်းက "တပေါင်း" ကို ပူပန်ခြင်းကင်းသောလ၊ နွေရာသီသို့ ကျရောက်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မြန်မာလအမည်များစာအုပ်၌ "တ" သည် တန်း၊ ထန်းဖြစ်ပြီး "ပေါင်း" သည် ချက်ပြုတ်ခြင်း၊ ကျိုခြင်း အဓိပ္ပာယ်ရသဖြင့် တပေါင်းဟူသည် ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်သောလ "ထန်းချက်လ" ဟု အဓိပ္ပာယ်ဖွင့်ဆိုလေသည်။ ဗေဒင်အလိုအားဖြင့် တပေါင်းလကို မိန်ရာသီဟုခေါ်သည်။ ငါးဟု အဓိပ္ပာယ်ရသည့် ပါဠိပုဒ်မိနမှ မိန်ဟုဖြစ်လာသည်။ အဓိပ္ပာယ်မှာ ငါးများရှင်မြူးကြိုက်နှစ်သက်သော ရာသီ(ဝါ)ငါးနှစ်ကောင်ရုပ်ရှိသောရာသီဟု ဆိုလိုသည်။ စန်းယှဉ်နက္ခတ်မှာ ဥတ္တရာဘရဂုဏ်ဖြစ်သည်။ တပေါင်းလ၏ ရာသီပန်းမှာ သရဖီပန်းဖြစ်သည်။

**မိဘကျေးဇူးဆပ်ခြင်း**

မဟာဗုဒ္ဓဝင် အတ္ထုပ္ပတ္တိမှာ မဂ္ဂမဟေသီမာယာဒေဝီမိဖုရားကြီးသည် အံ့ချီးလောက်သည့် အိပ်မက်တို့ကြောင့် သားဦးရတနာ ရတော့မည်ဟု လက်ရုံးဆန့်တန်းဝမ်းပန်းတသာ ဂုဏ်ယူခဲ့သည်။ ထိုနေ့သည် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ဖြစ်သည်။ မာယာဒေဝီမိဖုရားကြီးသည် မပေါ့မပါး သန္ဓေသားကို ဖွားလုနီးနီးမှာ ဇာတိစံရာဒေဝဒဟပြည်ကြီးသို့ ထွက်တော်မူခဲ့သည်။ ထို့နောက် နှစ်ပြည်ထောင်ကြား လုမ္ဗိနီဥယျာဉ်တော်တွင် သားတော်သိဒ္ဓတ္ထကုမာရကို ဖွားမြင်တော်မူခဲ့သည်။ ထိုနေ့သည် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ဖြစ်သည်။ သက်တော်တစ်ဆယ့်ခြောက်နှစ်အရွယ်၌ သုဒ္ဓေါဒနမင်းကြီးသည် ညီတော်ဖြစ်သော ဒေဝဒဟပြည့်ရှင်ဘုရင် သုပ္ပဗုဒ္ဓ၏ သမီးတော် ယသောဓရာ ဒေဝီနှင့် ထိမ်းမြားပေးတော်မူသည်။ ထို့နောက် ကပိလဝတ်ပြည် အလုံးနှင့် ရွှေနန်းစည်းစိမ်ကိုပါ လွှဲပေးကာ မင်းပြုစေသည်။

"သိဒ္ဓတ္ထအလောင်းတော်မြတ်သည် ညသန်းခေါင်ယံအချိန်တွင် ဖွားဖက်တော်ကဏ္ဍက မြင်းကိုစီးလျက် ဖွားဖက်တော် ဆန္နအမတ်၊ နောက်တော်ခေါ်ကာ မဟာနိက္ခမ ထွက်ကြွတော်မူလေပြီ" ဟူသော သုဒ္ဓေါဒနဘုရင်ကြီးအတွက် သတင်းဆိုးကြီးကို ကြုံတွေ့ခဲ့ရသည်။ ထို့နောက် အကြီးဆုံး၊ အမြင့်ဆုံး၊ အမြတ်ဆုံးသတင်းမှာ "သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူ ပြီဖြစ်ကြောင်း" ဟူသော နှစ်ထောင်းအားရသတင်းစကားကို သုဒ္ဓေါဒနဘုရင်ကြီး ကြားသိလိုက်ရပြန်သည်။

> **"ရှေးစာဆိုတော်ကြီး ဦးကြင်ဥက 'ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွှန့်ငယ်တို့ ဖူးကွန့်ကိုယ်စီ။ ဘမရာ ရွှေပိတုန်းငယ်တို့၊ ကြွေသုံးကြဝတ်ရည်၊ ညွတ်ကြည်ဖွဲ့ဖော်ကွဲ။ ယင်းသည့် နေ့တိုင် ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် စျာန်ယိုင်လျှောရတယ်။ ရာသီတွင် စာညီပြောပေပ၊ ကျော၍သာမြဲ' ဟူ၍ တပေါင်းလ၏ သာယာပုံကို စာပန်းချီခြယ်မှုန်းခဲ့သည်"**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့သည် ထူးမြတ်သောနေ့ဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်ကို ဆောင်းဥတုကုန်လွန် နွေဥတုအပြောင်း သာယာလှပသောအခါသမယ၌ သားတော်မြတ်စွာဘုရားရှင်အား ခမည်းတော်ရှိရာသို့ ပင့်လျှောက်ရန် တောင်းပန်သည်။ ထိုစဉ်က မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်သို့ကြွရောက်တော်မူရန် ခရီးစဉ်၌ ဂမနိယဝတ်ကို ပြည့်စုံစေသော မာဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာတစ်သောင်း ခြံရံလျက် တပေါင်းလပြည့်ကျော် ၁ ရက်နေ့၌ ရာဇဂြိုဟ်ပြည်မှ ထွက်ခွာတော်မူလာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ၄၅ ဝါကြာသော ဘဝခရီးတစ်လျှောက်၌ အထူးပင် အရေးပါ၍ အရာရောက်ပြီး အလွန်ရှည်လျားသောခရီးကို ကြွချီတော်မူခြင်းပင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ယူဇနာ ၆၀၊ မိုင်အားဖြင့် မိုင်ပေါင်း ၇၂၀ ခရီးကို တစ်နေ့လျှင် တစ်ယူဇနာ(တစ်ဆယ့်နှစ်မိုင်နှုန်း) ဖြင့် ခြေကျင်ခရီးကို ကြွတော်မူသည်။ ထိုခရီးသည် ကျက်သရေပေါင်းများစွာဖြင့် ပြည့်ဝလှပြီး နှစ်လတိတိကြာမြင့်ခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဖြစ်သူ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပင့်ရန် ခေါင်းဆောင်အမတ် ၁၀ ဦးတို့ကို နောက်ပါအခြွေအရံ တစ်ထောင်စီဖြင့် ၁၀ ကြိမ်ခွဲကာ ရာဇဂြိုဟ်ပြည်သို့ စေလွှတ်တော်မူသည်။ နောက်ဆုံးအသုတ်ကို ကာဠုဒါယီအမတ်ကြီးက ခေါင်းဆောင်သွားခဲ့သည်။ ကာဠုဒါယီအမတ်ကြီးက ဂါထာပေါင်း ခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့တင်လျှောက်ခဲ့သည်။ ကာဠုဒါယီအမတ်ကြီးက "မုနိတို့၏ သခင်ဖြစ်တော်မူသော မြတ်စွာဘုရား... ဆောင်းနှောင်းနွေဦးတပေါင်းလ ဤအခါထူးသည် အေးလည်း မအေးလွန်းလှပါဘုရား။ ပူလည်း မပူလွန်းလှပါဘုရား။ ကောက်ပဲသိမ်းစ ဥတုမျှ၍ အာဟာရမွတ်ရှားပါးခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်း ကင်းရှင်းပါသည်ဘုရား။ မြေပြင်သည်လည်း နေရာမြက်ညွှန့်တို့ ပေါက်ရောက်ရှင်သန်၍ မြစိမ်းရောင်လွှမ်း စိုပြည်လန်းဆန်းနေပါသည်ဘုရား။ ဆောင်းနှောင်းနွေဦးတပေါင်းလ ဤအခါထူးသည် မွေးရပ်ဌာနီကပိလဝတ်ပြည်သို့ ကြွချီရန် လျော်ကန်လျောက်ပတ် ကောင်းမြတ်သော အချိန်ပါဘုရား" ဟူ၍ လျှောက်ထားခဲ့သည်။ ဤအကြောင်းကို ပါဠိတွင် "နာတိသီတံ နာတိဥဏှံ၊ နာတိဒုဗ္ဘိက္ခ ဆာတကံ၊ သဒ္ဒလာဟရိတာ ဘူမိ၊ သေကာလောမဟာမုနိ" ဟု တွေ့ရသည်။

ဂါထာခြောက်ဆယ်ပျို့တွင် စာဆိုပညာရှင်ကြီး ရှင်မဟာသီလဝံသ၏ တပည့်ဖြစ်သော စာဆိုပညာရှင် ရှင်အုန်းညိုက မြတ်စွာဘုရားပြည်တော်ပြန်ရန်အလို့ငှာ "မွေးဘသုဒ္ဓေါ၊ ဒကာတော်နှင့် ယသောဓရာ၊ ဗိမ္ဗာမြောက်သား၊ သည်းချာရာဟု၊ မြော်ရာရှုလျက်၊ တစုတရုံး၊ ပန်းနှယ်ကုံးမျှ၊ သက်လုံးမေတ္တာ၊ ပြက်ကြင်နာသော်၊ ဖူးပါလှချင်၊ ငံ့သခင်ကို၊ သို့ပင်ဆိုတမ်း၊ နိစ္စလွမ်း၍၊ မျက်ယမ်းထိထိ၊ မြော်ချင်ဘိဟု၊ ကြားသိတုံလို၊ တစ်သောင်းဗိုလ်တွင်၊ ကျွန်ကို နောက်ဆင့်၊ ချီပင့်ရရှာ၊ ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွလဲပြောင်းသား၊ တပေါင်းနွေလ၊ ဂိမ္ဘာနဟု၊ သာလှပျော်မှု၊ သည်ရတု၌ ညွှန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်း၊ ဖြစ်ပေါ်သည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှာ၊ ဆောင်းပန်တွာသည်၊ သွားခါကာလ တန်ပြီဘုရား" ဟူ၍ စပ်ဆိုထားသည်။ ထိုနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ပင်ဖြစ်သည်။ ထိုသို့ကာဠု ဒါယီမထေရ်က ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည်ကို အကြောင်းပြု၍ တပေါင်းလပြည့်နေ့ကို ဗုဒ္ဓမြတ်စွာ ပြည်တော်ဝင်အခါတော်နေ့သတ်မှတ်ကာ အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။

မြတ်စွာဘုရားထံ စေလွှတ်လိုက်သော ရှေးယခင်အမတ်များသည် မြတ်စွာဘုရားနှင့်တွေ့၍ တရားနာရသောအခါ ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ဘုရားပင့်သွားသူအားလုံးတစ်ယောက်မကျန် သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ဧဟိဘိက္ခုရဟန်းများချည်း ဖြစ်ကုန်ကြသည်။ ကာဠုဒါယီ၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွချီတော်မူခဲ့ရာ သာသနာတော်သမိုင်း၌ အကျိုးဆက်များစွာ ဖြစ်ပေါ်ခဲ့သည်။

**ဖြစ်ပေါ်လာသော အကျိုးဆက်များ**

ခမည်းတော်၏ ကျေးဇူးကိုဆပ်ရန် သိတတ်သောအားဖြင့် မွေးရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူလာခြင်းဖြင့် အောက်ပါအကျိုးဆက်များဖြစ်ပေါ်ခဲ့သည် -

(က) နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာခြင်း၊
(ခ) သာကီဝင်မင်းမျိုး၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုးကို ရွာသွန်းစေခြင်း၊
(ဂ) ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောကြားခြင်း၊
(ဃ) မဟာဓမ္မပါလ ဇာတ်တော်ကြီးကို နာကြားရသဖြင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ပြီး နောင်သောအခါအရဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော်ဂေါတမီသောတာပန်တည်ခြင်း၊ နောင်အခါဘိက္ခုနီသာသနာထူထောင်ခွင့်ကြုံခြင်း၊
(င) ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကြီး ဟောကြားခြင်း၊
(စ) ဇနပဒကလျာဏီ၏ ကြင်ရာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း။
(ဆ) သားတော်ရာဟုလာအမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း။
(ဇ) သာကီဝင်အမျိုးမှ မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ရှိခြင်း။
(ဈ) ဆွေမျိုးတို့အား မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြင့်မြတ်ဆုံးဘွဲ့ "ကုလပ္ပသာဒ" ဧတဒဂ်ကို ကာဠုဒါယီမထေရ်အား ချီးမြှင့်ခြင်း။
(ည) အရှင်သာရိပုတ္တရာ လျှောက်ထား၍ ဗုဒ္ဓဝင်သာသနာကို ဟောကြားတော်မူခြင်း။

ထို့ကြောင့် မိဘကျေးဇူးဆပ်ခြင်းနှင့် မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ဖြစ်သည့် တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ဂုဏ်တော်ကျေးဇူးတော်များကို အောက်မေ့ကာ ပူဇော်ပွဲများ နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

---

## စလင်း၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပညာပေး သင်တန်းဖွင့်

**စလင်း မတ် ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဗောဓိရတနာ စာသင်တိုက်ဓမ္မာရုံ၌ ရွှေစင်ကြယ်ပရဟိတ လူမှုရေးအသင်းက ဦးဆောင်ပြီး ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများ သိရှိလိုက်နာရေး၊ ကလေးသူငယ်များ၏ ကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ အပါအဝင် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာများကို စာတွေ့လက်တွေ့သင်ကြားပေးသည်။

**စစ်ကြည်(စလင်း)**

---

## ကမ္ဘာ့အကြီးဆုံးစည်တော်ကြီး ကန့်ဘလူမြို့နယ်အတွင်းသို့ ဖြတ်သန်းသယ်ဆောင်

**ကန့်ဘလူ မတ် ၁၉**

ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးကို ကောလင်းမြို့မှတစ်ဆင့် ကန့်ဘလူမြို့နယ်အတွင်းသို့ မတ် ၁၈ ရက်က စတင်ဖြတ်သန်း သယ်ဆောင်ရာ ကြခတ်အိုက်ကျေးရွာ၌ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဇော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် ဌာနဆိုင်ရာများက ကြိုဆို၍ နတလလမ်းတစ်လျှောက်ရှိ ကိုးထောင်ဘို့၊ မိဿလင်ကုန်း၊ သင်တော၊ ကံကြီး၊ ချပ်သင်း၊ ချပ်ကြီး၊ တည်ပင်၊ ကျွန်းလှမြို့၊ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်သို့ မွန်းလွဲ ၁ နာရီခွဲခန့်ကရောက်ရှိ၍ သာသနာ့ဗိမာန်တော်၌ ခေတ္တနားစဉ် စည်တော်ကြီး သယ်ယူရေးအဖွဲ့အား နံနက်စာဖြင့်ဧည့်ခံကျွေးမွေးကြသည်။

ထို့နောက် စည်တော်ကြီးကို စေတီတော်မှ စံပါယ်နံ့သာကျေးရွာ ထိုမှတစ်ဆင့် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းတစ်လျှောက်ရှိ ငှက်ပျောတိုင်း၊ ခအုံးတာ၊ ဘူးကုန်း၊ ပေကြီးကျေးရွာတို့သို့ သယ်ဆောင်ခဲ့ပြီး ကန့်ဘလူခရိုင်နယ်စပ်နှင့် ရွှေဘိုခရိုင်နယ်စပ်တွင် ရွှေဘိုမြို့မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုကြ၍ ဆက်လက်သယ်ဆောင်သွားကြောင်းသိရသည်။

အဆိုပါ စည်တော်ကြီး ကန့်ဘလူမြို့နယ်အတွင်း ဖြတ်သန်းသယ်ဆောင်စဉ် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများက အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ စုစုပေါင်းငွေကျပ် ၂၉၇၃၀၀၀ နှင့် ဆန်ရှစ်တင်းကျော် ရရှိခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားသို့ သယ်ဆောင်မည့်စည်တော်ကြီးကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု၌ ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲများ ကျင်းပပြုလုပ်သွားမည်

နေပြည်တော် မတ် ၁၉

**တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီး ကြွရောက်အပူဇော်ခံပြီး ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် ဦးစီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီခွဲကကျင်းပသည့် ထာဝရငြိမ်းချမ်းရေး စေတီတော် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေပါရမီတောရဆရာတော် အမှူးပြုသော ဒါယကာ၊ ဒါယိကာမများက မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ပူဇော်နိုင်ရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထာဝရငြိမ်းချမ်းရေး စေတီတော်ပရိဝုဏ်အတွင်း ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

## ပူးပေါင်းပါဝင်ဆောင်ရွက်

ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရန် ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာများ၏ မတည်အလှူငွေ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိသာသနိကအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် စေတီတော်၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ ပြည့်စုံကောင်းမွန်အောင်ဆောင်ရွက်ရန် မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

## ဝိုင်းဝန်းအကြံပြုဆွေးနွေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်အနေဖြင့်လည်း ရန်ကုန်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ထားဝယ်၊ ဘားအံ၊ သထုံ၊ ပဲခူး၊ ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ မကွေး၊ ပုဂံမြို့၊ မုံရွာ၊ မန္တလေး၊ ကျောက်ဆည်၊ သဲတောနှင့် ဝမ်းတွင်း၊ တောင်ကြီး၊ လွိုင်ကော်၊ တောင်ငူနှင့် နေပြည်တော်တို့တွင် ထာဝရငြိမ်းချမ်းရေး စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီးကြွရောက်ခြင်းနှင့် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပပြုလုပ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီး ကြွရောက်အပူဇော်ခံခြင်းနှင့် ဓမ္မသဘင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ လုံခြုံရေးနှင့် လိုအပ်သည့်ကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီးကြွရောက်အပူဇော်ခံရန် စီစဉ်ထားရှိမှု၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲကျင်းပရန် ညှိနှိုင်းစီစဉ်ထားရှိမှု၊ ဓမ္မသဘင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် လုံခြုံရေးအတွက် အထောက်အကူအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

## တရားပွဲများအောင်မြင်စွာကျင်းပ

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပရန်စီစဉ်ထားရှိမှု၊ ဘဏ္ဍာငွေရရှိမှု၊ စေတီတော်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှု၊ သတင်းပြန်ကြားရေးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်မှု၊ မှတ်တမ်းတင်ပြုစုမှု၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုနှင့် ရန်ကုန်တွင် တရားပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်း - မော်စီ**
**ဓာတ်ပုံ - ကျော်ရဲဆွေ**

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် တိုင်းရင်းဆေးဝါးစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးဝါးစက်ရုံ၌ ကျင်းပသည်။ ပထမဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေတို့က တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးဆွေတို့က တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တိုင်းရင်းဆေးဝါးစက်ရုံအတွင်း၌ တိုင်းရင်းဆေးဝါးကုန်ကြမ်းများ သိုလှောင်ခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ ကြိတ်ခွဲအမှုန့်ပြုလုပ်ခြင်း၊ ထုပ်ပိုးခြင်းစသည့် ဆေးဝါးထုတ်လုပ်ပုံလုပ်ငန်းစဉ် အဆင့်ဆင့်ကို လေ့လာကြည့်ရှုခဲ့ကြသည်။

## စွမ်းဆောင်ရည်အပြည့်ထုတ်လုပ်

ထို့နောက် တိုင်းရင်းဆေးဝါးစက်ရုံ ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဤတိုင်းရင်းဆေးဝါးစက်ရုံသစ်ကြီးအား (၂၀၁၂-၁၃) ခုဘဏ္ဍာနှစ်မှစ၍ စတင်ဆောက်လုပ်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၃ ဒသမ ၆၅ ဘီလီယံနှင့် စက်နှင့် စက်ပစ္စည်းများအတွက် ကျပ်ငွေ ၁ ဒသမ ၀၂ ဘီလီယံစုစုပေါင်းကျပ်ငွေ ၄ ဒသမ ၆၇ ဘီလီယံ ကျခံသုံးစွဲခဲ့ရသည့်အတွက် ကုန်ကျငွေနှင့် ထိုက်တန်သည့် အကျိုးရလဒ်နှင့် စွမ်းဆောင်ရည်အပြည့် ထုတ်လုပ်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

ယခုစက်ရုံ စတင်ဖွင့်လှစ်သည့်အချိန်၌ အပြည့်အဝထုတ်လုပ်လည်ပတ်နိုင်ခြင်းမရှိသေးသော်လည်း အလုံးစုံအပြည့်အဝ လည်ပတ်ထုတ်လုပ်နိုင်အောင် လိုအပ်သောဘဏ္ဍာငွေများကို (၂၀၁၉-၂၀) ခု ဘဏ္ဍာနှစ်၌ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အပြည့်အဝလည်ပတ်နိုင်အောင်အတွက်လည်း စက်ရုံ၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားကိုလည်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသွားရန် လိုအပ်မည်ဖြစ်ပြီး သုတေသနဌာန၊ စီမံကိန်းဌာန၊ သတင်းအချက်အလက်နှင့် စာရင်းဇယားမှတ်တမ်းဌာန၊ လေ့လာသုံးသပ်စောင့်ကြည့်ရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ရန် အရေးကြီးကြောင်း။

## ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေး

တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကု ဌာနများတွင် သုံးစွဲမှုများပြီး အာနိသင်ထက်မြက်သည့် ဆေးဝါးများကို ပိုမိုထုတ်လုပ်ဖြန့်ဖြူး ပေးသွားရမည်ဖြစ်ကြောင်း။

## မြန်မာလိုရေးသားစေလို

အာနိသင်ထက်မြက်သော ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် အလွန်အရေးကြီးသော ဆေးဝါးကုန်ကြမ်းဝယ်ယူရေးတွင်လည်း စံနှုန်းများ သတ်မှတ်၍ အဖွဲ့နှင့် တိုင်ပင်ဆွေးနွေး၍ ဝယ်ယူရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းဆေးဝါးများကို သေသပ်လှပအောင် ထုပ်ပိုးပြီး ဆေးအညွှန်းနှင့် လမ်းညွှန်ချက်များကို လူအများနားလည်အောင် မြန်မာလိုရေးသားစေလိုကြောင်း။

## သွားရောက်လေ့လာ

နိုင်ငံတကာ အဆင့်အတန်းမီ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ခေတ်မီနည်းစနစ်ဖြင့် တိုင်းရင်းဆေးဝါးများ ကျယ်ပြန့်စွာ ထုတ်လုပ်လျက်ရှိသော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံများသို့စေလွှတ်ပြီး သွားရောက်လေ့လာစေမည်ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးဝါးစက်ရုံကြီး ဆတက်ထမ်းပိုးအောင်မြင်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က အမှာစကားပြောကြားခဲ့ပြီး စက်ရုံမှူး ဒေါ်မီမီက တိုင်းရင်းဆေးဝါးစက်ရုံအကြောင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

## ဂုဏ်ပြုမှတ်တမ်းများပေးအပ်

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းဆေးဝါး စက်ရုံဖွင့်လှစ်လည်ပတ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့်ဝန်ထမ်းများနှင့် ပုဂ္ဂလိကတိုင်းရင်းဆေးဝါးကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

## တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေး

ဤကဲ့သို့ တိုင်းရင်းဆေးဝါးစက်ရုံကို ဖွင့်လှစ်လည်ပတ်နိုင်ခြင်းဖြင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ အစွမ်းအာနိသင်ထက်မြက်၍ အရည်အသွေးပြည့်ဝစွာဖြင့် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ပေးကာ ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရာတွင် အဓိကလိုအပ်ချက်ဖြစ်သော တိုင်းရင်းဆေးဝါးများကို ထောက်ပံ့ပေးလာနိုင်မည်ဖြစ်သည်။

## တက်ရောက်အမှာစကားပြော

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီတွင် တိုင်းရင်းဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးတက္ကသိုလ် အထူးအကြံပေးအဖွဲ့မှ တိုင်းရင်းဆေးတက္ကသိုလ်အား အလုံးစုံခြုံငုံ လေ့လာသုံးသပ်ခဲ့မှု အစီရင်ခံစာအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ရီရှင်းဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်၊ ဖိုက်အိုးရှင်း(စ်)ဆားဗစ်(စ်)လီမိတက် (ညိမ်းဆေးရုံ၊ မြို့တော်ဆေးရုံ) မိသားစုမှ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်းသည့် ကျပ်သိန်း ၁၈၅၀ တန်ဖိုးရှိ 16 slice CT Scan နှင့်အဆောက်အအုံပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ကျေးဇူးတင်အမှာစကားပြောကြားကာ အလှူရှင် ဒေါက်တာကြည်ရှင်နှင့် မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကချင်ပြည်နယ်ရှိ အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးသည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဦးမြင့်ဝင်း၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းတို့နှင့်အတူ မတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကချင်ပြည်နယ် အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံသည်။




ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး ကချင်ပြည်နယ် အခြေခံပညာရေးမိသားစုများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

### သင်ကြားသင်ယူမှုကောင်းမွန်စေရန်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ သွားရေး၊ လာရေးခက်ခဲသော ဒေသများ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် ပညာဆက်လက်သင်ယူခွင့်ရရှိရေးအတွက် စိတ်ရှည်စွာဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ (Grade-3) တတိယတန်းပြီးသော ကလေးတိုင်း မြန်မာစာဖတ်တတ်၊ ရေးတတ်ရေး၊ သင်္ချာတွက်တတ်ရေးနှင့် စဉ်းစား တွေးခေါ်မှုကိုအားပေး၍ သင်ယူပြီးရင်းသင်ယူချင်စိတ်ဖြစ်ပေါ်နေရေး သင်ကြားသင်ယူမှုကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းဖွံ့ဖြိုးရေး ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းစစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် အကျိုးရှိထိရောက်အောင် မိဘဆရာအသင်း၊ မိဘများနှင့် ပူးပေါင်းသုံးစွဲရန် လိုပါကြောင်း။

မြို့နယ်ပညာရေးမှူးများအနေဖြင့် ကျောင်းများ၏ လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏အခက်အခဲများကို ဂရုတစိုက်လေ့လာ၍ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ခြင်းများနှင့် စာကြည့်တိုက်များကို အားပေးဖြည့်ဆည်းဆောင်ရွက်စေလိုပါကြောင်း၊ ပညာရေး အရည်အသွေးကောင်းမွန်လာစေရေးအတွက် ဆရာ ဆရာမများသည် အလွန်အရေးကြီးပါကြောင်း၊ အရည်အချင်း ပိုကောင်းသူများကိုသာ တရားမျှတသောယှဉ်ပြိုင်မှုဖြင့် ဆရာ ဆရာမများအဖြစ် ခန့်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာဆရာမများ၊ဝန်ထမ်းများ၏ လစာ၊ခရီးစရိတ်၊ နေ့တွက်စရိတ်များ အပြည့်အဝရရှိရေး၊ ကျောင်းသုံးဖတ်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းလိုအပ်ချက်များအချိန်မီဖြည့်ဆည်းရေး၊ တတိယတန်း (Grade-3) ကျောင်းသုံးဖတ်စာအုပ်အသစ်များကို စတင်အသုံးပြုရန်အတွက် မူလတန်းပြဆရာ ဆရာမများအားလုံးနှင့် ဆဋ္ဌမတန်း(Grade-6) ကျောင်းသုံးဖတ်စာအုပ်အသစ်များကို စတင်အသုံးပြုရန်အတွက် အလယ်တန်းပြ ဆရာ ဆရာမများအားလုံး နွေရာသီသင်တန်း တက်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

### ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြင့်ဝင်းက ဝေးလံခက်ခဲဒေသဖြစ်သော ခေါင်လန်ဖူးဒေသပညာရေးအခြေအနေနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားပြီးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်ရိုးညွှန်းတမ်းသစ် စာအုပ်များ ပေးအပ်ရာ ခေါင်လန်ဖူးမြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ပညာရေးမှူး၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့ ဆက်လက်ကျင်းပ

**ပူတာအို မတ် ၁၉**

ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမနှင့် အ.ထ.က (ပူတာအို)တို့၌ စာပေဟောပြောပွဲနှင့် ကလေးစာပေ အလုပ်ရုံ ဆွေးနွေးပွဲများ၊ Team building Game ကစားပွဲများ၊ အရုပ်ဆက်နှင့် စကားလုံးဆက်ပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပြပွဲတွင် ပူတာအိုခရိုင်အတွင်းရှိ အခြေခံကျောင်းများမှ လာရောက်ဖျော်ဖြေသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ ဖူဆယ်ဘောလုံးကစားခြင်း၊ အလျားခုန်၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ပွဲတော်လာရောက် ဆင်နွှဲကြသူများက တစ်ခဲနက်အားပေးကြသည်။

### တပျော်တပါး ပါဝင်ဆင်နွှဲ

ထို့ပြင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စကားလုံးဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် အခြားပျော်ရွှင်ဖွယ်ရာ ကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အလားတူ ရဝမ်၊ လီဆူ၊ ဂျိမ်းဖောနှင့် တိုင်းခမ်းတီ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်၊ လူကုန်ကူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ ပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရှိ စားသုံးသူရေးရာ ဦးစီးဌာနပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးပေးခန်းများတွင်လည်း ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များ၊ ဆရာ ဆရာမများ၊ ပြည်သူများ စိတ်ဝင်တစား ဝင်ရောက်လေ့လာကြပြီး ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

### အာဟာရဒါနအဖြစ် ဝေငှ

ပွဲတော်သို့ လာရောက်ဆင်နွှဲသူများကို အလှူရှင်များက နေ့လယ်စာအဖြစ် ကချင်ရိုးရာထမင်းထုပ်၊ အချိုရည်နှင့် မုန့်များ အာဟာရဒါနအဖြစ် ဝေငှခဲ့သည်။

ပြိုင်ပွဲများနှင့် အားကစားပွဲများတွင် ဆုရရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲတွင် စောနဒီ(မြစ်ကြီးနား)က “ဘဝအလှ စာရသ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အကြီးကိုကို(ကသာ)က “အနာဂတ်ရဲ့ ကြယ်စင်အလင်းတန်း၊ စာပေအလင်းစကား နိုင်ငံ့အား”ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။

ထို့ပြင် စာပေဆွေးနွေးပွဲကို “စာကြည့်တိုက်များနှင့် စာဖတ်ခြင်းအကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဆရာသန်းဦး၊ ဆရာမ ဒေါ်နော်သောသီထူး(ဝေါလ်ကွန်ဆန်း)၊ ဆရာသိန်းနိုဗ္ဗာန်(လန်းတောင်)နှင့် ဆရာ ဆန်ဒေါင်းဖေရမ်တို့က ဆွေးနွေးကြပြီး တက်ရောက်နားထောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။

**လင်းဟန်ဇေ**






ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့တွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေစဉ်။

❒ *ကျော့ဖုံးမှ*

“မြေငလျင် ဆိုတာက ကာလမရွေး ဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေးတစ်ခု ဖြစ်ပါတယ်။ တခြားသော သဘာဝဘေးလို ကြိုတင် ခန့်မှန်းတွက်ချက်လို့လည်း မရပါဘူး။ ဘယ်အချိန် ဘယ်အခါ အင်အားဘယ်လောက်နဲ့ လှုပ်မယ်ဆိုတာ တိတိကျကျ ခန့်မှန်းတွက်ချက်လို့မရတဲ့ သဘာဝဘေးတစ်ခုဖြစ်တဲ့အတွက် ငလျင်ပြတ်ရွေ့ကြောတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ ပညာပေးတွေ၊ ဗဟုသုတတွေ၊ အချက်အလက်တွေ စုဆောင်းပြီး သိရှိနားလည်ထားမယ်။ ကိုယ်သိရှိထားတာတွေကို မိသားစုတွေ၊ အနီးပတ်ဝန်းကျင်ကသူတွေကို မျှဝေထားခြင်းအားဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်” ဟု မြေငလျင်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ယဉ်မျိုးထွေးက ပြောသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြေငလျင်သတင်းထုတ်ပြန်ချက် အရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံကုန်းတွင်းပိုင်း၌ မြေငလျင် ၆၉ ကြိမ်နှင့် ရန်ကုန်မြို့အောက်ဘက် အက်ဒမန်ပင်လယ်အတွင်းတစ်ကြိမ် စုစုပေါင်း ငလျင် အကြိမ် ၇၀ လှုပ်ခတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မြေငလျင် ၁၆၅ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း မြေငလျင်ဌာနခွဲမှ သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ယာယီမြေငလျင်စက်တပ်ဆင်ခြင်း၊ မြေငလျင်ဖြစ်နိုင်ခြေ အလားအလာရှိသည့် ဒေသများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသစ်(MNA)**




# Logistics ဆိုင်ရာ အဝေးကြည့်ဆောင်းပါးများ




မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် စတင်ထုတ်ဝေသည့် ဒေါက်တာမျိုးငြိမ်းအေး (ပို့ဆောင်ရေး)၏ Logistics ဆိုင်ရာ အဝေးကြည့်ဆောင်းပါးများ စာအုပ်ကို ယခုသီတင်းပတ်အတွင်း ကြယ်ပွင့်စာပေမှ စတင်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်သူများ၊ လူငယ်စီးပွားရေးသမားများ၊ စွန့်ဦးတီထွင်လိုစိတ်ရှိသော မျိုးဆက်သစ်လူငယ်များအတွက် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်ပြီး ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှု (Logistics) နှင့် ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုကို ဤစာအုပ်တွင် စုစည်းရေးသားတင်ပြထားသည်။

အဆိုပါစာအုပ်တွင် အပိုင်းနှစ်ပိုင်း ခွဲခြားထားပြီးအပိုင်း(က)တွင် ဖော်ပြထားသောဆောင်းပါး ခုနစ်ပုဒ်၌ မြန်မာနိုင်ငံ၏ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုအညွှန်းကိန်း (Logistics Performance Index – LPI) အခြေအနေ၊ Key Performance Indicators (KPIs) အတွက် သတိပြုရန်အချက်များ၊ Liner Shipping Connectivity Index (LSCI) မိတ်ဆက်တူညီစွာ စုဖွဲ့သယ်ယူပို့ဆောင်မှုစနစ်၊ လုပ်ငန်းဖြစ် မြောက်နိုင်စွမ်း လေ့လာမှု၊ လယ်ယာသီးနှံထုတ်ကုန်များ မြစ်ကြောင်းအသုံးပြု ပို့ဆောင်မှုနှင့် Logistics ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် Logistics ဆက်စပ်မှုအခြေအနေများကိုဖော်ပြထားသည်။

အပိုင်း (ခ)သည် စင်ကာပူနိုင်ငံ၏ ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုနှင့် ထောက်ပံ့ဖြည့်ဆည်း မှုကွင်းဆက်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုကို ဆောင်းပါးရှည်တစ်ပုဒ်အဖြစ် အခန်း ငါးခန်းခွဲကာ စုစည်းရေးသားတင်ပြထားသည်။

Logistics နှင့် Supply Chain ဆိုင်ရာ မြန်မာဘာသာဖြင့် ပြုစုထားသည့် စာအုပ်စာတမ်းများမှာ အတော်ပင်ရှားပါးလျက်ရှိရာ ဤစာအုပ်တွင် ပို့ဆောင်ရေးလုပ်ငန်းစဉ်များအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုနှင့် ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက် လုပ်ငန်းစဉ်များအတွက် ဗဟုသုတရဖွယ် အကြောင်းအရာများကို မြန်မာဘာသာဖြင့် ဖော်ပြထားရာ မြန်မာဘာသာဖြင့် လေ့လာလိုသူများအတွက် အဆင်ပြေချောမွေ့စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ **ထင်ပေါ်ဝင်း**

# ဆင်ပြုစုရေးနှင့် ဆင်ဘဝ (ပခုက္ကူစာပေဆုရ)

၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရရှိသည့် ကိုကိုညိမ်း(ကောလင်း)၏ "ဆင်ပြုစုရေးနှင့်ဆင်ဘဝ" စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိရောင်းချလျက်ရှိကြောင်းသိရသည်။

ဆင်တို့၏ အမူအကျင့်သဘာဝနှင့် လူသားအကျိုးပြုလုပ်ငန်းများအတွက် ဆင်များ၏အသုံးဝင်ပုံကို အချက်အလက်အထောက်အထားများဖြင့် ရေးသားထားပြီး နိုင်ငံ့ရတနာတစ်မျိုးဖြစ်သော ဆင်တို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ သတ်ဖြတ်ခြင်းများ မပြုဘဲတန်ဖိုးထားသင့်ကြောင်းကို ဗဟုသုတဖြစ်ဖွယ် တိုက်တွန်းရေးသားထားသဖြင့် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ် ဖြစ်သည်။

တစ်အုပ်လျှင် ငွေကျပ်၁၂၀၀ ဖြင့် ရောင်းချပေးနေပြီး အမှတ် ၅၂၉ - ၅၃၁ ကုန်သည် လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ




စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇ - ၃၄၁ ၄၆၈၁၊ ၈၆လမ်း ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂ - ၄၀၃၀၁၈၆ နှင့် အမြို့မြို့အနယ်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များ ထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁ ကုန်သည် လမ်းရှိစာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁ - ၂၄၉၀၃၁၊ ၀၁ - ၃၈၀၄၄၈ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။

# ဓာတုကင်းလွတ် အော်ဂဲနစ်ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးရေး




စိုက်ပျိုးသူလည်း ချမ်းသာ၊ စားသုံးသူလည်း ကျန်းမာစေလိုသော စာရေးသူ၏ စေတနာ ရည်ရွယ်ချက်ဖြင့် လက်တွေ့အသုံးချ စိုက်ပျိုးနိုင်သော "ဓာတုကင်းလွတ် အော်ဂဲနစ် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရေး" စာအုပ်ထွက်ရှိလာပြီဖြစ် သည်။

နေရောင် (စိုက်ပျိုးရေး တက္ကသိုလ်) ရေးသားထားပြီး အော်ဂဲနစ် နည်းပညာများ၊ သစ်သီးဝလံ စိုက်ပျိုးရေး၊ ဟင်းသီး ဟင်းရွက်စိုက်ပျိုးရေး၊ အော်ဂဲနစ်၏ အဓိက ဓာတ်ဆောင်ဖြစ်သော ဇီဝ မြေသြဇာ ပြုလုပ်နည်းများကို ကဏ္ဍခွဲကာ စုံစုံလင်လင်ဖြင့် လက်တွေ့လုပ်ဆောင်နိုင်သည်အထိ လမ်းညွှန် ပေးထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူတိုင်းအတွက် ဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး အစားအသောက်ကျန်းမာရေးကို အထူးအလေးထားသူများအတွက်ပါ ဖတ်သင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

ပထမအကြိမ်အဖြစ် ပါမောက္ခ ဒေါက်တာဦးသိန်းအောင်က ပုံနှိပ်ထုတ်ဝေ ခြင်းဖြစ်ပြီး ဒေါက်တာအောင်ကျော်မင်း၊ စရဏကုမ္ပဏီလီမိတက် မှ တစ်အုပ်လျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချပေးနေပြီ ဖြစ်သည်။

# သိန်းထွန်း (IR) ၏ ဆောင်းပါးပေါင်းချုပ်

ခေတ်သစ်ရွှေဖျဉ်းညီနောင် မဖြစ်စေလိုပါ လက်ရွေးစင်ဆောင်းပါးအပါအဝင် မြန်မာ့အလင်း၊ ကြေးမုံ၊ The Voice Daily သတင်းစာတို့တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် သိန်းထွန်း (IR) ၏ ဆောင်းပါးများကို ပေါင်းစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

လက်ရှိ လျှောက်လှမ်းနေသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို ရှုထောင့်မျိုးစုံက ဖမ်းယူဆုပ်ကိုင်ကာ ကမ္ဘာ့ရေးရာများဖြင့် ချိန်ထိုးပြီး သုံးသပ်ဆွေးနွေးပြထားသည့် စာရေးသူ၏ ခပ်ထက်ထက် စေတနာအတွေးနှင့် ခပ်ရဲရဲရေးထားသည့် စာပေလက်ရာများကို ကျေနပ်ဖွယ်ဖတ်ရှုရမည်ဖြစ်သည်။ အပြုသဘောဆောင် တွန်းအားပေးထားသော အရေးအသားများဖြစ်သဖြင့် နိုင်ငံ၏အရှေ့ကို ဦးဆောင်




နေသူများ၊ အနာဂတ်လူငယ်များ၊ နိုင်ငံ့အရေးကို ချစ်မြတ်နိုး စိတ်ဝင်စားသူတိုင်း ဖတ်သင့်သော စာအုပ်ကောင်း တစ်အုပ်ဟု လမ်းညွှန်ချင်ပါသည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးသော သူ၏ဆောင်းပါးလက်ရာများကို တစုတစည်းတည်း အားပါးတရ ဖတ်ရှုနိုင်မည့် အခွင့်အရေးလည်းဖြစ်ပါသည်။

ဆောင်းပါးပုဒ်ရေ ၅၇ ပုဒ် ပါဝင်ပြီး ကြယ်စင်စာပေမှ ထုတ်ဝေကာ တစ်အုပ် လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိပေးနေပြီဖြစ်သည်။

# ဝေရဲရဲ ကြွေရဲရဲ စေတနာပန်းပွင့်များ ကဗျာစုစည်းမှု (စာပေဗိမာန်စာမူဆုရ)




၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ခက်လှိုင်းကျော်၏ ဝေရဲရဲ ကြွေရဲရဲ စေတနာပန်းပွင့်များ ကဗျာစုစည်းမှု စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

ကဗျာပုဒ်ရေ ၉၀ ပါဝင်ပြီး လေးလုံး စပ်လင်္ကာ၊ ပျို့ တေးထပ်၊ အချိုးတွဲ၊ သံပေါက်၊ အိုင်ချင်း၊ ကာချင်း၊ လွမ်းချင်း၊ တျာချင်း၊ ရတု၊ ဝဲရိုက်ဝဲသွင်း၊ ရကန်၊ ဥသြသံချို၊ လေးချိုးကြီး၊ ရှစ်လုံးဖွဲ့ စသည့် ကဗျာ စပ်နည်းမျိုးစုံဖြင့် ရေးဖွဲ့ထားပြီး ရာသီဥတု၊ တောတောင် သဘာဝလုပ်ငန်းခွင်၊ ယဉ်ကျေးမှု၊ ပညာရေး၊ အတွေးအခေါ်၊ အမြင်အတွေ့၊ ဘဝဒဿန၊ တရားဓမ္မ စသည့် ကဗျာအမျိုးအစားများလည်း စုံလင်လှသဖြင့် ကဗျာချစ်ပရိတ်သတ်များအတွက် ဖတ်ရှုသင့်သောစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

တစ်အုပ်လျှင် ရောင်းဈေးငွေကျပ် ၂၂၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇.၃၄ ၁၄၆၈၁၊ ၈၆လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့အနယ်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# ရသပွင့်သစ် ရသဝတ္ထုတိုများ




အွန်လိုင်း မီဒီယာများ အားကောင်း ကြီးစိုးနေချိန်တွင် ရသစာပေကို ချစ်မြတ်နိုးသော စာဖတ်ပရိတ်သတ်များ အတွက် ရည်ရွယ်ကာ ရသစာပေချစ်မြတ်နိုးသူများအဖွဲ့မှ ပြုစုပျိုးထောင် ပေးလိုက်သော ရသစာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

ကလောင်စုံ ရေးသားထားသော ရသဝတ္ထုတို ၁၄ ပုဒ် ပါဝင်ပြီး ဝတ္ထုတို တစ်ပုဒ်ချင်းစီက မတူညီသော ရသတစ်မျိုးစီကိုပေးစွမ်းကာ စဖတ် လိုက်ပြီးသည်နှင့် လက်ကမချချင်အောင် ဆွဲဆောင်ထားနိုင်သော စာအုပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှင့် ပထမအကြိမ်အဖြစ် ကြည်ဇော်ဝင်း စာပေမှ ထုတ်ဝေဖြန့်ချိပေးနေပြီ ဖြစ်သည်။

မြန်မာ့အလင်း

# စာဖတ်ဝိုင်းများ ကျင်းပ

**ငဖဲ**

ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင်အချိန်ကို အကျိုးရှိစွာအသုံးချတတ်ရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် စဉ်းစားတွေးခေါ်မှု အယူအဆများထက်မြက်လာစေရန် ရည်ရွယ်၍ (၇၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိုအခြေခံပညာမူလတန်းဆင့်စာဖတ်ဝိုင်းနှင့် သချ်ာစွမ်းရည်ပြိုင်ပွဲကို မတ် ၁၉ရက်က ကျင်းပသည်။

မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ယုယုသိန်းက ပြိုင်ပွဲကျင်းပရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းခြင်းဂေဟာစာအုပ်ကို ကျောင်းသားကျောင်းသူများနှင့်အတူ စာဖတ်ဝိုင်းဆောင်ရွက်ပြီး စာထောက်-၃ ဒေါ်ကြည်ကြည်ဝင်းက သစ်ကောက်ပင်နှင့် သစ်ဖြောင့်ပင် စက္ကူပြဇာတ် ဇာတ်လမ်းအကြောင်းကို ကျောင်းသားကျောင်းသူများအား ပြောပြသည်။ **မယု(ငဖဲ)**

**မိုင်းရယ်**

စာဖတ်ရှိန်မြှင့်မားရေးနှင့် စာပေဖတ်ရှုမှုများတိုးပွားလာစေရန် ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းကို မတ် ၁၉ရက်က ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် စာရေးဆရာဒေါက်တာဖေမြင့်၏ ပြောတတ်ဆိုတတ်ပေါင်းသင်းတတ်တဲ့သူစာအုပ်ဖြင့် Book Club အဖွဲ့ဝင်များက စာဖတ်ဝိုင်းပြုလုပ်သည်။ စာဖတ်ဝိုင်းတွင် နှလုံးသားအတွက် နေရောင်ခြည်၊ ချီးမွမ်းလေ တိုးတက်လေ၊ သူတစ်ပါးအထင်အမြင်ကောင်းစေလိုလျှင် စသည့် အကြောင်းအရာများကိုဆွေးနွေးကြသည်။ **ခင်မာလာ**




**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံးနှင့် စာအုပ်စာပေချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်း၍ စာရေးဆရာဖေမြင့်၏ တန်ဖိုးထားအပ်သောအရာများ စာအုပ်နှင့်ပတ်သက်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို မတ် ၁၉ရက်က အဆိုပါဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပစဉ်။** မိုးလွင်ဦး(လှိုင်လင်)

# ရွှေတိဂုံစေတီတော် ၂၆၀၇ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် ၂၆၀၇ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော သံဃာတော် ၁၁၇ ပါးနှင့် သီလရှင် ၂၇ ပါး၊ စုစုပေါင်း ၁၄၄ ပါးတို့က ရင်ပြင်တော်တစ်ပတ် လှည့်လည်ဆွမ်းဆန်တော် အလှူခံရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ဝတ်အသင်းသူ အသင်းသားများနှင့် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူကြသည်။

**သတင်း-ဓာတ်ပုံ- ဇော်မင်းလတ်**



ရွှေတိဂုံစေတီတော် ၂၆၀၇ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူကြစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲ ၉၂၄ တွဲကို ယူရိုငွေ ၁၃၇ ဒသမ ၁၃၄ သန်းဖြင့်ရောင်းချနိုင်ခဲ့



မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်မျက်ရတနာများ ခင်းကျင်းပြသနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၉**

၂၀၁၉ ခုနှစ် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၉၂၄ တွဲကို ယူရိုငွေ ၁၃၇ ဒသမ ၁၃၄ သန်းဖြင့်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယမန်နေ့က ကျောက်စိမ်းအတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၉၀၉ တွဲကို ယူရိုငွေ ၄၆ ဒသမ ၇၃၅ သန်းဖြင့် ရောင်းချနိုင်ခဲ့သဖြင့် ယနေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၄၅၂၄ တွဲကို ရောင်းချရမှုမှ ယူရိုငွေ ၄၁၀ ဒသမ ၆၇၁ သန်း ရရှိကြောင်း သိရသည်။

(၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ ခင်းကျင်း ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၁၂ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၄၉ ဦး စုစုပေါင်း ရတနာကုန်သည် ၄၅၆၁ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပရတနာကုန်သည်အများအပြားတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း- အေးအေးသန့်**
**ဓာတ်ပုံ- ထိန်နန်နေ**



မြန်မာ့ ကျောက်မျက် ရတနာပြပွဲ နဝမနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းတွဲများအား အရည်အသွေး စစ်ဆေး နေကြစဉ်။

# နှစ်တိုင်း ဒီလိုပွဲတွေ ကျင်းပပေးရင် ကလေးတွေ သူတို့ရဲ့ အတွေးအခေါ်အသစ်အဆန်းတွေကို ဖော်ထုတ်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်

**ဒေါ်ဂျီးတောင်**

**ဒေါ်ဂွမ်ရိန်နန်၊**
**ရဝမ်လူမျိုး၊ (၅၈)နှစ်၊**
**ဒုတ္ထန်ရပ်ကွက် (ပူတာအိုမြို့)**

မအားတဲ့ကြားထဲက အမေကြီးရဲ့မြေးတွေကို ဒီပြပွဲ ပြခန်းတွေနဲ့ ပြိုင်ပွဲ တွေကို ပြဖို့ လာခဲ့တာပါ။ သူတို့ကြိုက်တဲ့ စာအုပ်တွေ ရော ဘာတွေရောဝယ်ပေးတယ်။ ဒီလိုမျိုး ပွဲလေးတွေ လုပ်ပေးတာ အတိုင်းထက် အလွန်တကယ့်ကို ဝမ်းသာပါတယ်။ အားရပါတယ်။ ဒီပူတာအိုမှာ လာလုပ်ပေးတာအလွန်ကို ကျေးဇူးတင်ပါတယ်။

**ဦးခေါင်ဖုန်**
**ဒေသခံ၊**
**လေယာဉ်ကွင်းရပ်ကွက်(ပူတာအို)**

အာရောဂျံ ပရမံ လာဘံ ဆိုတဲ့ ဆောင်ပုဒ်အရ ကျန်းမာခြင်းရဲ့ အရင်းအမြစ်နဲ့ သက်ဆိုင်တဲ့ ကျွန်တော်တို့ ဒေသကထွက်တဲ့ ဆေးစွမ်းကောင်းတွေကို လူတိုင်းသိရှိနားလည်ပြီး ကျန်းမာ သန်စွမ်းတဲ့သူတွေ ပေါ်ထွက်လာဖို့ ရည်ရွယ်ပြီး လာရောက်ရောင်းချတာပါ။

ဝေးလံခေါင်းပါးပြီး ဆေးဝါး လက်လှမ်းမမီတဲ့ တောင်ပေါ်ဒေသဖြစ်လို့ ဒေသက ထွက်တဲ့ သစ်မြစ်၊ သစ်ဖု၊ အရွက်တွေကိုပဲ အသုံးပြုရလောက်အောင် သဘာဝဆေးတွေကလည်း




ဒေါ်ဂွမ်ရိန်နန်



ဦးခေါင်ဖုန်



ဒေါ်ဂျီးတောင်



မနောယော်နာ (လီဆူတိုင်းရင်းသူ)

အစွမ်းထက်လှပါတယ်။ အကိုက်အခဲနဲ့ ရောင်ရမ်းနာကျင်မှုတွေ၊ ဝမ်းပျက် ဝမ်းလျှော၊ ယားယံမှုတွေအတွက် အစွမ်းထက်တဲ့ဆေးတွေလည်း ရှိပါတယ်။ ပယောဂနဲ့ ရာသီအလိုက်ဖြစ်တတ်တဲ့ ရောဂါတွေကိုလည်း ပြုစုကုသနိုင် ပါတယ်။ အဲဒီအထဲမှာမှ ဆေးလျှော်ပင်နဲ့ ရက်လုပ်ထားတဲ့ ဆေးလျှော်ချည်ထည်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဆေးလျှော်ပင်ကို အရွက်၊ ချည်၊ ဆေးဝါးနဲ့ ရိုးရာဝတ်စုံအဖြစ်လည်း အသုံးပြုကြပါတယ်။ ဆေးလျှော်ချည်ကို ဝတ်ဆင်ထားပြီး အသက်ရာကျော်ရှည်ရှည် နေနိုင်တဲ့ လူကြီးတချို့လည်း အခုအချိန်အထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်။

**ဒေါ်ဂျီးတောင်**
**ရုံးစီမံခန့်ခွဲရေးမှူး**
**ရှအမ်လူမှုဖွံ့ဖြိုးရေး**
**ဖောင်ဒေးရှင်း(မြစ်ကြီးနား)**

ကလေးတွေမှ မဟုတ်ဘဲ ကလေးမိဘတွေ၊ ကျောင်းဆရာ ဆရာမတွေ၊ ရပ်ကွက် လူကြီးမိဘတွေ အားလုံးလာရောက်ကြတဲ့အတွက် သူတို့အားလုံး စားသုံးသူနဲ့ ဆိုင်တဲ့ အသိပညာလေးတွေ၊ ကုန်ပစ္စည်းတစ်ခုခုနဲ့ ဝယ်ယူမယ်ဆိုရင် သူတို့ သတင်းအချက် အလက်လေးတွေ သိရှိအောင်၊ နေ့စဉ်နဲ့အမျှ အသုံးပြုနေတဲ့ အသုံးအဆောင်တွေမှာ သတိထားသင့်တဲ့ အသိပညာတွေ သိရှိအောင် ရည်ရွယ်ပြီးမှ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကျောင်းဆရာ ဆရာမတွေကိုယ်တိုင် စားသုံးသူ အသိပညာတွေ သိထားရင် သူတို့ကျောင်းစာသင်တဲ့အချိန်တွေမှာ အသိပညာတွေ ဝေငှပေးသင့်ပါတယ်။ အဲဒါဆိုရင် ပိုပြီးအကျိုးရှိနိုင်မှာပါ။ ကလေးတွေတင်မက အားလုံး အသိပညာ ရသွားစေမှာပါ။ နေ့စဉ်အသုံးပြုနေတဲ့ အစားအသောက် အသုံးအဆောင်တွေကို ဒီအတိုင်း ဝယ်ယူလိုက်တာပေါ့။ ဒါပေမယ့် အသိပညာပေးလိုက်တဲ့အချိန်တွေမှာ ထုတ်လုပ်တဲ့ရက်နဲ့ ကုန်ဆုံးတဲ့ရက်တွေ ကြည့်ပေးပါ။ ပြီးရင် ဘယ်အရာက ဆိုးဆေးတွေ အလွန်များနေတယ်ဆိုတာမျိုးတွေ၊ နောက်တစ်ခါ တစ်ခုခု သွားဝယ်မယ်ဆိုရင် ဒါတွေကို ကြည့်တတ်လာမှာ ဖြစ်ပါတယ်။ FDA ရဲ့ထောက်ခံချက်ပါ မပါ တွေကိုလည်း ကြည့်ပြီးမှ ဝယ်ယူတတ်လာမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ပူတာအိုမှာ ပထမဦးဆုံး လာလုပ်တဲ့ပွဲဖြစ်တဲ့အတွက် နှစ်တိုင်း ဒီလိုပွဲတွေ ကျင်းပပေးရင် ကလေးတွေအတွက် သူတို့ရဲ့ အတွေးအခေါ်အသစ်အဆန်းတွေကို ဖော်ထုတ်လာနိုင်တဲ့ ကလေးတွေ များလာမယ်လို့ မျှော်လင့်ပါတယ်။ ကျောင်းစာမှာဆိုရင် စာသင်တဲ့အရာ တစ်ခုပဲ ရှိတယ်။ စားသုံးသူရေးရာဦးစီးဌာနတွေနဲ့အတူ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်မယ်ဆိုပြီး ပိုပြီးအသိအမြင် ကျယ်လာနိုင်ပါတယ်။ သူတို့ရဲ့နေ့စဉ်ဘဝ စားသောက်နေထိုင်မှုတွေမှာ အကျိုးရှိလာနိုင်ပါတယ်။

**မနောယော်နာ(လီဆူတိုင်းရင်းသူ)**
**နဝမတန်း**
**အ.ထ.က(ခွဲ)နမ်ဟော့**

သမီးတို့က ဖျော်ဖြေရေးကဏ္ဍမှာ ပါဝင်ပါတယ်။ လီဆူတိုင်းရင်းသားအကနဲ့ ဖျော်ဖြေခဲ့ပါတယ်။ ဖျော်ဖြေရေးအတွက် နှစ်ပတ် သုံးပတ်လောက် ကြိုပြင်ဆင်ရပါတယ်။ ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မကြုံဖူးတဲ့အရာတွေလည်း သိရှိရပါတယ်။ သမီးတို့ လီဆူတိုင်းရင်းသားအကသာမက တခြားတိုင်းရင်းသားတွေရဲ့ ရိုးရာအကတွေကိုလည်း ကြည့်ရှုခံစားရတဲ့ အတွက် ပျော်ရွှင်ရပါတယ်။

**သတင်းနှင့် ဓာတ်ပုံ-ကျော်စိုးနိုင်(ရွှေကူ)**
**သန်းလွင်ဦး(မိုးကောင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ADB ချေးငွေဖြင့် အိန္ဒု- ကော့ကရိတ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ADB ချေးငွေဖြင့် အိန္ဒု-ကော့ကရိတ်လမ်း အပိုင်းအား CHINA ROAD AND BRIGDE CORPORATION (CRBC) မှ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား CRBC မှ တာဝန်ရှိသူက အိန္ဒုမြို့တွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စက်ယန္တရားများဖြင့် အောက်ခံ လမ်းသားအမာခံရရှိအောင် ခင်းကြိတ်နေမှု၊ နည်းပညာအသစ်ဖြင့် လမ်းအလွှာအလိုက် ခင်းကြိတ်နေမှုလုပ်ငန်းများအား ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ယာဉ်သွားလာမှုများပြားသောလမ်းအပိုင်းဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ခရီးသွားပြည်သူများယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် CRBC ရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက အိန္ဒု-ကော့ကရိတ် လမ်းအဆင့်မြှင့်တင်လုပ်ငန်းဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CRBC မှ လမ်း၊ တံတားလုပ်ငန်းများတွင် အသုံးပြုသည့် ကွန်ကရစ်ဖျော်စက်နှင့် Girder များ ကြိုတင်သွန်းလောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် အိန္ဒုမြို့တွင်း လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်

## ရခိုင်ပြည်နယ် ကျိန္တလီမြို့၌ မတ် ၂၃ ရက်မှ စတင်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိမည်

**ဂွ မတ် ၁၉**

ရခိုင်ပြည်နယ် ကျိန္တလီမြို့ရှိ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် မတ် ၂၃ ရက်မှ စတင်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိကြမည်ဖြစ်ကြောင်း ဂွမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ် ကျိန္တလီမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် ဂွမြို့ဓာတ်အားခွဲရုံမှ ကျိန္တလီမြို့သို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁၆ မိုင်) ကို တည်ဆောက်ပြီးစီးပြီဖြစ်ပါတယ်။ ဒါကြောင့် ကျိန္တလီမြို့မှ ရပ်ကွက် (၃) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာကို မတ် ၂၃ ရက်က စပြီး လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်" ဟု ဂွမြို့ လျှပ်စစ် အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်သူရိန်လင်းက ပြောသည်။

ထို့ပြင် ဂွမြို့ဓာတ်အားခွဲရုံမှ ကျိန္တလီမြို့သို့ ဓာတ်အားဖြန့်ဖြူးရာတွင် ဓာတ်အားလိုင်း တစ်လျှောက်ရှိကျေးရွာများကိုလည်း လျှပ်စစ်အန္တရာယ်ကင်းစင်စေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အသိပေးကြေညာခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောသည်။

ထို့အတူရခိုင်ပြည်နယ် စနဲမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကိုလည်းဆောင်ရွက်လျက်ရှိပြီး မတ်လကုန်တွင် လျှပ်စစ်ဓာတ်အားရရှိတော့မည်ဖြစ်ကြောင်း ဂွမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။ **မျိုးသူထွန်း**

## မှန်ကန်သော ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန် မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်း မိတ်ဆက်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၁၉**

မှန်ကန်သော ပြည်သူ့ဘက်တော်သားကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန် မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်များ မိတ်ဆက်ဆွေးနွေးပွဲကို မတ် ၂၃ ရက်နှင့် ၂၄ ရက်များတွင် ညနေ ၄ နာရီမှ ၇ နာရီထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

"ရန်ကုန်မြို့က ပြည်သူလူထုကို ဝန်ဆောင်မှုပေးနေတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဆိုတာ မြို့နေပြည်သူတွေအတွက် အင်မတန်အရေးကြီးပါတယ်။ ပြည်သူကိုယ်စားပြုပြီး ဆောင်ရွက်မယ့် ကော်မတီဝင်ခြောက်ဦးကို ပြည်သူတွေကနေ ရွေးချယ်တင်မြှောက်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့ ယခုရွေးကောက်ပွဲက အရေးကြီးပါတယ်။ အဲဒါကြောင့် ပြည်သူတွေဟာ ဒီရွေးကောက်ပွဲကို စိတ်ဝင်တစားနဲ့ မဲပေးဖို့၊ သူတို့ရဲ့ ကိုယ်စားလှယ်တွေကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့လိုတယ်"ဟု ပွဲစီစဉ်သူ ဦးမျိုးအောင်ထွေးက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကို မတ် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီးတွင် ရွေးကောက်ပွဲအား မဲဆန္ဒရှင်ပြည်သူများ ပိုမိုစိတ်ဝင်စားလာရန်၊ မဲပေးသည့် ရာခိုင်နှုန်းမြင့်မားလာရန်နှင့် မှန်ကန်သော ပြည်သူ့ကိုယ်စားလှယ်ကို ရွေးချယ်နိုင်ရန် ရည်ရွယ်၍ ယခုပွဲကိုကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

## တောင်သူနှီးနှောဖလှယ်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၉**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအခြေအနေများအပေါ်တွင် အပြန်အလှန်လေ့လာ သင်ယူခြင်းများနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့ပါဝင်သော တောင်သူနှီးနှောဖလှယ်ပွဲကို မတ် ၂၂ ရက် မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီထိ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုစိုက်ပျိုးရေးလေ့ကျင့်ရေးနှင့် သုတေသနသင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတွင် တောင်သူလယ်သမားများနှင့် ပညာရှင်များအကြား တောင်သူအကျိုးစီးပွားကာကွယ်ရေးကို ဆွေးနွေးလေ့လာခြင်း၊ လက်တွေ့ကျင့်သုံးနေသည့် တောင်သူများနှင့် ကျွမ်းကျင်ပညာရှင်များမှ ဂေဟစိုက်ပျိုးရေးနည်းလမ်းများကို ဟောပြောပို့ချခြင်း၊ သတင်းအချက်အလက်များ၊ ထင်မြင်ယူဆချက်နှင့် အတွေးအမြင်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မတ် ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်သည်။


**မိုး/ဇလ**

# လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းနှင့် မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့အား AA အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၁၉**

မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းနှင့် မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့အား ယမန်နေ့ညက မြို့နေပြည်သူလူထု၏ နေအိမ်များတွင် နေရာယူထားသည့် AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေလူထုအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ဆောင်ရွက်ပေးလျက်ရှိစဉ် မတ် ၁၈ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်တန်းအား AA အဖွဲ့က မြောက်ဦးမြို့အဝင်၌ မြို့နေပြည်သူလူထု၏ နေအိမ်များပေါ်မှ နေရာယူ၍ နာရီဝက်ခန့်ကြာသည်အထိ ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။




**မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးကို AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် နေရာပြမြေပုံ**



**AA အဖွဲ့က ပစ်ခတ်မှုကြောင့် လက်နက်ငယ်ကျည်ထိမှန်ခဲ့သည့် မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အဆောက်အအုံကို တွေ့ရစဉ်။**

အလားတူ AA အဖွဲ့သည် မြောက်ဦးမြို့နယ် ထမ္မရစ်ရပ်ကွက်ရှိ မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးအား ရပ်ကွက်အတွင်းရှိ မြို့နေပြည်သူလူထု၏ နေအိမ်များတွင် အကာအကွယ်ယူ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သောကြောင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

AA အဖွဲ့သည် ဒေသခံရခိုင်တိုင်းရင်းသားအများစု နေထိုင်သည့် မြောက်ဦးမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရှေးဟောင်းပုထိုးစေတီများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ၍ ရည်ရွယ်ချက်ရှိရှိဖြင့် အဖျက်အမှောက်လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

# မင်းသမီးလုပ်မလား မေးတဲ့အခါကျတော့ အဘွားတို့က ခပ်ငယ်ငယ်ဆိုတော့ လုပ်မယ်ပေါ့ ပြောလိုက်တာပဲ

## ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခင်နှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန် မတ် ၁၉

**၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို မေ ၂၃ ရက်၌ ချီးမြှင့်တော့မည်ဖြစ်သည်။ ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ The One Entertainment ၌ ကျင်းပမည့် မြန်မာ့ရုပ်ရှင်ဆု ထူးချွန်ဆုချီးမြှင့်ပွဲတွင် တစ်သက်တာရုပ်ရှင်ထူးချွန်ဆုကိုလည်း ရွေးချယ်ချီးမြှင့်ရန် ရှိနေသည်။ ၂၀၁၈ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုရရှိရန် ရေပန်းစားနေသည့် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခင်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။**

### ကျောင်းသူလေးတွေဆိုတော့ မင်းသားလာတယ်ဆို မုန့်စားလွှတ်တဲ့အချိန်ကျရင် ထွက်ကြည့်ကြတာပေါ့

ကျောင်းနေတဲ့အရွယ်ပေါ့။ ၁၅ နှစ်သမီးလောက်က စပြီး ဗိုလ်အောင်ကျော်လမ်းမှာရှိတဲ့ စိန်ပေါလ်ကျောင်းဝင်းထဲမှာရှိတဲ့ ကျောင်းမှာနေတာပေါ့။ ဆဋ္ဌမတန်း၊ သတ္တမတန်းလောက်မှာပေါ့။ အဲဒီ ဗိုလ်အောင်ကျော်လမ်းမှာ ရုပ်ရှင်မင်းသား ရဲမြင့်ဆိုတာ နေတယ်လေ။ အဲဒီမှာ မင်းသားကို ရုပ်ရှင်ကုမ္ပဏီကနေ ကားတွေနဲ့ လာလာကြိုတာပေါ့။ အဘွားတို့က အဲဒီမှာ ကျောင်းသူလေးတွေဆိုတော့ မင်းသားလာတယ်ဆို မုန့်စားလွှတ်တဲ့အချိန်ကျရင် ထွက်ထွက်ကြည့်ကြတာ။ သူတို့တွေကလည်း မုန့်စားလွှတ်တဲ့အချိန်လာပြီး ကလေးတွေနဲ့ မိတ်ဆက်ကြတယ်။ နင့်တို့ မင်းသမီးလုပ်မလား မေးတဲ့အခါကျတော့ အဘွားတို့က ခပ်ငယ်ငယ်ကလေးတွေဆိုတဲ့အခါကျတော့ အင်းလုပ်မယ်ပေါ့ ပြောလိုက်တာပေါ့။ တကယ်ကတော့ သေချာစိတ်ပါလက်ပါရှိလို့တော့ မဟုတ်ပါဘူး။ ဒီလိုပဲ ပေါ့ပေါ့တန်တန် ပြောလိုက်တာပါ။ အဲဒီတုန်းက အသံတိတ်ခေတ်လေ။ သူတို့နဲ့လည်း ခင်နေတာပေါ့လေ။ ကိုကျော်ဖေနဲ့ ပိုခင်တယ်။ မင်းသားရဲမြင့်ကို လာလာခေါ်တယ်ဆိုတော့လေ။ တစ်နေ့တော့ နင်တို့ တကယ်လုပ်မယ်ဆိုရင် ရီဟာဆယ်တွေဘာတွေ လုပ်ရမယ်ဆိုပြီး လာခေါ်တယ်။ လုပ်မယ်လေဆိုပြီး ကျောင်းဝတ်စုံလေးတွေနဲ့ပဲ လိုက်သွားတယ်။ ဟိုကျတော့ မြန်မာဝတ်စုံက မရှိဘူး။ မင်းသား မင်းသမီးတွေဆိုရင် ဟိုတုန်းက ကုမ္ပဏီက အကုန်လုံးချုပ်ပေးထားတာ။ အဘွားက တင်တင်မူ အင်္ကျီတွေဝတ်ပြီး ရီဟာဆယ်လုပ်ရတယ်။ အဲဒီလိုလုပ်ပြီး ပြန်လာတာ။ ကိုယ့်လည်း ခေါ်မယ်လို့ မထင်ဘူး။ နောက်တော့ ကိုကျော်ဖေက လာပြီး (အဘွားရဲ့ အင်္ဂလိပ်လို ကျောင်းနာမည်က ရီတာ) ရီတာရေတဲ့ သူ့ဒွေးက ခေါ်ခိုင်းလိုက်တယ်တဲ့။ ရုပ်ရှင်ရိုက်ရမယ်ဆိုပြီး ပြောတယ်။

### အမေက ကြည့်ပြီးတော့ နင့်ပုံလေးတွေနဲ့ တူလိုက်တာဟယ်တဲ့

အိမ်က အဲဒီအချိန်က အဲဒီအလုပ်တွေ လုပ်နေတာ မသိဘူးလေ။ ကျောင်းကနေ ခိုးခိုးပြီးတော့ သူငယ်ချင်းနဲ့ သွားသွားနေတာဆိုတော့။ ရုပ်ရှင်ကုမ္ပဏီကို ခေါ်သွားပြီးတော့ အဝတ်အစားတွေဘာတွေလဲပြီး ကြော်ငြာ ရိုက်ရတာ။ အဘွားအမေက ကြည့်ပြီးတော့ နင့်ပုံလေးတွေနဲ့ တူလိုက်တာဟယ်တဲ့။ ဒါနဲ့ မဟုတ်ပါဘူးဆိုပြီး ညာနေတာပေါ့။ နောက်ဆုံးတော့ ပေါ်တာပဲ။ ပေါ်တဲ့အခါကျတော့ အဘွားတို့ခေတ်တုန်းက အနုပညာကို အားပေးတဲ့လူတွေ သိပ်မရှိကြဘူးလေ။ အခုခေတ်လို အားပေးတဲ့သူတွေ အများကြီးမရှိဘူး။ အဘွားကလည်း အမေကို



ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မြင့်မြင့်ခင်

ကူညီချင်တဲ့စိတ်ရှိတော့ ဘာကားရိုက်မလဲဆိုတော့ ဒါရိုက်တာ ဦးအောင်ကြီးကနေ မာယာရှင်ဆိုတဲ့ အသံတိတ်ကား။ ဦးကျော်ဖေပါတယ်၊ ရဲမြင့်ပါတယ်၊ တင်တင်မြပါတယ်။ အဘွားက ဦးကျော်ဖေရဲ့ညီမလေး အခန်းကနေပေါ့။ အဲဒါ အသံတိတ်ခေတ်မှာ ပထမဦးဆုံး ဇာတ်ကား။ ဒုတိယမင်းသမီးပေါ့။ ကုမ္ပဏီကနေ ပုတ်ပြတ်ပေးတယ်။ ဆဋ္ဌမတန်းလောက်ကပေါ့။

### ပထမဦးဆုံး ရုပ်ရှင်လောကထဲ ရောက်လာတာပေါ့

အဘွားက ငယ်ငယ်က သူနာပြုဝါသနာပါတယ်။ ရုပ်ကွက်ထဲမှာ ပရဟိတသဘောမျိုး လိုက်ပြီးလုပ်တယ်။ အဲဒီကနေ ရန်ပုံငွေပွဲလုပ်ဖြစ်တယ်။ အဲဒီပွဲမှာ ချစ်ကရဏာဆိုတဲ့ ပြဇာတ်မှာ မင်းသမီးလုပ်ဖြစ်တယ်။ မြို့တော်ခန်းမကြီးမှာပေါ့။ ဒါရိုက်တာက ဦးအေးမြင့်။ အဲဒါ ပထမဦးဆုံး ပြဇာတ်ကတာပေါ့။ ဒါရိုက်တာ ဦးအေးမြင့်က သဘောကျပြီး သူစီစဉ်တဲ့ပြဇာတ်တွေမှာ ကခိုင်းတာ။ အဲဒါက ဇော်ရုံမှာ။ အဲဒါပထမဦးဆုံး ရုပ်ရှင်လောကထဲ ရောက်လာတာပေါ့။

### ပထမဆုံး စရတာတော့ ချစ်ညီမ

အကယ်ဒမီ ပထမဆုံးစရတာကတော့ ချစ်ညီမ။ မောင်မောင်စိုးရုပ်ရှင်ကနေ ပထမဆုံးရတာ။ ဒေါ်မေရှင်၊ ဦးဇေယျကြီး၊ ကိုမြင့်အောင်၊ ကိုကျော်ဖေပါတယ်။ အဲဒီမှာလည်း ဒေါ်မေရှင်ရဲ့ ညီမလေးအခန်းကနေ ပါရတာ။ အဲဒီအချိန်တုန်းကတော့ သရုပ်ဆောင်ဆိုပြီးပေးတယ်။ နောက်မှ ဇာတ်ပို့ဇာတ်ရံဆိုပြီး ဖြစ်လာတာ။

နောက်ထပ်ရတဲ့ အကယ်ဒမီကားကတော့ ဖြေလျှော့ခွေ၊ အဘွားက နှစ်နှစ်ဆက်တိုက် ရတယ်။ ညွှန့်မြန်မာရုပ်ရှင်က ဇာတ်ကား။ တတိယဇာတ်ကားက မုန်းပါတယ်မောင့်ကို။ ဝင်းဦးရိုက်တဲ့ကား။ ဒါရိုက်တာကတော့ ဝင်းဦးလို့ မတပ်ဘူးထင်တယ်။ စံရွှေမောင်လား မသိဘူး တပ်တယ်။ အဲဒီကားက တတိယအကြိမ်ရတာ။ သရုပ်ဆောင်နဲ့ပဲ။ စတုတ္ထအကြိမ်ကျတော့ မှတစ်ပါး အခြားမရှိပြီဆိုတာ။ အဲဒါကျတော့ ဆေးရောင်စုံတို့ ဘာတို့ ဖြစ်လာပြီ။ အဲဒီဇာတ်ကားမှာ အမေခန်းက စရိုက်ဖြစ်တာပေါ့။ အသက်က ၄၀ ကျော်၊ မင်းသမီးအရွယ်ပဲရှိသေးတာ။ ဒါရိုက်တာက ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ပေါ့။ အဘွားကလည်း စမ်းပြီးလုပ်ကြည့်ချင်တယ်လေ။ အဲဒါ အမေခန်းကစပြီး ဆင်းလုပ်တဲ့ ပထမဦးဆုံး ဇာတ်ကားပေါ့။ ဇာတ်ပို့ဆုရတယ်။ ပဥ္စမအကြိမ်ကျတော့ ဒါရိုက်တာ ဦးခင်ဇော်ရိုက်တဲ့ မြင်းမိုရ်တောင်ဦး မကကျူးစေသား ဇာတ်ကားနဲ့။ အဲဒါလည်း အမေခန်းကပဲ။ ဇာတ်လမ်းတော့ နည်းနည်းခပ်ဆင်ဆင်ပဲ။ အဲဒါက ပဥ္စမဆုပေါ့။

### စာရေးဆရာတွေကတော်တော့ အသံနဲ့လိုက်အောင် ရေးပေးကြတယ်

သီချင်းကလည်း အဲဒီအချိန်ကတည်းက ဆိုဖြစ်တာ။ အဘွားတို့တုန်းက ကိုယ်စားဆိုပေးမယ့်သူ မရှိဘူး။ ကိုယ်တိုင်ဆိုရတယ်။ အချိန်လည်း ပေးတယ်လေ။ သင်လည်းသင်ပေးတယ်။ မင်းသားမင်းသမီးတွေက အဲဒီတုန်းက လခစားများတယ်။ မြစ်ကြီးရောဝတီတို့၊ နပန်းဆံတို့ဆိုရင် ဇာတ်လမ်းထဲမှာဆိုတာများတယ်။ ဓာတ်ပြားကတော့ နည်းတယ်။ ရုပ်ရှင်ဇာတ်လမ်းထဲက သီချင်းကို ဓာတ်ပြားပြန်သွင်းတာပဲရှိတယ်။ ရိုးရိုးအပြင်မှာဆိုတာတော့ သိပ်မရှိဘူး။ ဟိုတုန်းက ဒါရိုက်တာတွေက ကိုယ်တိုင်ဆိုမှ ကြိုက်တယ်။ စာရေးဆရာတွေကတော်တော့ အသံနဲ့လိုက်အောင် ရေးပေးကြတယ်။

ခုလောလောဆယ်တော့ အဘွားနဲ့ အဆင်ပြေမယ့် အခန်းလေးတွေ တစ်ရက်စ နှစ်ရက်စ ရိုက်ဖြစ်တယ်။ အဘွားတို့ အရွယ်တွေက ဇာတ်လမ်းက ရှားသွားပြီးလေ။ တချို့တော့ သံယောဇဉ်နဲ့ခေါ်ပြီး ရိုက်တာလေးတွေ ရှိတယ်။ ရုပ်ရှင်အစည်းအရုံးမှာတော့ နာယကပေါ့။ အခု လက်ကျိုးသွားတာလည်း အကယ်ဒမီဘုတ်သွားထိုင်ရင်းနဲ့ ဖြစ်သွားတာ။ ခုနောက်ပိုင်း ကလေးတွေ အလွန်တော်တယ်။ ခုကတော့ အကယ်ဒမီနဲ့ ပတ်သက်ပြီး ချိပ်ပိတ်လိုက်ပြီပေါ့။ ကိုယ်ထင်ထားတဲ့ကားတွေ ရပါစေလို့ပဲ စိတ်ထဲမှာ တွေးမိတယ်။

### သူတို့သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့သူဆိုရင် ပေးမှာ

တစ်သက်တာဆုက သုံးခါရှိပြီ။ ပထမအကြိမ်က ဒါရိုက်တာ ဦးတင်ယု၊ ဒုတိယအကြိမ် ၂၀၁၇ ခုနှစ်အတွက် ဘဘဗိုလ်ကလေးတင့်အောင်၊ အခုအကြိမ်က ၂၀၁၈ ခုနှစ်အတွက် တတိယအကြိမ် ပေးမှာ။ သူတို့ သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့သူဆိုရင် ပေးမှာပေါ့။ ဒီလို အခမ်းအနားကြီးနဲ့ အကယ်ဒမီပေးပွဲမှာ စပေးတာတော့ မနှစ်ကမှ စပေးတာ။ နိုင်ငံတော်က အဘွားကို စည်သူဘွဲ့ ချီးမြှင့်တာ ၂၀၁၂ ခုနှစ်လောက်ကထင်တယ်။ ။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**





○ *ကျောဖုံးမှ*

ပြောင်းလဲအသုံးပြုပြီးမှ မြန်မာအသင်း တိုက်စစ်အသက်ဝင်လာပြီး ကွင်းလယ်ပိုင်း၏ ဖန်တီးပေးမှုလည်း ပိုကောင်းလာသည်။ ၅၆ မိနစ်တွင် အောင်သူ ဖန်တီးပေးမှုမှတစ်ဆင့် ငြိမ်းချမ်းအောင် ပယ်နယ်တီဧရိယာအတွင်း အနီးကပ်ကန်သွင်းခဲ့သော်လည်း တရုတ်(တိုင်ပေ) ဂိုးသမား ကာကွယ်နိုင်ခဲ့သလို ၅၈ မိနစ်တွင် အောင်သူအနီးကပ်ကန်သွင်းခွင့်ရခဲ့ရာ လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ မိနစ် ၇၀ နောက်ပိုင်းတွင် တရုတ်(တိုင်ပေ) အသင်း အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း မြန်မာ ဂိုးသမား ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

တရုတ် (တိုင်ပေ) အသင်းသည် နည်းပြသစ် လူးဝစ်လန်ကာစတာ လက်ထက်တွင် နိုင်ပွဲမရသေးဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၅ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

❊ *ကျောဖုံးမှ*

ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ ရှုပါခိုင်၊ လှယဉ်ဝင်း (မြဝတီ)၊ **ရှေ့တန်း-** ရီရီဦး(အား/ကာသိပ္ပံ)၊ ဝင်းသီရိထွန်း (မြဝတီ)၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)တို့ ပါဝင်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂိုးသမား မေသဇင်ထွန်းကို အပြီးသတ်လူစာရင်းမှ ချန်လှပ်ခဲ့သော်လည်း အသင်းတွင် ဆက်လက်ထားရှိကာ လေ့ကျင့်မှုပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအားလုံးအတွက် လေ့ကျင့်ပြင်ဆင်နေသောကြောင့် ကစားသမားများ လေ့ကျင့်မှုမပြတ်စေရန် အသင်းနှင့်အတူ ထားရှိခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဗီယက်နမ်နှင့် ခြေစမ်းပွဲ၊ ဧပြီတွင် ယှဉ်ပြိုင်ရမည့် အိုလံပစ်ခြေစစ်ပွဲအတွက် မတ် ၁၈ ရက်မှစ၍ မန္တလေးမြို့၌ စတင်လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲအဖြစ် မတ် ၂၀ ရက်၊ ၂၃ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစမ်းပွဲပြီးပါက အိုလံပစ်ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ရီးရဲတို့ မာနေးကို ခေါ်ယူလို

ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးအသင်းမှ ဆီနီဂေါကစားသမား မာနေး (၂၆နှစ်)အား နွေရာသီတွင် ခေါ်ယူလိုကြောင်း ပြင်သစ်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### ဟာဇက်အတွက် ကနဦးကမ်းလှမ်းမှု ချယ်လ်ဆီးပယ်ချ

ချယ်လ်ဆီးအသင်းသည် လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းမှ ဘယ်လ်ဂျီယံ တိုက်စစ်ကစားသမား ဟာဇက် (၂၈ နှစ်)အတွက် ကနဦးကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

### ဂျူဗင်တပ်စ်အသင်း အဲရစ်ဆင်အား ခေါ်ယူရန် အဆင်သင့်ရှိ

ဂျူဗင်တပ်စ်အသင်းသည် တော့တင်ဟမ်အသင်းမှ ဒိန်းမတ်ကစားသမား အဲရစ်ဆင် (၂၇ နှစ်)အား ရီးရဲမက်ဒရစ်အသင်းနှင့်အပြိုင် ခေါ်ယူသွားရန် အဆင်သင့်ရှိနေကြောင်း ကယ်လ်စီယိုမာတာကို၏ ဖော်ပြချက်အရ သိရသည်။

### အာဆင်နယ်အသင်း မာတင်နယ်လ်လီအား ခေါ်ယူရန် နီးစပ်လာ

အာဆင်နယ်အသင်းသည် အသင်းအများအပြားကခေါ်ယူရန် ပစ်မှတ်ထားနေသော ဘရာဇီးကလပ် Ituano အသင်းမှ အသက် ၁၇ နှစ်အရွယ် ဘရာဇီးတိုက်စစ်ကစားသမား မာတင်နယ်လ်လီအားခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

### ဘုန်းမောက်အသင်း မာဆွန်မွန့်အား ခေါ်ယူလို

ဘုန်းမောက်အသင်းသည် ဒါဘီကောင်တီအသင်းတွင် အငှားဖြင့်ကစားလျက်ရှိနေသော ချယ်လ်ဆီးအသင်းမှ အသက် ၂၀ အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား မာဆွန်မွန့်အား ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ရန်ကုန်မြို့၌ ဓာတ်ပုံမာရသွန်ပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် နိုင်ငံတကာအဆင့်မီ မြန်မာ့ဓာတ်ပုံမာရသွန်ပြိုင်ပွဲကြီးတွင် ငွေကျပ် သိန်း ၁၀၀ ကျော် ချီးမြှင့်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပတ်ရှိုင်ရယ် ဟိုတယ်၌ ကျင်းပသည့် Canon Photo Marathon Myanmar 2019 ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။ အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ မတ် ၃၀ ရက် နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။

"ကျွန်တော်တို့ မာရသွန်ဆိုတဲ့ စကားလုံးကို သုံးရခြင်းရည်ရွယ်ချက်က မာရသွန်ဆိုတာ တစ်နေ့တည်းနဲ့ပြိုင်ပြီး ပန်းဝင်တဲ့အဓိပ္ပာယ်ကိုယူပြီး ဓာတ်ပုံမာရသွန်ဆိုပြီးတော့ ကျင်းပတာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တဲ့နေရာမှာ ပြိုင်ပွဲဝင်မယ့်သူကိုယ်တိုင် လာရောက်ပြီး ယှဉ်ပြိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီနေ့မှာ ရိုက်တဲ့ပုံတွေ ဖြစ်ရမယ်။ ပြိုင်ပွဲခေါင်းစဉ်နှစ်ခုနဲ့ ကျင်းပမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီမနက်မှာ ပြောမှာဖြစ်ပါတယ်။ ရိုက်ကူးတဲ့နေရာမှာ ဖုန်းနဲ့ပါဝင်ယှဉ်ပြိုင်ခွင့် မရှိပါဘူး။ မည်သည့်ကင်မရာနဲ့မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ဦးသီဟဇော်က ပြောသည်။

အဆိုပါ ဓာတ်ပုံမာရသွန်ပြိုင်ပွဲသည် ၂၀၀၃ ခုနှစ်က စင်ကာပူနိုင်ငံမှာ စတင်ကျင်းပခဲ့ကာ အောင်မြင်မှုများရရှိပြီး ဟောင်ကောင်၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ ဝင်ရောက်လိုသူများသည် မတ် ၂၅ ရက် နောက်ဆုံးထား၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ Canonအရောင်းပြခန်းများတွင် ငွေကျပ် ၅၀၀၀ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဆုကြေးအဖြစ် ပထမ ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ Canon EOS 77D(18-135) Camera With Lens:၊ ဒုတိယ ငွေကျပ် ခုနစ်သိန်းခွဲတန်ဖိုးရှိ Canon EOS 1500D(18-55)၊ တတိယ ငွေကျပ် ငါးသိန်းခွဲတန်ဖိုးရှိ Canon EOS3000D (18-55) Camera with Lens: တို့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Grand Prize ဆုကိုလည်း သီးခြားချီးမြှင့်ပေးမည်ဖြစ်ကာ ဆုရရှိသူအနေဖြင့် ငွေကျပ် သိန်း ၅၀ ခန့်တန်ဖိုးရှိ EOS R(24-105) Camera With Lens: တစ်လုံးအပြင် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် Canon Photo Marathon Asia Championship ပွဲသို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။





ဆုချီးမြှင့်မည့် ကင်မရာများကို တွေ့ရစဉ်။

**သတင်းနှင့်ဓာတ်ပုံအာကာစိုး**

# မြိတ်မြို့၌ အချိန်အခါမဟုတ် လေပြင်းတိုက် မိုးသည်းထန်မှုကြောင့် နေအိမ် ၃၃ လုံး ပြိုကျ၊ ၂၃ လုံးပျက်စီး

**မြိတ် မတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စုတွင် မတ် ၁၈ ရက် ညနေ ၅ နာရီခန့်က အချိန်ခါမဟုတ် လေပြင်းတိုက်ခတ်၍ မိုးသည်းထန်မှုကြောင့် ကျေးရွာခြောက်ရွာတွင် နေအိမ် ၃၃ လုံး ပြိုကျခဲ့ပြီး ၂၃ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ပြိုကျခဲ့သည့် နေအိမ် ၃၃ လုံးမှာ လသာကျေးရွာတွင် လေးလုံး၊ ကင်းတပ်ကျေးရွာတွင်ရှစ်လုံး၊ ဘုရားကုန်းကျေးရွာတွင် ၁၂ လုံး၊ မွေ့ရှောင်ကျေးရွာတွင် ငါးလုံး၊ ချောင်းဝပြင်ကျေးရွာတွင် လေးလုံးပြိုကျခဲ့ပြီး ပျက်စီးခဲ့သည့်အိမ် ၂၃ လုံးမှာ လသာကျေးရွာတွင် ငါးလုံး၊ တုံးဗျောကြီးကျေးရွာတွင် လေးလုံး၊ ဘုရားကုန်းကျေးရွာတွင် သုံးလုံး၊ ကင်းတပ်ကျေးရွာတွင် ငါးလုံး၊ မွေ့ရှောင်ကျေးရွာတွင် ခြောက်လုံးပျက်စီးခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးထံမှ သိရသည်။



လေပြင်းတိုက်မှုကြောင့် ပြိုကျပျက်စီးနေအိမ်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ခိုင်ထူး(ပြန်/ဆက်)

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြို ကျ/ပျက်စီးသွားသည့် မိသားစုဝင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၇၃ ဦး တို့အား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်မျိုးမြင့်က ဆန်အိတ်ငါးအိတ် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယင်းပြို ကျ/ပျက်စီးခဲ့သည့်နေအိမ်တွင် နေထိုင်သည့် မိသားစုဝင်များသည် ၎င်းတို့၏ နီးစပ်ရာ ဆွေမျိုးများ အိမ်သို့ယာယီရွှေ့ပြောင်း နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးခြင်း မရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု တန်ဖိုးအား စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ် ၁၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျခဲ့သည့်နေအိမ် ၃၃ လုံး အတွက် တစ်လုံးလျှင် ငွေတစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၃ သိန်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့်နေအိမ် ၂၃ လုံး အတွက် တစ်အိမ်လျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁၅၀၀၀၀ နှင့် လူဦးရေ ၂၇၃ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် တစ်ပတ်စာ ငွေကျပ် ၅၇၃၃၀၀နှင့် ဆန်အပါအဝင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးအား လူဦးရေ ၂၇၃ ဦးအတွက် တစ်ပတ်စာ ပေးအပ်ခဲ့ကြောင်း မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# မြို့နယ်များ၌ မီးလောင်မှုများဖြစ်

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် တိုးချဲ့(၃)လမ်းတွင် မတ် ၁၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ နေအိမ်ခြောက်လုံး မီးလောင်ခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် တိုးချဲ့(၃)လမ်းနေ ဦးမျိုးကျင်၏ နေအိမ်အနောက်ဘက်အခန်းရှိ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် ဝါးထရံကို မီးကူးစက်လောင်ခဲ့ရာမှ အိမ်နီးချင်းနေအိမ်များသို့ မီးကူးစက်လောင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများနှင့်အတူ ဒေသခံပြည်သူများက မီးငြှိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် မီးဘေးသင့်အိမ်ထောင်စုခြောက်စု၊ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၁ ဦးတို့အား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ ချောင်းကြီး ဘုန်းတော်ကြီးကျောင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး မီးပေါ့ဆစွာ အသုံးပြုသူ ဦးမျိုးကျင်အား တနင်္သာရီမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



တနင်္သာရီမြို့ချောင်းကြီးရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

**လှိုင်ကော်**

လှိုင်ကော်မြို့နယ် ထေးငှားလျားကျေးရွာ အုပ်စု (၄) အိမ်အမှတ် ၇၂ ဦးရီရယ်၏ နေအိမ်၌ မတ် ၁၉ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြကြိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မီးငြှိမ်းသတ်ရေးယာဉ်များဖြင့် မွန်းတည့် ၁၂ နာရီတွင် မီးငြှိမ်းနိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုမှာ နေအိမ်၌ ထင်းမီးဖို၏ မီးကြွင်းမီးကျန်မှ ကူးစက်လောင်ပြီး လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း အိမ်ရှင် ဦးရီရယ်အား လှိုင်ကော် မြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုစိုင်း (လှိုင်ကော်)**

**ပခုက္ကူ**

ပခုက္ကူမြို့နယ် ကမ္မမြို့အမှတ်(၁၁)ရပ်ကွက်နေ ဦးမျိုးထွန်းသည် မီးကြွင်းမီးကျန်များ မငြှိမ်းသတ်ဘဲထားရာမှ ထန်းလက်မိုး၊ ထန်းလက်ကာတဲ မီးလောင်ခဲ့ပြီး မီးလောင်မှုကြောင့် ယာတဲပိုင်ရှင်ဖြစ်သူ ဦးမြင့်ထွန်းမှာ မီးလောင်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ကမ္မနယ်မြေရဲစခန်းက ဦးမျိုးထွန်းကို အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ပခုက္ကူခရိုင်(ပြန်/ဆက်)**

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရွှေဘိုမြို့နယ် မီးသတ်စခန်း၏ အရှေ့ဘက် (၇) မိုင်ခန့်ကွာဝေးသော တကန်သာကျေးရွာနေ ဦးဖိုးသင်း၏ တဲမီးလောင်မှုဖြစ်ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုမှာ ဦးဖိုးသင်း၏ မြေစိုက်တဲ မီးဖိုမီးကြွင်း မီးကျန်မှ မီးစတင်လောင်ခဲ့ပြီး အနီးရှိ မြေစိုက်တဲငါးလုံးသို့ မီးကူးစက်လောင်ကာ ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

**လှိုင်သာယာ**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ဦးပုညလမ်းရှိ အမှတ်(၇၀၅/ခ)တွင် အိမ်ငှားနေထိုင်သော ကျောင်းဆရာမ ဒေါ်ကေသီဆွေ၏ နေအိမ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသားများအား ဘုရားဖူးပို့ဆောင်နေစဉ် မတ် ၁၉ ရက် ညနေ ၆ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားခဲ့ရာ ရပ်ကွက်ပြည်သူနှင့် အချိန်မီရောက်ရှိလာသော မီးသတ်တပ်ဖွဲ့ဝင်တို့ကြောင့် ရပ်ကွက်အား မီးကူးစက်လောင်မှုကို အချိန်မီတားဆီးနိုင်ခဲ့ကြောင်း သိသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ Level 1 အဆင့်ဖြင့် ငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၅၈ မိနစ်တွင် မီးထိန်းနိုင်ပြီး ည ၇ နာရီတွင် မီးငြိမ်းခဲ့သည်။မီးလောင်မှုကြောင့် နေအိမ်အတွင်းပိုင်း ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်ရခြင်းအကြောင်းရင်းကို မီးသတ်ဦးစီးဌာနမှ စစ်ဆေးစုံစမ်းလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။ **၁၆၄**

# ပခုက္ကူမြို့နယ်အတွင်း ဆိုင်ကယ်ခြောက်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ပခုက္ကူမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးနှင့် ဒုရဲအုပ်ဝေလင်းဇော်ဦးတို့ ပူးပေါင်းအဖွဲ့သည် ခိုးမှုများဖော်ထုတ် ဖမ်းဆီးရမိရေး မြို့နယ်များရှိ ရဲစခန်းများနှင့် ချိတ်ဆက်ခြင်းကို မတ် ၃ ရက်က အောင်လံမြို့နယ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ လောင်လံ မြို့နယ် ပြလိုကျေးရွာတွင် ဖိုးခွား(ခ)မျိုးအာကာ၊ အောင်မျိုးသူ၊ ကျော်လင်းထက်တို့သုံးဦးအား ဟွန်ဒါကလစ် ၁၂၅ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းဆိုင်ကယ်သည် လွန်ခဲ့သော သုံးလခန့်က ပခုက္ကူမြို့ အမှတ်(၁၁) ရပ်ကွက် မုန့်လုံးတောင်ဘုရား၌ ခိုးယူခဲ့သည့် ဆိုင်ကယ်ဖြစ်ပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်များအရ ပခုက္ကူမြို့နယ် အတွင်းမှ ခိုးယူခဲ့သည့် ဆိုင်ကယ်ငါးစီး အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ပခုက္ကူမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

**မောင်လူမော်**

# တောင်ငူ၊ မြောင်းမြ၊ ရေတာရှည်နှင့် နောင်ချိုမြို့နယ်တို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လေကြောင်းရန်ကာကွယ်ရေး တပ်ရင်းနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက်က တောင်ငူမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း၌ တရားမဝင် သစ်စက်အင်ဂျင်နှစ်လုံး အပါအဝင် ဆက်စပ်ပစ္စည်းများနှင့် တရားမဝင်ကျွန်း၊ ပျဉ်းကတိုးသစ် ၃၂ လုံး (၈ ဒသမ ၉၃၆) တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်အတွင်း မတ် ၁၆ ရက်က ရှာဖွေစစ်ဆေးရာ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာရှိ ချွေးလေးချောင်းအတွင်း၌ တရားမဝင် တောင်သရက်ခွဲသား ၅၂ ချောင်း(၇ ဒသမ ၂၆၂၂) တန် ဖမ်းဆီးရမိပြီး ယင်းနေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် အမှတ်(၁၆၁/၁)နှင့် (၁၆၁/၂)ကြား နေရာ၌ Hi Ace ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား ၃၆ ချောင်း (၄ ဒသမ ၅၁၅၄) တန် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် မတ် ၁၈ ရက်က ကျောင်းကုန်းကျေးရွာ အနောက်တောင်ဘက် တောစပ်နေရာ၌ တရားမဝင်သစ်မာသစ်လုံးမျိုးစုံ ၁၆၅ လုံးနှင့် ကန့်ကော်-ဉယျာဉ်ရွာသွားလမ်းအနီး လျှိုအတွင်း၌ တရားမဝင် ပိတောက်ခားရွေ ခန့်မှန်းအတုံး ၁၂၀ ခန့်တို့အား (ပိုင်ရှင်မဲ့)ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ပြင်ဦးလွင်မြို့၌ အရက်သေစာသောက်စားမူးယစ်ပြီး ဓားကိုင်သောင်းကျန်းသူအား အမှုဖွင့်အရေးယူထား

**ပြင်ဦးလွင် မတ် ၁၉**

ပြင်ဦးလွင်မြို့မရဲစခန်းမှ နယ်ထိန်း ရဲတပ်ကြပ်ကြီး မောင်ဌေးဦးစီးအဖွဲ့သည် မတ် ၁၆ ရက် ညသန်းခေါင်ကျော်တွင် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရပ်ကွက်ကြီး ၈၊ ပြည်သာယာလမ်းမ၏ အရှေ့တောင်ဘက် (၂)မိုင်ခန့်အကွာတွင် အရက်သေစာသောက်စားမူးယစ်ပြီး ဓားရှည်တစ်ချောင်းအား ကိုင်ဆောင်သောင်းကျန်းနေသူ ပြင်ဦးလွင်မြို့နေ ကျော်သူရ(ခ) ဖိုးပြောင်(၂၆ နှစ်)အား တွေ့ရှိသဖြင့် ဖမ်းဆီးပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၉**

မောင်တောမြို့နယ် နတ်မြစ်အတွင်း တပ်မတော်မှ မတ် ၁၈ ရက် နံနက်ပိုင်းက လှည့်ကင်းဆောင်ရွက်နေစဉ် လှေတစ်စင်းနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တပ်မတော်မှ မောင်တောမြို့နယ် နတ်မြစ်အတွင်း ယမန်နေ့ နံနက် ၆ နာရီ ၄၅ မိနစ်က လှည့်ကင်းဆောင်ရွက်နေစဉ် ဇီးပင်ချောင်းအနီးတွင် အမျိုးသားသုံးဦး လှော်ခတ်နေသည့် လက်ခတ်လှေတစ်စင်းအား တွေ့ရှိ၍ စစ်ဆေးရန် ခေါ်ယူရာ နှစ်ဦးမှာ ထွက်ပြေးသွားပြီး အဘူဆီးဒီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၀ - "နှောင်းခေတ်ရွှေတိဂုံ သမိုင်းမှသည် ယနေ့ခေတ်ရွှေတိဂုံစေတီ"
၇း၀၀ - Breakfast News
၉း၁၅ - သ.စ.အ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက၊ ပဏ္ဍိတဘဒ္ဒန္တကေသရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူ ဆောက်တည်ခြင်း
၁၂း၃၀ - ဒွါဒသမတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင်အဘိဇာတာလင်္ကာရာဘိဝံသ (စစ်ကိုင်းဆရာတော်) ဟောကြားတော်မူသော "ဆင့်ကဲဆင့်၍မြင့်ပါစေ" တရားတော်
၁၄း၅၀ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)

**ညပိုင်း**

၁၆း၃၅ - "ထူးခြားအံ့ဖွယ်လိုဏ်ဂူများနှင့် ယဉ်ကျေးမှု အနုလက်ရာစုံစွာ ဖားစည်မြေမှာ"
၁၈း၂၀ - Road to Academy(2)
၁၉း၁၅ - "ကာဠုဒါယီ မထေရ်လျှောက်ထားခန်းနှင့် မြတ်စွာဘုရား ကပိလဝတ်သို့ ကြွချီတော်မူခန်း"
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - "ခါနွေဆန်းစတပေါင်းလ"
- ဂီတသမား၊ ဂီတစကား "အောင်ခြင်းရှစ်ပါး ရှင်းတမ်း" ဆွေးနွေးသူ-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်

# အထောက်အထားမဲ့ပစ္စည်းများ တွေ့ရှိဖမ်းဆီး

**နေပြည်တော် မတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကျိုက်ထိုမြို့နယ် ခလွန်ကျေးရွာမြောက်ဘက် ကွမ်းခြံအနီးလမ်းဘေးတွင် စုပုံထားသော တရားမဝင် ပိတောက်ခွဲသားကို လည်းကောင်း၊ Dong Feng ယာဉ်တစ်စီး၊ Chang Long ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Diablo Beer၊ Spy Wine၊ Sugar နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈ ဒသမ ၆၀၂ သန်းအား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဧပြီ ၁၁ တွင် စတင်မည့် ရွေးကောက်ပွဲအတွက် နေရူး-ဂန္ဒီမျိုးဆက် ဝင်ရောက်ယှဉ်ပြိုင်

နယူးဒေလီ မတ် ၁၉

**အိန္ဒိယနိုင်ငံ၏ ကျော်ကြားလှသော နေရူး-ဂန္ဒီမျိုးဆက်ဖြစ်သည့် ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ၏ မြေးဖြစ်သူ ပရီယန်ကာ ဂန္ဒီဗာဒရာသည် နိုင်ငံရေးလောကတွင် ပါဝင်လာကြောင်း သိရသည်။ ၎င်းသည် ကွန်ဂရက်ပါတီအတွက် မဲဆွယ် ရန် ဂင်္ဂါမြစ်ကြောင်းအတိုင်း သုံးရက်ကြာ သင်္ဘောဖြင့် ထူးထူးခြားခြား သွားရောက်မဲဆွယ်သည့်ခရီးစဉ်ကို မကြာသေးမီက စတင် လိုက်သည်။**

ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံကို နှစ်ပေါင်း ၅၀ နီးပါး အုပ်ချုပ်လာခဲ့သည်။ သို့သော်လည်း လက်ရှိ အာဏာရပါတီ ဘီဂျေပီမှ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီကို အနိုင်ရပါ့မလားဆိုသည့် မေးခွန်းထုတ်နေသူများလည်းရှိကြောင်း သိရသည်။

ကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီ၏ အစ်မဖြစ်သူ အသက် ၄၇ နှစ်အရွယ် ပရီယန်ကာ ဂန္ဒီဗာဒရာသည် လွန်ခဲ့သည့် နှစ်လခန့်က နိုင်ငံရေးလောကသို့ ဝင်ရောက်လာသူဖြစ်သည်။ ကွန်ဂရက်ပါတီသည် ၂၀၁၄ ခုနှစ်တွင် လွှတ်တော်၌ အမတ်နေရာ ၅၄၃ နေရာရှိသည့်အနက် ၄၄ နေရာသာရရှိခဲ့ပြီး ရှုံးနိမ့်ခဲ့သော ကြောင့် ရှေ့လတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေး ကြိုးပမ်းနေကြောင်း သိရသည်။

ကွန်ဂရက်ပါတီသည် ဘီဂျေပီပါတီ၏ အမာခံမဲဆန္ဒနယ် သုံးခုတွင် အနိုင်ရရှိခဲ့သည့်အတွက် အားတက်နေကြသည်။ ဗာဒရာသည် အိန္ဒိယနိုင်ငံတွင် ၁၇ နှစ်ကြာခေါင်းဆောင်ခဲ့သည့် အဘွားဖြစ်သူ အင်ဒီရာ ဂန္ဒီကဲ့သို့ လူထုကိုစွမ်းဆောင်နိုင်သူဖြစ်သလို မိုဒီ၏ အမာခံနယ်မြေများတွင် မဲဆွယ်မှုများကို စတင်နေကြောင်းလည်း သိရသည်။

၎င်း၏ခရီးစဉ်သည် ဗာရာဏသီတွင် အဆုံးသတ်မည်ဖြစ်သော်လည်း လွန်ခဲ့သည့်သီတင်းပတ်က မိုဒီ၏ ဂူဂျာရတ်ပြည်နယ်တွင် လူထုစည်းဝေးပွဲလုပ်ခဲ့သည်။ ထို့အပြင် ဥတရာပရာဒေ့ရှ်ပြည်နယ်သည် လွှတ်တော်အမတ် ၈၀ ကျော် ရွေးကောက်တင်မြှောက်ရမည့် ပြည်နယ်ဖြစ်သည့်အတွက် နိုင်ငံရေးတွင် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်သည်။ အဆိုပါပြည်နယ်တွင် ၎င်း၏မိခင် ဆိုနီယာဂန္ဒီနှင့် ၎င်း၏မောင်ဖြစ်သူ ရာဟူးလ်ဂန္ဒီတို့လည်း ဝင်ရောက်အရွေးခံခဲ့ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်များတွင် အဆိုပါပြည်နယ်သည် ကွန်ဂရက်ပါတီ ကြီးစိုးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဘီဂျေပီပါတီသို့ ပြန်လည် ရောက်ရှိခဲ့သည်။

၎င်းသည် လက်ရှိအစိုးရလက်ထက်တွင် အလုပ်အကိုင်မဲ့ နေသည့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရအောင်လုပ်ပေးမည်ဆိုကာ မဲဆွယ်ခဲ့သည့်အပြင် ဆင်းရဲသား များကြုံတွေ့နေရသော ပြဿနာများကိုလည်း ဖြေရှင်းရန် ဟောပြောမှုများ လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် ရက်သတ္တပါးပတ်ကြာ ပြုလုပ်မည့် ရွေးကောက်ပွဲများကို ဧပြီ ၁၁ ရက်တွင် စတင်တော့မည်ဖြစ်သည်။ မကြာသေးခင်က အိန္ဒိယနှင့် ပါကစ္စတန်ကြား ပဋိပက္ခများတွင် ကောင်းမွန်သည့် ခေါင်းဆောင်မှုများ ပေးနိုင်သူအဖြစ် မိမိကိုယ်မိမိဂုဏ်ယူနေသည့် မိုဒီကို အနိုင်ရရှိရန် ကွန်ဂရက်ပါတီက ကြိုးစားနေသည်။

**အေအက်ဖ်ပီ**



ဧပြီ ၁၁ တွင် စတင်မည့် ရွေးကောက်ပွဲအတွက် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးနေသော နေရူး-ဂန္ဒီမျိုးဆက် ပရီယန်ကာ ဂန္ဒီဗာဒရာ



အစ္စရေးနိုင်ငံတောင်ပိုင်း ပင်လယ်နီအပန်းဖြေမြို့ဖြစ်သည့် အီလတ်မြို့တွင် တည်ရှိသော အီလတ်လေဆိပ်ကို တွေ့ရစဉ်။

# အစ္စရေးနိုင်ငံတောင်ပိုင်းရှိ လေဆိပ်တစ်ခုအား ရာသက်ပန်ပိတ်သိမ်း

**တဲလ်အဗစ် မတ် ၁၉**

အစ္စရေးနိုင်ငံတောင်ပိုင်း ပင်လယ်နီအပန်းဖြေမြို့ဖြစ်သည့် အီလတ်မြို့တွင် တည်ရှိသော အီလတ်လေဆိပ်အား မတ် ၁၈ ရက်က အပြီးအပိုင်ပိတ်သိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးလေကြောင်းလိုင်းမှ လေယာဉ်အမှတ် ၄၄၄ သည် အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ တဲလ်အဗစ်မြို့သို့ ၅ နာရီ ၅၅ မိနစ်တွင် နောက်ဆုံးပျံသန်းခဲ့ပြီးနောက် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အီလတ်လေဆိပ်၏ နှစ် ၇၀ ကြာလုပ်ငန်းလည်ပတ်မှုများ အပြီးတိုင် ရပ်ဆိုင်းခဲ့သည်။

နောက်ဆုံးလေယာဉ်ထွက်ခွာသွားပြီးနောက် လေဆိပ်ဝန်ထမ်းများသည် လေဆိပ်ပိတ်သိမ်းခြင်းအထိမ်းအမှတ်တစ်ခု လုပ်ခဲ့ကြောင်း သိရသည်။

အီလတ်လေဆိပ်သည် ဘန်ဂူရီယန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တဲလ်အဗစ်မြို့ရှိ ဆက်ဒေါ့ဗ်လေဆိပ်သို့ သွားရောက်သည့် ပြည်တွင်းလေကြောင်းလိုင်းများအတွက် အသုံးပြုခဲ့သည့်အပြင် ဆောင်းရာသီတွင် ပူနွေးသော အီလတ်မြို့သို့ ဥရောပမှ လာရောက်သည့် ဧည့်သည်များ၏ နိုင်ငံတကာလေကြောင်းလိုင်းများအတွက်လည်း အသုံးပြုခဲ့ကြောင်း သိရသည်။

အီလတ်မြို့မြောက်ဘက် ၁၉ ကီလိုမီတာခန့်ရှိ လေဆိပ်အသစ်ဖြစ်သည့် ရာမွန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဖွင့်လှစ်ပြီး နှစ်လအကြာတွင် လေဆိပ်ဟောင်းအား ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မိုဇမ်ဘစ် မုန်တိုင်းကြောင့် သေဆုံးသူ ၁၀၀၀ ကျော်ခန့်ရှိနိုင်


**မာပူတို မတ် ၁၉**

လွန်ခဲ့သော သီတင်းပတ်အတွင်း မိုဇမ်ဘစ်နိုင်ငံတွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်း မုန်တိုင်းကြောင့် သေဆုံးသူအရေအတွက်မှာ ၁၀၀၀ ကျော်ခန့် ရှိလာနိုင်ပြီး အိမ်နီးချင်းဇင်ဘာဘွေနိုင်ငံတွင် လူပေါင်း ၂၀၀ ကျော် ပျောက်ဆုံးလျက်ရှိသည်။ မိုဇမ်ဘစ်နိုင်ငံ ဘီရာမြို့တွင် ကြောက်မက်ဖွယ်လေပြင်းများ တိုက်ခတ်ခဲ့ပြီး ရေကြီးမှုများကြောင့် လမ်းများနှင့် နေအိမ်များပျက်စီးခဲ့ရသည်။

သေဆုံးသူအရေအတွက်ကို ၈၄ ဦးဟု တရားဝင်စာရင်းသွင်းထားသော်လည်း အဆိုပါဒေသသို့ ရောက်သည့်အခါ သေဆုံးသူဦးရေမှာ လူပေါင်း ၁၀၀၀ ကျော်ခန့် ရှိနိုင်သည်ဟု မိုဇမ်ဘစ်သမ္မတ ဖိလစ်ပီနျူဆီက တစ်နိုင်ငံလုံးသို့ ပြောကြားသည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုကိစ္စသည် လူသားချင်းစာနာထောက်ထားခြင်း ဘေးအန္တရာယ်ဖြစ်ကြောင်း၊ လူပေါင်းတစ်သိန်းခန့် အန္တရာယ်ကြားကျရောက်နေကြောင်း ၎င်းက ဆက်ပြောသည်။ အသက်ရှင်ကျန်ရစ်နိုင်ရေး သစ်ပင်များပေါ်တက်နေသော လူများကိုလည်း ကယ်ဆယ်နိုင်ခဲ့ကြောင်း သမ္မတက ပြောသည်။ ဘီရာမြို့မှာ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးသွားပြီး အနီးအနားပတ်ဝန်းကျင်ဒေသများမှာလည်း လုံးဝ ပျက်စီးသွားကြောင်း သိရသည်။ “အခြေအနေမှာ အလွန်ဆိုးကြောင်း၊ အပျက် အစီးပမာဏမှာလည်း ကြီးမားလွန်းလှကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အသင်းမှ ဂျေမီလီဆူရာ ပြောသည်။

**အေအက်ဖ်ပီ**



ဘီရာမြို့ရှိ အပျက်အစီးများကို တွေ့ရစဉ်။

# နယ်သာလန်နိုင်ငံ၌ ပစ်ခတ်မှုကြောင့် သုံးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရ

**သည်ဟိတ် မတ် ၁၉**

နယ်သာလန်နိုင်ငံ ယူထရက်မြို့တွင် အကြမ်းဖက်မှုဟု ယူဆရသောပစ်ခတ်မှု မတ် ၁၈ ရက်က ဖြစ်ပွားခဲ့ရာ သုံးဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှု၏ သံသယ ရှိသူကို ဆက်လက်စုံစမ်းဆဲဖြစ်ပြီး သေနတ်သမား၏ ကိုယ်ရေးအချက် အလက်နှင့် ဓာတ်ပုံကို အများပြည်သူ သိရှိအောင် ကြေညာထားသည်။

မတ် ၁၈ ရက် နံနက်အစောပိုင်းတွင် ဖြစ်ပွားသည့် ပစ်ခတ်မှုကြောင့် သုံးဦး သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု ယူထရက် မြို့တော်ဝန် ဂျန်ဗန်ဇာနီနှင့် တာဝန်ရှိသူ ရဲအရာရှိက ပြောသည်။ နောက်ပိုင်းတွင် ဒဏ်ရာရရှိသူ အရေအတွက်ကို ပြင်ဆင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူဟု သံသယရှိသူ၏ အမည်မှာ ဂွတ်မန်းတန်နစ်ဖြစ်ပြီး အသက် ၃၇ နှစ်ရှိကြောင်း ရဲများက ပြောသည်။ ရဲများက ၎င်း၏ ဓာတ်ပုံကို ထုတ်ပြန်ထားပြီး ၎င်းကို တွေ့ရှိပါက အနားမကပ်ရန်နှင့် ရဲများကို အကြောင်းကြားရန် သတိပေးထားသည်။ သံသယရှိသူမှာ ယခင်ပြစ်မှုမှတ်တမ်းများလည်း ရှိကြောင်း အာတီဗွီ အသံလွှင့်ဌာနက ထုတ်လွှင့်ထားသည်။ နယ်သာလန်ဝန်ကြီးချုပ် မာရုတီက အဆိုပါ တိုက်ခိုက်မှုကြောင့် နယ်သာလန်နိုင်ငံက အံ့သြ ထိတ်လန့်ရကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ရဲများနှင့် စုံစမ်းစစ်ဆေးသူများက ကျူးလွန်သူကို ဖမ်းမိရန် ကြိုးပမ်းကြလျက်ရှိသည်။

“ဒီကိစ္စကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ ကျူးလွန်သူကို ဖမ်းမိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဒါဟာ အကြမ်းဖက်မှုလို့ ခေါ်ရင်လည်း ခေါ်လို့ရပါတယ်။ ကျွန်တော်တို့ ပြည်သူတွေကို တိုက်ခိုက်သွားတာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးမှုဟာ အကြမ်းဖက်မှုထက် အများကြီး ပိုအားကောင်းပါတယ်” ဟု နယ်သာလန်ဝန်ကြီးချုပ်ကပြောသည်။

**ဆင်ဟွာ**

# ဝေလငါးအသေ တစ်ကောင်၏ ဝမ်းဗိုက်အတွင်းမှ ပလတ်စတစ် ၄၀ ကီလိုဂရမ်တွေ့ရှိ

**မနီလာ မတ် ၁၉**

ဖိလစ်ပိုင်နိုင်ငံတွင် ဝေလငါးအသေတစ်ကောင်၏ ဝမ်းဗိုက်အတွင်းမှ ပလတ်စတစ် ၄၀ ကီလိုဂရမ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဝေလငါး၏ ဝမ်းဗိုက်အတွင်းမှ ဆန်ထည့်သည့် အိတ်များ၊ ပလတ်စတစ်အိတ်များကို တွေ့ရှိခဲ့ပြီး အဆိုပါဖြစ်ရပ်သည် ပင်လယ်ပြင်ညစ်ညမ်းမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ အမျိုးသားသမိုင်းပြတိုက် ဖေ့စ်ဘုတ်စာမျက်နှာမှလည်း ဝေလငါးတစ်ကောင်၏ ဝမ်းဗိုက်အတွင်းမှ ပလတ်စတစ်များ တွေ့ရှိခြင်းသည် ယခုတစ်ကြိမ်မှာ အဆိုးရွားဆုံးပင်ဖြစ်ကြောင်းပြောသည်။

မကြာသေးမီကလည်း ဝေလငါးနှင့်လင်းပိုင်များ သေဆုံးသည်ကိုတွေ့ခဲ့ရပြီး ၎င်းတို့၏ ခန္ဓာကိုယ်အတွင်းမှ ပလတ်စတစ်များကို တွေ့ရှိရကြောင်း သိရသည်။ ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်ကလည်း အဆိုပါဖြစ်ရပ်သည် ပို၍ဆိုးရွားလာနိုင်ကြောင်း သတိပေးထားသည်။

၂၀၅၀ ပြည့်နှစ်ရောက်လျှင် သမုဒ္ဒရာထဲတွင် ငါးများထက် ပလတ်စတစ်များ ပိုများလာလိမ့်မည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ပြောင်းလဲနေတဲ့ အာရှပညာရေး

**ထွန်းသစ်စ**

**အာရှအဆင့်မြင့်ပညာရေး အခင်းအကျင်းမှာ အဓိကပြောင်းလဲမှုအရွေ့တွေ ဖြစ်နေတဲ့အချိန်မှာ တက္ကသိုလ်တွေအနေနဲ့လည်း သူတို့ရဲ့ ပညာရေးစနစ်တွေကို ဖြစ်ပေါ်တိုးတက်လာတဲ့ အခွင့်အလမ်းသစ်တွေနဲ့ ဆီလျော်အောင် တီထွင်ကြံဆလုပ်ကိုင်ခဲ့ပါတယ်။**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ တက္ကသိုလ်တစ်ခုကို တွေ့ရစဉ်။

## ပြောင်းလဲလာတဲ့အာရှပညာရေး

လွန်ခဲ့တဲ့ဆယ်စုနှစ်အတော်များများက အာရှပညာရေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ အရွေ့တွေ ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အဓိကပြောင်းလဲမှုတွေကတော့ အာရှမှာရှိတဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပုံစံအသစ်ပြန်ဖော်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို ပုံစံအသစ်ပြန်ဖော်တဲ့အခါမှာ ကျောင်းသား အလုံးနဲ့အရင်းနဲ့ အလယ်တန်းလွန်ပညာရေးကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပညာရေးဟာ ဘာကို အဓိကအာရုံစိုက်လဲ၊ ရည်မှန်းချက်ထားလဲဆိုတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံကို အဓိကအာရုံစိုက်တာဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ သုတေသနပုံစံတွေ၊ တီထွင်ဆန်းသစ်မှုပုံစံတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ပုံစံတွေကိုပါ ပြောင်းလဲကျင့်သုံးခဲ့ပါသေးတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့လို နိုင်ငံတွေဟာ အဆင့်မြင့်အလယ်တန်းလွန်ပညာရေးစနစ်ရဲ့စာရင်းသွင်းအပ်နှံမှုနှုန်းတွေကို ကျမသွားစေဘဲ နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်လွန်သမိုင်းဟာ အခုအခါမှာတော့ မျှော်လင့်မထားနိုင်လောက်အောင် ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ အဲဒီလို အလွန်လျင်မြန်စွာ မျှော်လင့်မထားနိုင်လောက်အောင် ဖွံ့ဖြိုးလာသလို အိန္ဒိယနိုင်ငံမှာလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။

ဖွံ့ဖြိုးမှုနှုန်းကတော့ အသိအမှတ်ပြုရလောက်အောင်ပါပဲ။ တရုတ်နိုင်ငံမှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့်အလယ်တန်းလွန်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော်ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော်ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင် တိုးတက်မှုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေသော ပညာရေးပုံစံဟာ ကျောင်းသားတွေကို အသိဉာဏ်ဆိုင်ရာတွေကို ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို နောက်ထပ်အသက်မွေးမှုပညာတွေကိုလည်း ရွေးချယ်နိုင်မှာပဲ ဖြစ်ပါတယ်။

## စိန်ခေါ်မှုတွေရှိဆဲ

သို့သော်လည်း သိသာတဲ့စိန်ခေါ်မှုတွေကတော့ ရှိနေဆဲ ဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြား ဘွဲ့ရအလုပ်လက်မဲ့နှုန်းဟာ နိုဝင်ဘာ ၂၀၁၆ ခုနှစ်မှာ ၈ ဒသမ ၂ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ ကမ္ဘာ့အဆင့်နဲ့တော့ များလှတယ်တော့မဟုတ်ပေမယ့် အရှေ့အာရှမှာတော့ နည်းနည်းတော့ များတယ်လို့ ဆိုရမလိုပါပဲ။

နောက်တစ်ခုကတော့ အလုပ်ရှင်နဲ့ ဘွဲ့ရတွေကြား လိုအပ်ချက်ကွာဟမှုတွေပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ပြီးသွားတဲ့ ဘွဲ့ရတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေဟာ စက်ရုံတွေ၊ အလုပ်ရှင်တွေ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ အံမချော်နေတုန်းပဲ ဖြစ်ပါတယ်။ ထို့အတူ သင်ကြားခြင်းနဲ့သင်ယူခြင်းရဲ့ အရည်အသွေးတွေကိုလည်း ဆန်းစစ်မေးခွန်းထုတ်ဖို့အချိန်ဟာလည်း ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလို မေးခွန်းထုတ်တာတွေဟာ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာခဲ့ပါတယ်။

## အလုပ်လက်မဲ့နှုန်း မြင့်တက်နေဆဲ

တရုတ်နိုင်ငံမှာ အဆင့်မြင့်ပညာရေး လျင်လျင်မြန်မြန် ဖွံ့ဖြိုးလာခြင်းဟာ လိုအပ်ချက်နဲ့ ရရှိမှုတွေကြား ကွာဟမှုတွေကို ဖြစ်လာစေပြီးတော့ ဘွဲ့ရတွေများတဲ့ မြို့ကြီးတွေမှာ အလုပ်လက်မဲ့နှုန်းတွေ မြင့်တက်မှုတွေရှိလာချိန်မှာပဲ သိပ်ကြီးကျယ်မခမ်းနားတဲ့ မြို့လေးတွေနဲ့ မြို့ငယ်လေးတွေမှာ လိုအပ်ချက်တွေနဲ့ ပြည့်စုံနေတဲ့ ဘွဲ့ရတွေဟာလည်း လုံလုံလောက်လောက် မရှိသေးတာကို တွေ့ရပါတယ်။

လတ်တလောမှာ တရုတ်အစိုးရဟာ ကောလိပ်အမြောက်အမြားကို သက်မွေးပညာသင်ကျောင်းတွေအဖြစ် ပြောင်းလဲမှုတွေလုပ်ဆောင်နေပါပြီ။ ဒါဟာ ဘာကိုရည်ရွယ်ပြီး လုပ်ဆောင်သလဲဆိုရင် တကယ့်ဈေးကွက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီအောင် ဦးတည်ချက်ထားလုပ်ဆောင်သလို အလုပ်လက်မဲ့နှုန်းတွေ မမြင့်တက်စေဖို့ လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ သို့သော်လည်း အဲဒီလို လုပ်လိုက်ခြင်းဖြင့် အလုပ်ရှိဘွဲ့ရတွေရဲ့လစာဟာ လျော့နည်းသွားနိုင်ခြေရှိပါတယ်။

## သင်ကြားရေးပုံစံပြောင်းလဲလာ

အဓိကပြောင်းလဲမှုနောက်တစ်ခုကတော့ ဦးဆောင်တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံအပေါ် စိတ်ဝင်စားမှုတွေမြင့်တက်လာတာနဲ့အတူ အရည်အသွေးမီတဲ့၊ အရည်အချင်းရှိတဲ့ သင်ကြားခြင်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲဖြစ်ပါတယ်။ ဒါဟာ ဟိုးအရင်တုန်းက တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလေ့လာသင်ယူတဲ့ပညာရေးပုံစံကနေပြီးတော့ အကြောင်းအရာမျိုးစုံကို လေ့လာတဲ့ပြောင်းလဲလာမှုတွေအဖြစ် ပေါ်ပေါက်လာခဲ့တာပဲဖြစ်ပါတယ်။

သင်ခန်းစာတွေအပေါ် အလွတ်ကျက်ခြင်းကို အခြေခံတဲ့ ရိုးရာသင်ကြားခြင်းနည်းလမ်းတွေကနေ ပိုပြီးအပြန်အလှန် တုံ့ပြန်အကျိုးပြုမှုစနစ်တွေနဲ့ သင်ကြားတဲ့ပုံစံတွေကို တိုးတက်ပြောင်းလဲလာပြီဖြစ်သလို တကယ့်ပညာရေးနယ်ပယ်မှာ ထွက်ပေါ်လာမယ့် ရလဒ်တွေကလည်း တကယ့်တီထွင်ဖန်တီးနိုင်မှုတွေ၊ နှိုင်းနှိုင်းချိန်ချိန် ကျိုးကြောင်းမျှတစွာ တွေးခေါ်ဆင်ခြင်စဉ်းစားနိုင်စွမ်းတွေ ပေါ်ထွက်လာရေးပဲ ဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်း ကောင်းကောင်း နားလည်နိုင်စွမ်းရှိတဲ့ တကယ်အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အဓိကရည်မှန်းချက်ဖြစ်သလို အရေးလည်းကြီးလှပါတယ်။

## သုတေသနတွေမှာ ပိုမိုသုံးစွဲလာ

အာရှအဆင့်မြင့်ပညာရေးမှာ တတိယပြောင်းလဲမှုတစ်ခုကတော့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေ မြင့်မားလာခြင်းပဲဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေကို ကြည့်မယ်ဆိုရင် တောင်ကိုရီးယားရဲ့ ဂျီဒီပီဟာ အစ္စရေးထက်များနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ပညာရေးအသုံးစရိတ်ကတော့ အာရှကို ကျော်လွှားသွားနိုင်ပါတယ်။

သုတေသနတွေ အားကောင်းကောင်းနဲ့ ဖွံ့ဖြိုးလာတာနဲ့အညီ သုတေသနဘာသာပြန်ဆိုချက်တွေနဲ့ တီထွင်ဆန်းသစ်ခြင်းတွေဟာ အာရှရဲ့တက္ကသိုလ်တွေကြား ရေပန်းစားလာပါတော့တယ်။ အရေးကြီးဆုံးတစ်ခုကတော့ တက္ကသိုလ်တွေနဲ့ စက်ရုံအလုပ်ရုံတွေကြား နက်နဲတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် ပေါင်းစပ်လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလိုလုပ်ငန်းစဉ်တွေမှာ သဟဇာတဖြစ်မှုတွေ သိပ်မတွေ့ရသေးပါဘူး။

ပညာရှင်တွေက ပညာရပ်တွေကို လူအများဖြန့်ဝေပေးဖို့ စာအုပ်စာပေထုတ်ဝေရေးတွေအပေါ် အာရုံညွှတ်နေပေမယ့် စက်ရုံအလုပ်ရုံတွေကတော့ ရလဒ်နဲ့ အကျိုးအမြတ်ကိုပဲ ကြည့်လေ့ရှိပါတယ်။ ပညာရေးနယ်ပယ်မှာ ကျင်လည်တဲ့သူတွေဟာ လွတ်လပ်စွာရှာဖွေမှုတွေကို မြတ်နိုးပြီး ကာလရှည်ကြာလေ့လာမှုတွေအပေါ်မှာ စိတ်ကို နှစ်မြှုပ်ထားလေ့ရှိပါတယ်။ သို့သော်လည်းပဲ စက်ရုံ၊ အလုပ်ရုံတွေကတော့ အချိန်ကာလသတ်မှတ်ချက်တစ်ခု၊ လုပ်ငန်းအစီအစဉ်နှင့် ပစ္စည်းအများဆုံး တင်ပို့နိုင်ရေးကိုပဲ အဓိကထား အာရုံစိုက်ကြပါတယ်။

## ပညာရေးဆိုင်ရာပြောင်းလဲမှုအပေါ်ချဉ်းကပ်လာ

ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ အခင်းအကျင်းတွေ ပြောင်းလဲဖြစ်ပေါ်လာတာနဲ့တစ်ပြိုင်နက် စက်ရုံ၊ အလုပ်ရုံတွေကလည်း ပွင့်လင်းတဲ့ တီထွင်ဆန်းသစ်နည်းပညာတွေနဲ့ နည်းဗျူဟာတွေအပေါ် ချဉ်းကပ်ဖို့ လုပ်ဆောင်လာကြတာကို တွေ့ရပါတယ်။

အခုလို နည်းပညာခေတ်ကြီးမှာ နည်းပညာတွေဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးပြီး တစ်ဦးတစ်ယောက်ချင်းစီကို တခြားအရာတွေ အများကြီးလုပ်ဆောင်နိုင်အောင် ကူညီပေးပါတယ်။ ခေတ်သစ်စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပုံစံတွေဟာ အသစ်အသစ်သော ပြောင်းလဲလာမှုအကြောင်းတရားတွေအပေါ် တည်မှီနေပါတယ်။ မည်သို့ပင်ဆိုစေ လျင်မြန်စွာ ဖွံ့ဖြိုးလာတဲ့ အာရှဟာ တက္ကသိုလ်တွေအတွက် ပညာရေးတွေ တိုးတက်အောင်၊ သုတေသနတွေတိုးတက်အောင်၊ စွန့်ဦးတီထွင်အစီအစဉ်တွေ တိုးတက်အောင် စတဲ့ ကောင်းမွန်တဲ့အခြေအနေတွေကို ဖန်တီးပေးနေတဲ့ အနေအထားတွေကို တဖြည်းဖြည်း ပြောင်းလဲလာနေပြီဖြစ်ပါကြောင်း။ ။

**ကိုးကား-ချန်နယ်နယူးအေးရှ**

> **“ပညာရေးနယ်ပယ်မှာ ကျင်လည်တဲ့သူတွေဟာ လွတ်လပ်စွာရှာဖွေမှုတွေကို မြတ်နိုးပြီး ကာလ ရှည်ကြာ လေ့လာမှုတွေအပေါ်မှာ စိတ်ကို နှစ်မြှုပ်ထားလေ့ရှိပါတယ်”**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်နှင့် ဖြိုတိန်နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

**လန်ဒန် မတ် ၁၉**

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဝမ်ယိသည် ယမန်နေ့က ဘရပ်ဆဲလ်တွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံတွေ့ဆုံမှုတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုအပေါ် သက်ရောက်စေနိုင်သည့် အရေးကိစ္စများကို စနစ်တကျကိုင်တွယ်ဆောင်ရွက်ကာ အပြန်အလှန် နားလည်ယုံကြည်မှုများ တိုးမြှင့်ပေးစေလိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဝမ်ယိက ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အပြုသဘောအနေဖြင့် ရှုမြင်ပါကြောင်း၊ နိုင်ငံတကာ အရေးကိစ္စများတွင်လည်း တရုတ်နိုင်ငံ၏ အကျိုးဆောင်မှုများကို ပိုမိုမြင်တွေ့လိုပါကြောင်း၊ တရုတ်နိုင်ငံနှင့်အတူ မိတ်ဖက်ဆက်ဆံရေး၏ အကောင်းဆုံးခေတ်ကာလဖြစ်အောင် ထဲထဲဝင်ဝင်ကြိုးစားဆောင်ရွက်သွားလိုကြောင်း၊ အချို့ကွဲလွဲမှုများသည် နှစ်နိုင်ငံ ဆက်ဆံရေးကို အတားအဆီးမဖြစ်သင့်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျရယ်မီဟန့်က ပြောသည်။

**ဆင်ဟွာ**

## အကြမ်းဖက် တိုက်ဖျက်ရေးအတွက် ဆီးရီးယား၊ အီရန်နှင့် အီရတ်တို့မှ စစ်ဘက်အကြီးအကဲများ တွေ့ဆုံ

**ဒမတ်စကတ် မတ် ၁၉**

ဆီးရီးယား၊ အီရတ်နှင့်အီရန်တို့မှ တပ်မှူးများသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ တွေ့ဆုံခဲ့ကြပြီး အကြမ်းဖက်မှု တန်ပြန်တိုက်ခိုက်ရေးနှင့် နယ်စပ်များဖွင့်ပေးရေးနှင့် ဆီးရီးယားနယ်မြေများအားလုံး ပြန်လည်သိမ်းပိုက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါတွေ့ဆုံပွဲသို့ ဆီးရီးယားကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလာ အာရွတ်ဖ်၊ အီရတ်တပ်ဖွဲ့မှ ဝန်ထမ်းရေးရာ အကြီးအကဲ အော့မန်အယ်ဂန်မီ၊ အီရန်တပ်ဖွဲ့မှ အကြီးအကဲ မိုဟာမက်ဘက်ဟာရီတို့ တက်ရောက်ခဲ့ကြသည်။ အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသော ဆီးရီးယား ဒီမိုကရက်တစ်တပ်ဦးသည် ရွေးချယ်စရာနှစ်ခုရှိကြောင်း၊ အစိုးရနှင့် ပြန်လည်သင့်မြတ်ရေးညှိနှိုင်းမှုစတင်ရန် သို့မဟုတ် ၎င်းတို့သိမ်းပိုက်ထားသော နယ်မြေများကို ဆီးရီးယားတပ်ဖွဲ့ကို ပြန်ပေးရန်တို့ပင် ဖြစ်ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလာ အာရွတ်ဖ်က ပြောကြားခဲ့သည်။

ဆီးရီးယားသူပုန်များ နောက်ဆုံးထိန်းချုပ်ထားရာ အီဒလစ် မြို့ကိုလည်း မကြာမီ ဆီးရီးယားတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အီရတ်တပ်ဖွဲ့မှ ဝန်ထမ်းရေးရာအကြီးအကဲ အယ်ဂန်မီ ကလည်း အီရတ်နိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့်အတူ အိုင်အက်စ် စစ်သွေးကြွများကို နှိမ်နင်းရေးတွင် ဆက်လက်လက်တွဲ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီရန်တပ်ဖွဲ့မှ အကြီးအကဲ မိုဟာမက်ဘက်ဟာကလည်း ဆီးရီးယား၊ အီရတ်၊ အီရန် သုံးနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကလေးစာပေပွဲတော် (ပူတာအို) ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပမှု မြင်ကွင်းပုံရိပ်များ



ကလေးစာပေပွဲတော်(ပူတာအို)သို့ လာရောက်သည့် လူငယ်လေးများ ခင်းကျင်းပြသထားသည့် စာအုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေစဉ်။



ကလေးစာပေပွဲတော်(ပူတာအို)၌ ပြသထားသည့် ရှေးဟောင်းကျောက်စာချပ်ကို ကလေးငယ်များ စိတ်ဝင်တစား ကြည့်ရှုနေစဉ်။



ကလေးစာပေပွဲတော်(ပူတာအို)၌ ကလေးငယ်လေးများ စုပေါင်းဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



ကလေးစာပေပွဲတော်(ပူတာအို)၌ ပြသထားသည့် ပြခန်းများ၌ ကျောင်းသား ကျောင်းသူနှင့် ကလေးငယ်များ ကြည့်ရှုလေ့လာနေစဉ်။



ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည့် ကလေးငယ်များကို တွေ့ရစဉ်။



ကလေးစာပေပွဲတော်(ပူတာအို)၌ စာပေဆွေးနွေးပွဲ ကျင်းပစဉ်။



ကလေးငယ်များ စိတ်ပါဝင်စားစွာ စာဖတ်နေသည်ကို တွေ့ရစဉ်။





ကလေးစာပေပွဲတော်(ပူတာအို)၌ ပြုလုပ်ပေးသည့် ကစားပွဲများတွင် ကျောင်းသား ကျောင်းသူ ကလေးငယ်များ ပျော်ရွှင်စွာ ဝင်ရောက် ယှဉ်ပြိုင်နေသည်ကို တွေ့ရစဉ်။

# မယ်စဲ့မြို့နယ် ငြိမ်းချမ်းရေးဇိနမာန်အောင်စေတီတော်နှင့် အောင်တော်မူစေတီတော်ကြီး ထီးတော်တင်ပွဲကျင်းပ

**မယ်စဲ့ မတ် ၁၉**

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်ပိန်းလင်ကျေးရွာရှိ လွိုင်မောင်းလောင်းတောင်ပေါ်၌ တည်ထားသည့် ငြိမ်းချမ်းရေး ဇိနမာန်အောင် စေတီတော်ကြီးနှင့် အောင်တော်မူစေတီတော်ကြီး ထီးတော်တင်လှူပွဲကို မတ် ၁၇ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ထီးတင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဖားဆောင်းမြို့နယ် ငွေတောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ သီလခံယူကြပြီးနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို လက်ယာရစ် လှည့်လည်ပူဇော်၍ ထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်ကို ပန်းရထားဖြင့် ငြိမ်းချမ်းရေးဇိနမာန်အောင် စေတီတော်ကြီးနှင့် အောင်တော်မူစေတီတော်ကြီးပေါ်သို့ ပင့်ဆောင်တင်လှူခဲ့ကြသည်။ ထို့နောက် နမ့်ပိန်းလင်ကျေးရွာ ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသောအလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **ဝတ်ရည်(မယ်စဲ့)**

# မုံရွာကုန်စည်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**မုံရွာ မတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့မြို့တော်ခန်းမ၌ မတ် ၁၈ ရက်က ကျင်းပသော Monywa International Trade Fair 2019 ကုန်စည်ပြပွဲ ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကုန်စည်ပြပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသော ကုန်စည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ ကုန်စည်ပြပွဲကို မတ် ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။


စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာကုန်စည်ပြပွဲတွင် လှည့်လည်ကြည့်ရှုစဉ်။

ကုန်စည်ပြပွဲဖွင့်ပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလောင်းတော်ကဿပ ဘုရားဖူးယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် မုံရွာမြို့ ပြည်သူဆေးရုံကြီး၌ တက်ရောက်ကုသနေရသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ဆက်လက်၍ ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်း အများပြည်သူအပန်းဖြေနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ညပိုင်းတွင် ရွှေဘိုမြို့သို့သယ်ဆောင်လာသည့် စည်တော်ကြီးကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ဒေသခံများနှင့်အတူ ကြိုဆိုကြပြီး ချမ်းသာကြီးဘုရားဝင်းအတွင်းရှိ အရှေ့ဘက်စောင်းတန်းတွင် ကျင်းပသော စည်တော်ကြီးပင့်ဆောင်ခြင်းအထိမ်းအမှတ် အထူးဓမ္မသဘင်သို့လည်းတက်ရောက်၍ ဝန်ကြီးချုပ်က ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**ထွန်းကိုကို (ယင်းမာပင်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်အောင်မြို့နယ်မှ ပြည်သူများ တွေ့ဆုံ

**မြန်အောင် မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် မတ် ၁၇ ရက်က မြန်အောင်မြို့နယ် ထောက်ကျန့်ကွင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် အစိုးရနှင့် ဌာနဆိုင်ရာများ၏ လိုအပ်ချက်များ အားနည်းချက်များ၊ သံသယဖြစ်စေသည်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် လူထုတွေ့ဆုံပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏ တင်ပြချက်များကို အလေးထား၍ ဖြေရှင်းပေးမည်ဖြစ်သဖြင့် တင်ပြလိုသည်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက စိုက်ပျိုးစရိတ်ချေးငွေ နှစ်ရှည်ထုတ်ချေးခွင့်ရရှိရေး၊ သဘာဝဘေးကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးရခြင်းအတွက် ထောက်ပံ့ငွေများ တိုးမြှင့်ရရှိရေး၊ မူလတန်း တိုးချဲ့ကျောင်းဆောင် အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရေး၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု တိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးရေး၊ သင့်တော်သည့် ဆေးရုံ/ဆေးခန်း ခွင့်ပြုချထားပေးနိုင်ရေးနှင့် လျှပ်စစ်မီးလင်းရေး လိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြမေးမြန်းကြကာ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပ

**တောင်ကြီး မတ် ၁၉**

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို မတ် ၁၈ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ အဓိကအားဖြင့် အချက်သုံးချက်ကို ရင်ဆိုင်နေရကြောင်း၊ ပထမအချက်မှာ စိုက်ပျိုးမှု ပြဿနာ၊ ဒုတိယအချက်မှာ ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုပြဿနာ၊ တတိယအချက်မှာ သုံးစွဲမှုပြဿနာ ဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှုအပိုင်းတွင် ပြီးခဲ့သောနှစ်က ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပြီး စိုက်ပျိုးမှုအနေဖြင့် ၂၅ ရာခိုင်နှုန်း၊ ထုတ်လုပ်မှု ၁၄ ရာခိုင်နှုန်း ကျဆင်းကြောင်း၊ သို့သော် ထိုကျဆင်းမှုသည် ရေရှည်ကျဆင်းမှု ဖြစ်နိုင်မည်မဟုတ်ကြောင်းနှင့် ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် နိုင်ငံတော်က ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုသည် ဘိန်းစိုက်ပျိုးသည့်ဧရိယာကို ထိရောက်လွှမ်းခြုံ လုံလောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း၊ ဘိန်းစိုက်ပျိုးရန် အခြေခံလိုအပ်ချက်များဖြစ်သော မြေဩဇာ၊ လုပ်အားစသည့် ကန့်သတ်ချက်များနှင့် ဥပဒေနှင့် ဒေသအာဏာပိုင်များ၏ ဖိအားများကြောင့် ဘိန်းဈေးနှုန်း ကျဆင်းလာသည့်အတွက် ဘိန်းစိုက်ပျိုးမှု ကျဆင်းလာသည်ဟုသာ ယူဆရကြောင်း၊ ယခုအချိန်မျိုးတွင် ဘိန်းစိုက်တောင်သူများက ပြောင်းလဲစိုက်ပျိုးလာမည့် သီးနှံ သို့မဟုတ် ပြောင်းလဲလုပ်ကိုင်လာမည့် လုပ်ငန်းများအတွက် ပံ့ပိုးကူညီပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်မည်ဆိုလျှင် ဘိန်းစိုက်ပျိုးမှုကို ရေရှည်ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။


မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

မူးယစ်ဆေးဝါးအန္တရာယ်ကို လျော့ချနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိသလို ပြည်သူလူထုကလည်း ဘုံပြဿနာအဖြစ် ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်ကလည်း စိတ်ဝင်စားပြီး တက်ကြွစွာဆောင်ရွက်သည့် လူမှုအဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ၎င်းတို့၏အားဖြင့် လုပ်ငန်းစီမံချက်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လည်း ဝန်ကြီးချုပ်က တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ အဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ အဖွဲ့အတွင်းရေးမှူး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ခင်အောင်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်နှင့် ခရိုင်အဆင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၈၀၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၇၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၀ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၁ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၄၄ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၅ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၉ · ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၃၉၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၈ · ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၆၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ယခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် ပရိသတ်ခန့်မှန်းမှုအများဆုံး အနုပညာရှင်များ

**မကြာမီကျင်းပတော့မည့် ၂၀၁၈ ခုနှစ် မြန်မာရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးကပ်လာသည်နှင့်အမျှ စိတ်ဝင်စားမှုများ မြင့်တက်လာလျက်ရှိရာ အနုပညာအသိုင်းအဝန်းရှိ အလှ္ဒာအသီးသီး၏ ခန့်မှန်းမှုနှင့် ပရိသတ်များ၏ ခန့်မှန်းမှုကို အများဆုံးခံနေရသည့် ရုပ်ရှင်ဇာတ်ကားများနှင့် သရုပ်ဆောင်များလည်း ရှိနေသည်။ ယခုနှစ် ထူးချွန်ဆုအတွက် ဆန်ခါတင်အရွေးချယ်ခံထားရသည့် ဇာတ်ကားမှာ ၂၅ ကားရှိပြီး ထိုအထဲတွင် ပရိသတ်၏စိတ်ဝင်စားမှု အများဆုံးဖြစ်သည့် အမျိုးသားသရုပ်ဆောင်နှင့် အမျိုးသမီးသရုပ်ဆောင်များ၏ ရုပ်ရှင်ဇာတ်ကားအလိုက် ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်ခဲ့မှုများကို မြန်မာ့အလင်းက စုစည်းဖော်ပြလိုက်ပါသည်။**

**နေတိုး (မုန်းစွဲ)**

၂၀၁၈ ခုနှစ်အတွင်း ရိုက်ကူးပြသခဲ့သော ဇာတ်ကားများအနက် မုန်းစွဲဇာတ်ကားသည် နေတိုး၏ အနုပညာ သက်တမ်းတစ်လျှောက် အခက်ခဲဆုံးနှင့် အပင်ပန်းဆုံး ဇာတ်ကားတစ်ကားဖြစ်နိုင်ပြီး ထုတ်လုပ်သူ Myanmar Media 7 ထုတ်လုပ်ရေးအတွက်လည်း ရိုက်ကူးခဲ့သမျှ ကားများထဲတွင် ထိုကားသည် ဝင်ငွေအကောင်းဆုံးနှင့် ပရိသတ်များကြား



စိတ်ဝင်စားမှုအမြင့်ဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ ဒရာမာ ရော၊ ဟာသရော ပိုင်နိုင်သည့် နေတိုးအတွက် မုန်းစွဲဇာတ်ကားထဲမှ ကာရိုက်တာသည် ကြိုးစားမှုအား အကောင်းဆုံး ကာရိုက်တာလည်း ဖြစ်နေသည်။ မုန်းစွဲစွဲပြီး ရန်ကိုရန်ချင်း တုံ့ပြန်ချင်သည့် အငြိုးကြီးသူတစ်ယောက် အဖြစ်ရော၊ မိခင်ဖြစ်သူ၏မုန်းစွဲကို ကျွတ်စေချင်သည့် ဘုရားသားတော် သံဃာတစ်ပါးအဖြစ်ရော ကာရိုက်တာ နှစ်မျိုးကို အပီပြင်ဆုံး သရုပ်ဆောင်ထားသူဖြစ်သည်။




**ကျော်ကျော်ဗိုလ် (မုန်းစွဲ)**

ကျော်ကျော်ဗိုလ်သည် သူ၏ သရုပ်ဆောင်မှုအပိုင်းကို ပရိသတ် သတိထားမိနိုင်အောင် ရသမျှအခန်းတွင် အကောင်းဆုံး သရုပ်ဆောင်နိုင်သူဖြစ်သည်။ မုန်းစွဲတွင်လည်း ဒရာမာ သရုပ်ဆောင်မှုကို ပရိသတ်များ သတိထားမိနိုင်လောက်အောင် ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သူဖြစ်ခဲ့သည်။ ခြေတစ်ဖက်မသန်သည့် ဒုက္ခိတတစ်ယောက်၊ အငြိုးအတေးများကို သေသည်အထိ သယ်သွားသူအဖြစ် သရုပ်ဆောင်ခဲ့ပြီး အကောင်းဆုံး သရုပ်ဆောင်မှုအပိုင်းမှာ ခြေတရွတ်တိုက်ဆွဲနေလျက်က ဘဝဟောင်းကရန်သူကို ယခုဘဝတွင် သားအဖြစ် မြင်တွေ့ရသည်အခါ ဖြစ်ပေါ်လာသည့် ဒေါသစိတ်တွေကို မထိန်းနိုင်အောင် ဖြစ်ခဲ့သည့်အခန်းပင်ဖြစ်သည်။

**မြင့်မြတ် (ငဒူ)**

ငဒူဇာတ်ကားမှာ မြင့်မြတ်၏ အနုပညာသက်တမ်းတစ်လျှောက် ရိုက်ကူးခဲ့သည့် ဇာတ်ကားများထဲတွင် သူမလုပ်ဖူးသော ကာရိုက်တာမျိုးဟု မှတ်ချက်ပေးနိုင်သည်။ ဉာဏ်ရည်မမီသော်လည်း လူတိုင်းအပေါ် ကူညီတတ်သည့်စိတ်ဓာတ်ရှိသူအဖြစ် ကာရိုက်တာကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သူဖြစ်ပြီး ထိုဇာတ်ကားကြည့်သူ ပရိသတ်အချို့မှာ ရုံထဲမှ မျက်ရည်လည်ပြီး ထွက်လာရသည်ကို မြင်ခဲ့ရသည်။ မြင့်မြတ်ရိုက်ကူးခဲ့သော



ဟာသကားအချို့ကို ပေါကားဟု ဝေဖန်ခံရမှုများ ရှိနေသော်လည်း ငဒူမှာမူ မြင့်မြတ်၏ အကောင်းဆုံးသရုပ်ဆောင်နိုင်မှုကို တွေ့ရသည့်ဇာတ်ကားဖြစ်ကာ ၂၀၁၇ ခုနှစ်က မြင့်မြတ်အနေဖြင့် ဇာတ်ပို့ဆုရခဲ့သော်လည်း ယခုနှစ်တွင် ငဒူဖြင့် ဇာတ်ဆောင်ဆုရရန် မြင့်မြတ်၏ပရိသတ်များက ခန့်မှန်းမှတ်ချက်ပေးနေကြသည်။



**ဇဏ်ခီ (မုဒြာရဲ့ခေါ်သံ)**

ရိုးရှင်းပြီး ယောကျ်ားပီသသည့်မျက်နှာဖြင့် မျက်နှာသစ်သရုပ်ဆောင်တစ်ဦးဖြစ်သော ဇဏ်ခီမှာ မထင်မှတ်ဘဲ ဉပါယ်တံမျဉ် ဇာတ်ကားဖြင့် မြန်မာ့ရုပ်ရှင်လောကကြီးတစ်ခုလုံးကို ကိုင်လှုပ်နိုင်ခဲ့သူဖြစ်သလို မြန်မာ့ရုပ်ရှင်အပေါ် ပရိသတ်၏ အာရုံစူးစိုက်မှုများကိုပါ ပြန်ရစေခဲ့သူဖြစ်သည်။ ၂၀၁၈ တွင် ဇဏ်ခီ၏ ဉပါယ်တံမျဉ်နှင့် မုဒြာရဲ့ခေါ်သံ ရုပ်ရှင်နှစ်ကား ရုံတင်ထားခဲ့ရာ မုဒြာရဲ့ခေါ်သံ ရုပ်ရှင်ဇာတ်ကားတွင် မြန်မာနိုင်ငံ၏ သဘာဝအလှတရားများကို ကောင်းမွန်သည့်ရိုက်ချက်များဖြင့် ကမ္ဘာကသိအောင် ရိုက်ကူးဖော်ပြနိုင်ခဲ့သလို ဇဏ်ခီ၏ အကောင်းဆုံး သရုပ်ဆောင်မှုများကိုလည်း တွေ့ရမည်ဖြစ်သည်။ ဇဏ်ခီသည် ပရိသတ်များကပေးသော အကောင်းဆုံး အကယ်ဒမီဆုကို ရရှိပြီးသားဟုပင် ဆိုနိုင်သော်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပေးသော ရုပ်ရှင်ထူးချွန်ဆုကိုပါ ရနိုင်မည်လားဆိုသည်ကတော့ ဆက်လက်စောင့်မျှော်ရမည်ဖြစ်သည်။



**အောင်မြင့်မြတ် (ဉပါယ်တံမျဉ်)**

သဘာဝကျသည့် မျက်နှာအနေအထားကို ပိုင်ဆိုင်ထားသူ အောင်မြင့်မြတ်သည် ၄င်း၏ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် ဉပါယ်တံမျဉ်၌ သိန်းစိုးအမည်ရှိ ဗီလိန်ဇာတ်ကောင်၏ ကာရိုက်တာတွင် ပရိသတ် တအံ့တသြဖြစ်ရလောက်သည်အထိ ပီပြင် ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်ခဲ့သူဖြစ်သည်။ ထူးထူးခြားခြားပင် ဗီလိန်ကာရိုက်တာကို ပရိသတ်များ အကြိုက်တွေ့အောင်လည်း လုပ်နိုင်ခဲ့သူဖြစ်သည်။ အကယ်ဒမီအတွက် ဆန်ခါတင်စာရင်းတွင်လည်း ပါဝင်နေသော ဉပါယ်တံမျဉ် ဇာတ်ကားတွင် ဗီလိန် သိန်းစိုးအဖြစ် ပီပြင်သော သရုပ်ဆောင်မှုများကြောင့် အောင်မြင့်မြတ်အနေဖြင့် ပထမဆုံးရုပ်ရှင်မှာပင် ထူးချွန်ဆုကို ဆွတ်ခူးနိုင်မည်လားဟု စောင့်ကြည့်ရမည်ဖြစ်သည်။

**ဖွေးဖွေး (မုန်းစွဲ၊ ရွှေကြာ၊ သမ္မတကြီးထံပေးစာ)**

၂၀၁၈ ခုနှစ်သည် ဖွေးဖွေးအတွက် အကောင်းဆုံးနှစ်တစ်နှစ်ဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ ပရိသတ်များက ဖွေးဖွေးအား အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုအတွက် ဇာတ်ကားသုံးကားဖြင့် မှန်းထားကြပြီး ထိုသုံးကားလုံးတွင် ဖွေးဖွေး၏ အနုပညာစွမ်းအားကို အံ့သြလောက်အောင် မြင်တွေ့ကြရသည်။ ရွှေကြာ ဇာတ်ကားတွင် ခပ်ဆိုးဆိုးမိန်းကလေးတစ်




ယောက်၊ ငွေနောက်လိုက်ရင်း လမ်းမှားကာ ပြည့်တန်ဆာမိန်းကလေးဘဝသို့ ရောက်ခဲ့သူအဖြစ်လည်းကောင်း၊ မုန်းစွဲဇာတ်ကားတွင် မုန်းစွဲစွဲနေသည့် သားနှစ်ယောက်၏ မိခင်အဖြစ် လည်းကောင်း၊ သမ္မတကြီးထံပေးစာ ဇာတ်ကားတွင် ရှေ့နေမလေးတစ်ဦးအဖြစ် အမှန်တရားကိုဖော်ထုတ်ရင်း ကိုယ်ကျိုးမငဲ့သူအဖြစ်လည်းကောင်း ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည်။ ရုပ်ရှင်ထူးချွန်ဆုကို နှစ်ကြိမ်ရရှိထားပြီးဖြစ်သည့် ဖွေးဖွေးအနေဖြင့် ၂၀၁၈ ခုနှစ် အမျိုးသမီးဇာတ်ဆောင်ဆုကိုရော ထပ်မံရရှိနိုင်မလားဆိုသည်ကို ရင်ခုန်စွာ မျှော်လင့်ရမည်။




**ပိုင်ဖြိုးသု (မိ)**

အနုပညာပျိုးခင်းမှတစ်ဆင့် သရုပ်ဆောင်တစ်ဦးဖြစ်လာသည့် ဆရာဝန်မလေး ပိုင်ဖြိုးသု၏ ကိုယ်ပိုင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဏကြီး ရိုက်ကူးထုတ်လုပ်လိုက်သည့် မိ ဇာတ်ကားသည် ရုပ်ရှင်ပရိသတ်များကြားတွင်သာမက လူမှုကွန်ရက်စာမျက်နှာတွင်လည်း ဝက်ဝက်ကွဲ ပေါက်ခဲ့သော ဇာတ်ကားဖြစ်သည်။ ပိုင်ဖြိုးသုအနေဖြင့် မိ ဟုအမည်ရသည့် အမျိုးသမီးတစ်ယောက်၏ ကာရိုက်တာကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ပြီး ထိုဇာတ်ကားတွင် ပရိသတ်များအကြား အထင်ရှားဆုံးနှင့် ငြင်းခုံမှုအဖြစ်ရဆုံး ဇာတ်ဝင်ခန်းများမှာ မိ၏ ဆေးလိပ်ကို မလွှတ်တန်းကိုင်သောက်ခဲ့သည့် ဇာတ်ဝင်ခန်းများဖြစ်သည်။



**ထွန်းအိန္ဒြာဗိုလ် (နှောင်တွင် ဥဒါန်းတွင်စေသတည်း)**

ထွန်းအိန္ဒြာဗိုလ်သည် အနုပညာနှင့်ပတ်သက်ပြီး ပြောစရာမလိုအောင် ပရိသတ်များ လက်ခံပြီးသား အနုပညာရှင်တစ်ဦးဖြစ်သည်။ နှောင်တွင်ဥဒါန်းတွင်စေသတည်း ဇာတ်ကားတွင်လည်း ထွန်းအိန္ဒြာဗိုလ်က အတ္တ၊ မာနကြီးမားသည့် မိခင်တစ်ယောက်၏ ကာရိုက်တာကို ပေါ်လွင်အောင်၊ ပရိသတ်များ ကြက်သီးထလောက်အောင် သရုပ်ဆောင်နိုင်ခဲ့ရာ ပရိသတ်များက ခန့်မှန်းပေးနေကြသော ထူးချွန်ဆုကို ရရှိနိုင်မည်လားဟု စောင့်ကြည့်ရမည်ဖြစ်သည်။

**ဝတ်မှုန်ရွှေရည် (ရန်သူ)**

အကယ်ဒမီထူးချွန်ဆုနှစ်ဆုကို ပိုင်ဆိုင်ထားပြီးဖြစ်သည့် ဝတ်မှုန်ရွှေရည်၏ ကြိုးစားမှုများကို ယခုနောက်ပိုင်းတွင် ပရိသတ် အံ့သြရလောက်အောင် ပိုမိုမြင်တွေ့ရပြီး ရန်သူဇာတ်ကားတွင်လည်း ပုံမှန်ရိုက်ကူးနေကျမဟုတ်သည့် ယောကျ်ားလျာဇာတ်ကောင်ဖြင့် သရုပ်ဆောင်ထားသည်ကို မြင်တွေ့ခဲ့ရသည်။ မတူသည့် ဇာတ်ရုပ်တိုင်းကို အပိုင်နိုင်ဆုံး သရုပ်ဆောင်ခဲ့သူ ဝတ်မှုန်ရွှေရည်သည် ရန်သူဇာတ်ကားတွင်လည်း တစ်ဖက်သတ်ချစ်ကြိုက်နေသည့် မိန်းကလေးနှင့် အခြားယောကျ်ားတစ်ယောက် တွဲသွားတွဲလာလုပ်နေသည်ကို တွေ့လိုက်ရသောအခါ ခံစားရသည့် အသွင်သဏ္ဌာန်၊ အမူအရာများကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ဝတ်မှုန်ရွှေရည်သည်လည်း အမျိုးသမီးဇာတ်ဆောင်ဆု ကို ရရှိမည်လားဟု စောင့်ကြည့်ရမည်ဖြစ်သည်။ ။ **ကိုလင်း**



# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## Undoing ဇာတ်လမ်းတွဲမှာ နီကိုးကစ်ဒ်မင်း သမီးနှစ်ဦးနှင့်အတူတွဲဖက်သရုပ်ဆောင်

ဟောလိဝုဒ်မင်းသမီးချော နီကိုးကစ်ဒ်မင်းဟာ လက်ရှိမှာ HBO မီနီစီးရီးတစ်ခုဖြစ်တဲ့ Undoing ဇာတ်လမ်းတွဲကို ရိုက်ကူးလျက်ရှိပါတယ်။ သူ့ရဲ့ရိုက်ကွင်းကို သမီးနှစ်ဦးဖြစ်တဲ့ ဆန်းဒေးရိုစ်နဲ့ ဖိတ်မာဂရက်တို့ကို ခေါ်ဆောင်လာတာကို တွေ့ရပါတယ်။ နီကိုးဟာအသက် ၁၀နှစ်အရွယ် ဆန်းဒေးရိုစ်၊ အသက် ၈ နှစ်အရွယ် ဖိတ်မာဂရက်တို့ကို ရိုက်ကွင်းကို ခေါ်ဆောင်လာခဲ့ပြီး ခေါ်လာရတဲ့အကြောင်းကတော့ သူသရုပ်ဆောင်နေတဲ့ Undoing ဇာတ်လမ်းတွဲမှာ အရန်အခန်းကနေ သမီးနှစ်ဦးကို ပါဝင်သရုပ်ဆောင်စေဖို့ခေါ်လာတာပါ။ နီကိုးရဲ့သမီးနှစ်ဦးစလုံးဟာ ကျောင်းဝတ်စုံပေါ်ကနေ အပေါ်ထပ်အင်္ကျီဝတ်ဆင်ထားပြီး သားအမိသုံးဦးစလုံးဇာတ်လမ်းရိုက်နေတာကို တွေ့ရပါတယ်။

ဆန်းဒေးနဲ့မာဂရက်တို့ပါဝင်တဲ့အခန်းဟာ နည်းပါးပေမယ့် သေချာတာကတော့ သူတို့အတွက်တော့ ထူးခြားတဲ့အခိုက်အတန့် ဖြစ်ခဲ့မှာပါ။ HBO ရဲ့ Undoing ဇာတ်လမ်းတွဲတို မရိုက်ကူးခင်ကလည်း ဆန်းဒေးနဲ့ မာဂရက်တို့ဟာ Big Little Lies ဆိုတဲ့ ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ခဲ့ပါသေးတယ်။ မိခင်ဖြစ်သူ နီကိုးရဲ့ ခွင့်ပြုချက်နဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်ခဲ့ကြတာပါ။ နီကိုးဟာ Undoing ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရုံတင်မကပါဘူး။ သူဟာဒီဇာတ်လမ်းတွဲရဲ့ ထုတ်လုပ်သူလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲကို ယခုလအစောပိုင်းကတည်းက စတင်ရိုက်ကူးနေခဲ့ပြီး ထွက်ရှိမယ့်နေ့ကိုတော့ ကြေညာထားခြင်း မရှိသေးပါဘူး။ **ဟောလိဝုဒ်လိုက်ဖ်**



နီကိုးကစ်ဒ်မင်း

## သတင်းအမှားတွေကို မယုံကြည်ကြဖို့ ဟေးလီဘီဘာ ပြော

အင်တာနက်ပေါ်မှာ ဖတ်ရသမျှကို မယုံကြပါနဲ့လို့ ဂျက်စတင်ဘီဘာနဲ့ မကြာသေးခင်ကမှ လက်ထပ်ထားတဲ့ ဟေးလီက သူ့ရဲ့အင်စတာဂရမ်ပေါ်မှာ ရေးသားထားပါတယ်။ ဟေးလီနဲ့ ဂျက်စတင်ဘီဘာတို့ အဆင်မပြေကြဘူးလို့ သတင်းတွေထွက်ပေါ်ပြီးနောက် ဒီလိုမျိုး ရေးသားခဲ့တာပါ။ ယူအက်စ်ဝီခလီး မဂ္ဂဇင်းကတော့ ဟေးလီနဲ့ ဂျက်စတင်ဘီဘာတို့ အဆင်မပြေကြတဲ့အတွက် သူငယ်ချင်းဖြစ်သူတွေ စိုးရိမ်နေကြတယ်လို့ဖော်ပြထားခဲ့ပါတယ်။ သူတို့နှစ်ဦးကြားမှာ တစ်ဦးနဲ့ တစ်ဦး ယုံကြည်ပေးဖို့ လိုအပ်နေပြီး ခက်ခဲတဲ့အချိန်တွေ ဖြတ်ကျော်နေရတယ်လို့ ယူအက်စ်ဝီခလီးမှာ ဖော်ပြထားပါတယ်။

အဲဒီလိုရေးသားဖော်ပြမှုတွေ ထွက်ပေါ်လာတဲ့နောက် ဟေးလီက သတင်းအမှားတွေကို မယုံကြပါနဲ့လို့ ပြောခဲ့တာပါ။ ဂျက်စတင်ဘီဘာကလည်း အခုလအစောပိုင်းမှာ စိတ်ဓာတ်ကျဆင်းမှု ဝေဒနာကို ခံစားနေရတယ်လို့ တရားဝင်ပြောကြားထားပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဟေးလီလို့ ကယ်လီဖိုးနီးယားပြည်နယ် ကလာဂန်နာကမ်းခြေမှာ အတူရှိနေတုန်းကလည်း အချင်းချင်းစကားများကြပြီး ဂျက်စတင်ဘီဘာတစ်ယောက်တည်းအဝေးကိုထွက်သွားတာကို တွေ့မြင်ရပါတယ်။ ဒါပေမယ့် နောက်တစ်နေ့ ကြပြန်တော့လည်း ဒီစုံတွဲဟာ အဆင်ပြေပြေနဲ့ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေတာကိုတွေ့မြင်ရပါတယ်။ **ဟောလိဝုဒ်လိုက်ဖ်**



ဂျက်စတင်ဘီဘာနှင့် ဟေးလီဘီဘာ

## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၅)

# ပြန်လှန် စစ်မေးခြင်း



ဦးဟန်ညွန့် (ဥပဒေ)

**သက်သေအမျိုးမျိုး**

သက်သေအမျိုးမျိုးအကြောင်း ရေးသားတင်ပြ ခဲ့ပါပြီ။ "အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့တတ် စမြဲ" ဟူသော ဆိုရိုးစကားနှင့်အညီ အမျိုးမျိုးသော အမှုများ ကြုံတွေ့တတ်သည်မှာ လူ့သဘာဝဖြစ်ပေသည်။

**တရားခွင်သည် ဘဝဇာတ်ခုံ**

တရားခွင်ဟူသည် ဘဝဇာတ်ခုံပါပဲ။ လူ့ဘဝ၏ ပြဿနာမျိုးစုံကြုံသည့်နေရာ၊ ရှင်းလင်းရသည့်နေရာ၊ အမှန်အမှားပိုင်းခြားရသည့်နေရာ မဟုတ်ပါလား။ တရားသူကြီး၊ ရှေ့နေ၊ သက်သေတို့၏ အပြန်အလှန် ငြင်းခုံရာ နေရာဟုလည်း ပြောနိုင်ပါသည်။




**ပြန်လှန်စစ်မေးခြင်း**

ရှေ့နေတစ်ဦးအဖို့ ပြန်လှန်စစ်မေးခြင်းသည် အရေးကြီးသည်။ ရှေ့နေလုပ်ငန်း၏ လက်နက်ကောင်း တစ်ခုဖြစ်သည်။ သက်သေများစစ်မေးရာတွင် အဓိက ကျသည်။ ဥပဒေပညာ၏ အသက်ဖြစ်သော ပြန်လှန် စစ်မေးခြင်းအနုပညာကို ကျွမ်းကျင်မှ ရှေ့နေကောင်း ပီသမည်။ အဓိကစစ်မေးချက်၊ ပြန်လှန်စစ်မေးချက်၊ ပြန်ရှင်းစစ်မေးချက်၊ ရုံးမေး စသည်ဖြင့် တရားရေး လောကသားတိုင်းသိကြပြီးဖြစ်သည်။

**စစ်မေးခြင်း၏ အခြေခံသဘော**

စစ်မေးခြင်း၏ အခြေခံသဘောကို ပြောရလျှင် အောက်ပါအတိုင်း ပိုင်းခြားနိုင်မည်-

(၁) ထိန်းအုပ်၍ မေးပါ။
(၂) ဆွဲဆောင်ထားပါ။
(၃) အစီအစဉ် ကျနပါစေ။
(၄) သေချာတိကျမှ ဖြစ်မည်။
(၅) သက်သေမှတ်ဉာဏ်ချွေးကြည့်ပါဦး။
(၆) နစ်နာချက်များကို ဖော်ပြပါ။
(၇) ဖောက်ပြန်တတ်သောသဘော၊ လိမ်လည် တတ်သောသဘော စောကြောနိုင်ပါစေ။

**ပြန်လှန်စစ်မေးခြင်း**

ပြန်လှန်စစ်မေးခြင်းဆိုတာဘာလဲ။ တိုတိုနှင့် လိုရင်းရေးလျှင် **"သက်သေတွေကို ဆန်းစစ်တာပါပဲ"** ဟု ရေးမည်။ မှန်သလား၊ မှားသလား၊ လိမ်နေ သလား။ ဘယ်လိုချေဖျက်မလဲ။ သက်သေက ဘာပြန် ဖြေစေချင်တာလဲ။ နိဂုံးက ဘာလိုချင်တာလဲ။ သဲသဲကွဲကွဲ၊ ရှင်းရှင်းလင်းလင်း ဖော်ထုတ်ခြင်းပါ။

**ရည်ရွယ်ချက် လေးမျိုး**

ပြန်လှန်စစ်မေးခြင်း၏ ရည်ရွယ်ချက် လေးမျိုး ရှိကြောင်း နာမည်ကျော်လွှတ်တော်ရှေ့နေကြီး ဦးလှအောင်၊ ဘီအေဘီအယ်လ် ရေးသားပြုစုခဲ့သော **ရှေ့နေပညာအခြေခံမူများနှင့် လုပ်ရပ်များ** (ADVOCACY; PRINCIPLES & TECHNIQUES) စာအုပ်တွင် ထောက်ပြသင်ကြားထားသည်-

(၁) အဓိက သက်သေထွက်ဆိုချက်များမှ အရေးကြီးသော အစိတ်အပိုင်းများကို ဖြိုဖျက်ရန်
(၂) မဖြိုဖျက်နိုင်သော အဓိကသက်သေ ထွက်ဆိုချက်များကို လျော့သွားအောင် (သို့မဟုတ်) လျော့ရဲယိမ်းယိုင်သွား အောင် ပြုလုပ်ရန်
(၃) ပြန်လှန်စစ်မေးခြင်းပြုသူအား အထောက် အကူပြုမည့် သက်သေခံချက်အသစ် ဖော်ထုတ်ရန်
(၄) သက်သေကို တိုက်ဖျက်ရန်ဖြစ်သည်။ သက်သေကို တိုက်ဖျက်ရန်ဆိုရာ၌ သက်သေ၏ မယုံကြည်ထိုက်ကြောင်း၊ သက်သေ၏ အကျင့်စာရိတ္တကို ဖော်ပြ ခြင်းအားဖြင့် (သို့မဟုတ်) သက်သေသည် မှုခင်းကိစ္စ၌ ဘာမှမသိဘဲ လာရောက် ထွက်ဆိုနေကြောင်း ဖော်ထုတ်သွားရန် ဖြစ်ပေသည်။

**မလွယ်ကူ**

သက်သေတစ်ဦး၏ ထွက်ချက်ကို ချေဖျက်ရသည်မှာ တကယ်တော့မလွယ်ကူပါ။ လုံးဝဖြိုဖျက်၍ ပျက်သွားသော သက်သေရှားပါးသည်။ သက်သေ၏ အရည်အချင်းကလည်း အဓိကကျသည်။ ပြန်လှန် စစ်မေးသောရှေ့နေ၏ ကျွမ်းကျင်မှုကလည်း အရေးကြီး သည်။ အမှုအနိုင်အရှုံးမှာ သက်သေထွက်ချက်ကို အခြေခံကျတတ်ကြသည် မဟုတ်လား။

**မုသားသက်သေ**

မုသားထွက်သည့် လူလိမ်သက်သေများနှင့် တွေ့သောအခါ ချွေးပြန်ရသည်။ ရင်မောရသည်။ ဆောင်းပါးရှင်၏ ဥပဒေလုပ်သက် အနှစ် ၄၀ ကျော်တွင် ရင်မောဖွယ်တရားခွင် အတွေ့အကြုံများဟု ပြောပါရစေ။ လိမ်နေမှန်းသိပြီ။ ဘာလုပ်မလဲ။ အမှုအတွက် အသုံး မဝင်တော့ဘူးလား။ ဘယ်နည်းလမ်းကို ကျင့်သုံးမလဲ။ စွန့်ပစ်လိုက်ရမလား။ ရသမျှယူမလား။ အတော်စဉ်းစား ရသည်။ ဥပဒေသမားတိုင်းလည်း ဆောင်းပါးရှင်ကဲ့သို့ ကြုံဖူး၊ တွေ့ဖူးကြမည်အမှန်ပါ။ တရားခွင်မှာ စဉ်းစားချိန် သိပ်မရပါ။ တရားသူကြီးက မိမိ၏ဆုံးဖြတ်ချက်ကို အကြာကြီး စောင့်နေမည်မဟုတ်။ ဥပဒေနှင့်ညီသော ပြန်လှန်စစ်မေးမှု ပြုရတော့မည်။ သက်သေခံဥပဒေ

> **"တရားခွင်မှာ စဉ်းစားချိန်သိပ်မရပါ။ တရားသူကြီးက မိမိ၏ ဆုံးဖြတ်ချက်ကို အကြာကြီး စောင့်နေမည်မဟုတ်။ ဥပဒေနှင့်ညီသော ပြန်လှန်စစ်မေးမှု ပြုရတော့မည်။ သက်သေခံဥပဒေနှင့်လည်း ညီညွတ် ရမည်။ လိမ်သောသက်သေကို ဘယ်လိုပညာပေးပါမလဲ။ ဝေခွဲသော ပညာမှာ "ပြန်လှန် စစ်မေးခြင်းပညာ" ဟုသာ ဖြေကြားပါရစေ"**

နှင့်လည်း ညီညွတ်ရမည်။ လိမ်သောသက်သေကို ဘယ်လိုပညာပေးပါမလဲ။ ဝေခွဲသောပညာမှာ "ပြန်လှန် စစ်မေးခြင်းပညာ" ဟုသာ ဖြေကြားပါရစေ။

**သက်သေအား တိုက်ခိုက်ခြင်း**

သက်သေအား တိုက်ခိုက်ခြင်း၊ တိုက်ဖျက်ခြင်းဟု ဥပဒေစကားလုံးတွင် ဖော်ပြသုံးစွဲသည်ကို တွေ့ရ၊ ဖတ်ရ သည်။ သက်သေကို ဘယ်လိုတိုက်ဖျက်မှာလဲ။ ဤသက်သေကို မယုံကြည်ထိုက်။ လက်မခံထိုက်။ အခြေ ပျက်ပြီ။ ယိမ်းယိုင်သွားပြီ။ ပြန်လှန်စစ်မေးခြင်း အနုပညာက ဤနေရာတွင် အဓိကကျလှသည်။ ဒီလူက လူလိမ်။ အမြဲတမ်း လိမ်တဲ့သူ။ နားထိုင်းနေတဲ့သူ... စသည်ဖြင့် ယုတ္တိရှိရှိ၊ သဘာဝကျကျ တင်ပြမှုဖြစ်မည်။ တရားသူကြီးလက်ခံမှုဖြစ်မည်။ ဥပဒေနှင့်ညီမှု ဖြစ် မည်။

**ဘယ်နည်းကိုသုံးပါမှ**

ထိုအချိန်မှာ ပြန်လှန်စစ်မေးခြင်းနည်းလမ်း ဘယ်နည်းကို သုံးပါမှဟု တိတိကျကျ သတ်မှတ်ထား၍ မလွယ်။ မီးစင်ကြည့်၍ ကပြရသည်။ အကြောင်းအရာ ပေါ်မူတည်၍-

(၁) ဆွယ်မေးမည်လား။
(၂) မွှေနှောက်စစ်မေးမည်လား။
(၃) တိုက်ဆိုင်စစ်မေးမည်လား။
(၄) အခြေဖျက်စစ်မေးမည်လား။

အလျဉ်းသင့်သလို သုံးပေရော့-။ ဖြိုဖျက်ခြင်း၊ ပျော့သွားခြင်း၊ ယိမ်းယိုင်ခြင်း၊ အခြေပျက်ခြင်း၊ လုံးဝ ဆုံးရှုံးခံလိုက်ရခြင်း စသည် စသည်များ ကြုံတွေ့ ရပေလိမ့်မည်။

ဥပဒေအတွေ့အကြုံများသော ရှေ့နေအိုကြီးများ၊ ဆရာကြီးများ၏ တရားခွင်အတွေ့အကြုံများ၊ အငြိမ်းစားတရားသူကြီးများ၊ ဥပဒေအရာရှိကြီးများ၏ ကြွယ်ဝသော အတွေ့အကြုံများကို လေ့လာရဦးမည်။ သင်ယူရဦးမည်။ ဆောင်းပါးရှင်တို့၏ တတ်စွမ်းသမျှ အတွေ့အကြုံမှာ မှားခဲ့သည်များ၊ ဥပဒေနှင့် မညီခဲ့ သည်များ၊ "ကိုယ့်အမှုနိုင်လျှင် ပြီးရော" တစ်ဖက်သတ် အမြင်များကို (ယခုပြန်စဉ်းစားကြည့်သည့်အခါ) သင်ခန်းစာရသည်။ နောင်လူငယ်မျိုးဆက်သစ် ဥပဒေ ပညာရှင်များအား ကောင်းသောအမွေများ လက်ဆင့် ကမ်းပေးဖို့ လိုသေးသည်။ စာအုပ်တွေ များစွာဖတ်ဖို့လို သေးသည်။ အတွေ့အကြုံတွေ ဝေငှဖို့ လိုသေးသည်။

**ဖြန့်ဝေသင့်**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည် ထောင်စုရှေ့နေချုပ်ရုံးနှင့် တရားလွှတ်တော် ရှေ့နေ များကောင်စီတို့က ဥပဒေ အသိပညာပေးစာစောင်များ ဖြန့်ဝေပုံနှိပ်သည့်အခါ **"ပြန်လှန်စစ်မေးခြင်း"** အကြောင်း သိကောင်းစရာများ သတ်သတ်မှတ်မှတ် လမ်းညွှန်ခြင်း၊ နမူနာပြခြင်း၊ နိုင်ငံတကာအတွေ့အကြုံ များပါ ဖြန့်ဝေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပညာရှင်များက ဟောပြောပို့ချခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်သင်တန်းပေးခြင်းများ ပြုလုပ် သင့်သည်။ ဤသို့ ကျွန်တော်ထင်မြင်သည်။

**စေတနာ**

ပြန်လှန်စစ်မေးခြင်းသည် ရှေ့နေကောင်း၊ ဥပဒေ ပညာရှင်ကောင်းများအတွက် ကျွမ်းကျင်တတ်မြောက် အပ်သော အနုပညာတစ်ရပ်ဟု တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

## လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

**နေပြည်တော် မတ် ၁၉** - နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က ရတနာဒီပရပ်ကွက်ဓမ္မာရုံ၌ ဒေသခံများအား မတ်လဒုတိယပတ်က မူခင်းအသိပညာရရှိရေး၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ အန္တရာယ်၊ ပြစ်မှု၊ ပြစ်ဒဏ် အကြောင်းအရာများကို လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာများကို လည်းကောင်း၊ ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၅၉။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) သင်တန်းပေးသူမည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ဂ) သင်တန်းကျောင်းတည်ထောင်သူ မည်သူမဆို ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို -

(က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ အလုပ်ရှင်မည်သူမဆို -

(က) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သည့် နေ့ရက်အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

၆၂။ အလုပ်ရှင်မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် ပုဂ္ဂိုလ်မည်သူမဆို ပုဒ်မ ၂၅ နှင့် ၅၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း**

၆၆။ ကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများနှင့် ပညာပေး လုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ။

**အခန်း (၁၇)**

**အထွေထွေ**

၆၇။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်နေလျှင် အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များသတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို ဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြားသတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီ အဖွဲ့ဝင်များနှင့် အယူခံကော်မတီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့ကခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၀။ ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၁။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၂။ ဝန်ကြီးဌာနသည် လိုအပ်ပါက စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် ဒုတိယစစ်ဆေးရေးအရာရှိချုပ်တစ်ဦးကို ခန့်ထားနိုင်သည်။

၇၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရေတာရှည်-ကရင်ချောင်း-လိပ်သို စစ်တောင်းမြစ်ကူးတံတား မိုးမကျမီ အောက်ထည်လုပ်ငန်းများပြီးစီးမည်

**ရေတာရှည် မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည့် ရေတာရှည်- ကရင်ချောင်း- လိပ်သို စစ်တောင်းမြစ်ကူးတံတားသစ်တစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)၊ တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူ၍ ကျွဲရိုင်းပြင်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရာ မတ် ၁၆ ရက်အထိ နောက်ဆုံးတံတားရေလယ်တိုင် P5 ကို ဘိုးပိုင်စိုက်ထူခြင်းလုပ်ငန်းများ စတင်နေကြောင်း သိရသည်။

"မြစ်အတွင်းရေလယ်မှာ တိုင်လေးတိုင်စိုက်တာ အခုလုပ်ငန်းစတင်နေတဲ့ P5 က နောက်ဆုံးတိုင်ပဲ။ ကျန်တဲ့တိုင်တွေကတော့ ကုန်းပေါ်မှာ ပါတယ်။ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၃၅၀ ရရင် မိုးမကျခင် တံတားအောက်ထည်ပိုင်းတွေအားလုံး ပြီးစီးသွားမယ်။ ဒါ့အပြင် အပေါ်က တံတားအခန်းတစ်ခန်းကို သံပေါင်ရက်မကြီးတွေ တင်ပြီးသား ဖြစ်သွားမယ်" ဟု တာဝန်ခံ ဦးစီးအရာရှိ ဦးလှိုင်ဖြိုးဝင်းက ပြောသည်။

အဆိုပါတံတားသစ်ကြီးသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည် ပေ ၈၀၀ ရှိကာ အကျယ် ၂၄ ပေ၊ တံတားတစ်ဖက်တစ်ချက် လူသွားလမ်းအကျယ် သုံးပေစီပါဝင်မည်ဖြစ်၍ တံတားအတွက် ကုန်ကျငွေ ကျပ် သန်း ၃၄၄၀ ဖြစ်သည်။ ထို့အပြင် ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာ ဘက်ခြမ်းနှင့် တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာဘက်ခြမ်း ချဉ်းကပ်လမ်းပိုင်းကုန်ကျစရိတ် ငွေကျပ် ၁၈၅၁ သန်းနှင့်ဆိုပါက စုစုပေါင်း ငွေကျပ် ၅၂၉၁ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသစ်ကြီး ပြီးစီးသွားပါက ကရင်ပြည်နယ် သံတောင်မြို့နယ်နှင့် လိပ်သိုမြို့နယ်များအတွင်းရှိ ဒေသခံများမှာ ရေတာရှည်မြို့သို့ အချိန်တိုအတွင်း သွားလာနိုင်ကြမည်ဖြစ်သည်။ **သန်းလွင်**



တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## စေတုတ္တရာမြို့နယ် ခဲပြစ်ကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိပြီ

**စေတုတ္တရာ မတ် ၁၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မုံညင်းကျေးရွာအုပ်စု ခဲပြစ်ကျေးရွာ၌ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါစက်ရေတွင်းမှ ရေဖူလုံစွာရရှိသည့်အတွက် ကျေးရွာနေပြည်သူများ ဝမ်းမြောက်ပျော်ရွှင်နေကြကြောင်း သိရသည်။

ခဲပြစ်ကျေးရွာသည် ယခင်နှစ်များက သောက်သုံးရေအတွက် ကျေးရွာနှင့် ပေ ၂၄၀၀ အကွာရှိ ချောင်းထဲမှ အမြင့်ပေ ၁၇၀ ကို ခက်ခက်ခဲခဲ သယ်ယူသုံးစွဲနေရသည့်အတွက် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် အနက်ပေ ၄၅၀ ခန့် စက်ရေတွင်း တူးဖော်ဆောင်ရွက်ခဲ့ရာ စက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ခန့် ထွက်ရှိပြီး အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာ စက်ရေတွင်းတူးဖော်ရာနေရာသို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်၊ အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦး၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းတို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းလွင် (မကွေး)**

## အငြိမ်းစားပင်စင်လစာများကို Wave Money ဖြင့် ထုတ်ယူနိုင်ရန် ဧပြီလမှစ၍ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်နေ

**ရန်ကုန် မတ် ၁၉**

မြန်မာ့စီးပွားရေးဘဏ်နှင့် Digital Money Myanmar Ltd., Wave Money တို့ ပူးပေါင်း၍ ဒဂုံ (မြောက်) ဘဏ်ခွဲတွင် Pilot Project စမ်းသပ်အောင်မြင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘဏ်ရှစ်ခုမှ အငြိမ်းစားပင်စင်လစာများကို Wave Money ဖြင့် ထုတ်ယူနိုင်ရန် ဧပြီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MPT၊ Telenor၊ Ooredoo၊ Mytel စသော ဆင်းကတ်ကိုင်ဆောင်ထားသည့် Wave Money မှ ခန့်အပ်ထားသော ပြင်ပအေးဂျင့်များတွင် အငြိမ်းစားပင်စင်လစာတို့ကို အလွယ်တကူထုတ်ယူနိုင်တော့မည် ဖြစ်သည်။

"အမေတို့သက်ကြီးရွယ်အိုတွေ မတ် ၂၁ ရက် ပင်စင်ထုတ်ပြီဆိုရင် ယာဉ်ကြောပိတ်တတ်တဲ့အတွက် မနက် ၆ နာရီကတည်းက အိမ်ကထွက်ရတယ်။ အင်းစိန်ဘဏ်ကို ၇ နာရီခွဲမှ ရောက်တယ်။ ဒီရောက်တော့ လူကပြည့်နေပြီ။ ထောက်ကြံ့ကလာရတာ မလွယ်ဘူး။ အသက်ကြီးလာတော့ ကားတိုးစီးရတဲ့ဒဏ်ကိုလည်း မခံနိုင်တော့ဘူး။ အခုလို ကိုယ့်လမ်းထိပ်မှာရှိတဲ့ Wave Money မှာ ထုတ်ယူလို့ရတော့မယ်ဆိုတာ သိရတော့ နိုင်ငံတော်ကလူကြီးတွေကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု အသက် ၇၂ နှစ် အရွယ်ရှိ မြို့ပြပင်စင်စား ဒေါ်မြင့်မြင့်အုန်းက ပြောသည်။

လက်ရှိအငြိမ်းစားများအနေဖြင့် လက်ဝယ်ကိုင်ဆောင်ထားသော ပင်စင်စာအုပ်၊ e-Pension Card၊ ATM Card တို့ကိုသိမ်းဆည်းခြင်းမရှိဘဲ Wave Money ဆိုင်များတွင် ထုတ်ယူနိုင်မည်ဖြစ်ပြီး ထိုသို့ထုတ်ယူရာတွင် Wave Money မိုဘိုင်းစနစ်ကို အသုံးပြုထုတ်ယူမည်ဆိုပါက အငြိမ်းစားတို့၏ မိုဘိုင်းဖုန်းများသို့ လစာထည့်သွင်းပြီးကြောင်း SMS ပေးပို့အကြောင်းကြားခြင်းအတွက် ဝန်ဆောင်ခ ငွေကျပ် ၁၀၀ နှင့် မြန်မာ့စီးပွားရေးဘဏ်စာရင်းပြောင်းဆောင်ရွက်ခ ငွေကျပ် ၂၀၀ စုစုပေါင်း ငွေကျပ် ၃၀၀ သာ ကျခံရမည်ဖြစ်ပြီး ပင်စင်ထုတ်ယူရန် အချိန်စောင့်ဆိုင်းရခြင်း၊ ဘဏ်သို့လာရခြင်းတို့ ကင်းဝေးသွားမည်ဖြစ်သည်။

Wave Money ဆိုင်များတွင် ပင်စင်လစာကိုထုတ်ယူရသည့်အခါ မိမိလစာကို တစ်ကြိမ် (သို့) နှစ်ကြိမ်ခွဲထုတ်ယူပါက ဝန်ဆောင်မှုကောက်ခံခြင်းမပြုဘဲ တတိယအကြိမ်မှ စတင်၍ အလီလီထုတ်ယူခြင်းနှင့် Wave Money ၏ အခြားဝန်ဆောင်မှုတို့ကို ရယူခြင်းအတွက်သာ ဝန်ဆောင်ခပေးဆောင်ရမည်ဟု သိရသည်။

သက်ကြီးရွယ်အိုပင်စင်စားများ ပင်စင်ထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရန် ထိုသို့ဆောင်ရွက်ခြင်းဖြစ်ပြီး အငြိမ်းစားကိုယ်တိုင် ခြောက်လတစ်ကြိမ်နှင့် မိသားစုပင်စင် ခံစားနေသူတို့ကို သုံးလတစ်ကြိမ်သာ သက်ဆိုင်ရာဘဏ်တို့တွင် လူတွေ့စစ်ဆေးခံရမည် ဖြစ်သည်။ ဧပြီလတွင် စတင်အကောင်အထည်ဖော်မည့် ဘဏ်များမှာ ဘဏ်ခွဲ (၁) ရန်ကုန်၊ အင်းစိန်၊ တာမွေ၊ သဃ်န်းကျွန်း၊ ကမာရွတ်၊ မြောက်ဥက္ကလာ၊ ဒဂုံ (မြောက်)၊ လှည်းကူး စသည့်ဘဏ်ခွဲ ရှစ်ခုဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးပရိဘောဂပြုလုပ်ခြင်း သင်တန်းဖွင့်

**ရန်ကုန် မတ် ၁၉**

ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဈေးကွက်ဝင် ဝါးပရိဘောဂထုတ်လုပ်ခြင်း သင်တန်းကို မတ် ၁၈ ရက်က မှော်ဘီမြို့နယ်ရှိ အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုမှ ပြည်သူများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အသက်မွေးဝမ်းကြောင်းပညာရပ်တစ်ခုကို ကျွမ်းကျင်တတ်မြောက်ပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သစ်မဟုတ်သော ဝါးကုန်ကြမ်းမှ လက်မှုပစ္စည်းနှင့် ပရိဘောဂများ ထုတ်လုပ်နိုင်စေရန်၊ သစ်တောခုတ်ယူသုံးစွဲမှု လျှော့နည်းစေခြင်းဖြင့် သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း (AFOCO)၏ အဖွဲ့ဝင်နိုင်ငံများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဈေးကွက်ဝင် ဝါးပရိဘောဂပြုလုပ်ခြင်း သင်တန်းကိုလည်း ယခု ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ဝါးပရိဘောဂလုပ်ငန်းကို စိတ်ဝင်စားသူ ပြည်သူ ၃၁ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**



ဝါးပရိဘောဂသင်တန်း ဖွင့်လှစ်ပို့ချနေစဉ်။

## ဝါးခယ်မတံတား အဆင့်မြှင့်တင်ရေးစီမံကိန်းဆိုင်ရာ လူထုဆွေးနွေးပွဲပြုလုပ်

**ဝါးခယ်မ မတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ဝါးခယ်မတံတား အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ လူထုဆွေးနွေးပွဲ (public consultation)ကို မတ် ၁၆ ရက်က တံတား တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနိုင်ဦးက မူလကြိုးတံတား ဖျက်သိမ်းခြင်းလုပ်ငန်းများ၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် တံတားသစ်ကို အရည်အသွေး ပြည့်ဝစွာ တည်ဆောက်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက တံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



လက်ရှိတည်ဆောက်ပြီးစီးနေသော ချဉ်းကပ်တံတား

ဝါးခယ်မတံတား အဆင့်မြှင့်တင်တည်ဆောက်ရာတွင် အုတ်မြစ်အနေဖြင့် (RC Bored Pile)၊ ချဉ်းကပ်တံတားနှင့် ပင်မတံတား အရှည် ပေ ၃၀၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေဖြင့် စုစုပေါင်းအကျယ် ၃၀ ဒသမ ၅ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေ၊ ခွင့်ပြုတန်ချိန် ၆၀ ရှိသော တံတားအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ တံတားအဆင့်မြှင့်တင်ရေးလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၂၈၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**လှမ်းသီဟ(ပြန်/ဆက်)**

## နွေကြက်သွန်များ ရန်ကုန်ဈေးကွက်သို့ ဈေးနှုန်းအနိမ့်ဖြင့် စတင်ဝင်ရောက်လာ

မတ်လလယ်တွင် ရန်ကုန်ဈေးကွက်သို့ မိုးကြက်သွန်ဝင်ရောက်မှု လျော့ကျလာပြီး နွေကြက်သွန်များ စတင်ဈေးကွက်ဝင်လာကာ ယခုရက်ပိုင်း ဈေးကွက် ဝင်ရောက်ချိန်တွင် ဈေးနှုန်းအနိမ့်တွင်သာရှိနေကြောင်း ဘုရင့်နောင် ကြက်သွန်နီပွဲရုံများမှ သိရသည်။

မတ် ၁၈ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန်သုံးသိန်း ဝင်ရောက်လာပြီး ဆိပ်ဖြူကြက်သွန်နီမှာ လက်ကား တစ်ပိဿာလျှင် ၃၅၀ မှ ၅၅၀ ကျပ်နှုန်း၊ တောင်တွင်းကြက်သွန်နီက ၃၅၀ မှ ၅၂၅ ကျပ်နှုန်းနှင့် မြစ်သားကြက်သွန်နီက ၆၀၀ မှ ၈၅၀ ကျပ်နှုန်း ရှိသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းတွင် ဖော်ပြထားသည်။ မင်းဘူး ဆင်ဖြူကျွန်း ကြက်သွန်နီနှင့် သရက် အောင်လံ ကြက်သွန်နီများက လက်ကားတစ်ပိဿာလျှင် ၃၅၀ မှ ၅၅၀ ကျပ်နှုန်းရှိပြီး မလှိုင်ကြက်သွန်နီက တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ၅၀၀ ဈေးနှုန်းရှိကြောင်းလည်း ကြက်သွန်နီ အဝယ်တော် များထံမှ သိရသည်။



ဘုရင့်နောင် ပွဲရုံတစ်ခုတွင် ကြက်သွန်နီအိတ်များ သယ်ပို့နေစဉ်။

ယခင်နှစ် ကာလတူဖြစ်သော ၂၀၁၈ မတ် ၁၇ ရက်က ဆိပ်ဖြူကြက်သွန်နီမှာ ၅၅၀ မှ ၈၅၀ ကျပ်နှုန်း၊ မြစ်သားကြက်သွန်နီက ၁၀၅၀ မှ ၁၃၅၀ ကျပ်နှုန်း ရှိခဲ့ရာ ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်ထက် များစွာလျော့နည်းနေသည်။ ထို့ကြောင့် ကြက်သွန်နီလှောင်သမားများအနေဖြင့် နွေကြက်သွန်အသစ်များ စတင်ဝယ်ယူရန် ပြင်ဆင်လာကြသော်လည်း ပြည်ပနှင့် နယ်စပ်ကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခြင်းမရှိပါက ပြည်တွင်းဈေးမှာလည်း ပြောင်းလဲမှုနည်းနိုင်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့်မူ အကျိုးအမြတ်ရရှိမှု နည်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကြက်သွန်နီစိုက်ပျိုးရာတွင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅သိန်းဝန်းကျင်ရှိပြီး တစ်ဧကမှ ပျမ်းမျှ ကြက်သွန်နီပိဿာချိန် ၅၀၀၀ ဝန်းကျင်ထွက်ရှိကြောင်း မုံရွာဒေသမှ ကြက်သွန်နီစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ပြည်တွင်းကြက်သွန်နီဈေးကွက်တွင် ၂၀၁၅ နှစ်ကုန်ပိုင်းမှစ၍ ၂၀၁၈ နှစ်ဆန်းပိုင်းအထိ လှောင်သမားများ ကြက်သွန်နီထုတ်ရောင်းချိန်တွင် ဈေးနှုန်းအမြင့် ရရှိခဲ့သော်လည်း ၂၀၁၈ နှစ်လယ်နောက်ပိုင်းမှစ၍ လက်ရှိအချိန်အထိ ပုံမှန်ဈေးနှုန်းတွင်သာ ရှိနေခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

## မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ မတည်အလှူငွေပေးအပ်

**ပြည်ကြီးတံခွန် မတ် ၁၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး အလှူရှင်များက မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ မတည်အလှူငွေ ပေးအပ်ပွဲကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် လူထု အခြေပြု ဗဟိုဌာန သင်တန်းခန်းမ၌ မတ် ၁၇ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း မန္တလေးတိုင်း ဒေသကြီးတာဝန်ခံ စာရေးဆရာ မြင်းမူမောင်နိုင်မိုးနှင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းတို့က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ မတည်အလှူငွေ ကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီမှ ကျပ် ၁၀ သိန်းနှင့် စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး အလှူရှင်များက ကျပ်ရှစ်သိန်းကို ပေးအပ်လှူဒါန်းကြပြီး မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအုန်းငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း အင်္ဂလိပ်စကားပြော ဆရာအဆင့်သင်တန်းဖွင့်

**ကော့သောင်း မတ် ၁၉**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးဖောင်ဒေးရှင်း၏ အင်္ဂလိပ်စကားပြော ဆရာအဆင့်သင်တန်းဖွင့်ပွဲကို မတ် ၁၈ ရက်က ကော့သောင်းမြို့ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဆရာတော်များက သြဝါဒချီးမြှင့်ပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းတွင် အီတလီနိုင်ငံအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Istituto Oikos အဖွဲ့မှ ကနေဒါနိုင်ငံသူ သင်တန်းဆရာမ Miss.Lisa Flick က ကော့သောင်းမြို့နယ် ဓမ္မစကူးဖောင်ဒေးရှင်းမှ ဆရာ ဆရာမများအား အင်္ဂလိပ်ဘာသာဖြင့် ဗုဒ္ဓတရားတော်များဖြစ်သည့် ဘုရားရှိခိုး ဆုတောင်းမေတ္တာပို့ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ်နှင့် မင်္ဂလသုတ် ရွတ်ဆိုခြင်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး အခြား အရပ်သုံး အင်္ဂလိပ်စကားပြောနည်းများကိုလည်း သင်တန်းကာလ ၁၀ ရက်အတွင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓအဆုံးအမ တရားတော်များကို နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာစကားဖြင့် နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်နိုင်စေရန်နှင့် မျိုးဆက်သစ် လူငယ် လူရွယ်များအနေဖြင့်လည်း အင်္ဂလိပ်ဘာသာဖြင့်ပါ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာရန်အတွက် သင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မကွေးခရိုင်မှ ကျေးရွာ ၅၀ ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေ

**မကွေး မတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအရ မကွေးခရိုင်ရှိ မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်မြို့နယ်များမှ ကျေးရွာ ၅၀ ၌ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇော်ဟိန်းက ပြောကြားသည်။

လုပ်ငန်းများမှာ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကိုးခု၊ ကျေးရွာတွင်း ကျောက်ချောခင်းခြင်းလုပ်ငန်း ၁၂ ခု၊ ကျေးရွာအတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ခြောက်ခု၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ငါးခု၊ စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်း ခုနစ်ခု၊ မီးလင်းရေးလုပ်ငန်းသုံးခု၊ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း သုံးခုနှင့် ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း တစ်ခုစီဖြစ်ကြောင်း သိရသည်။

မကွေးခရိုင်အတွင်း၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်ကာလအတွင်းကလည်း မကွေး၊ တောင်တွင်းကြီး၊ ချောက်၊ နတ်မောက်နှင့် မြို့သစ် မြို့နယ်များမှ ကျေးရွာ ၁၄ ရွာ၌ စီမံကိန်းမှ ထောက်ပံ့ ရန်ပုံငွေ ကျပ်သိန်း ၁၄၀၀ နှင့် ပြည်သူလူထု ထည့်ဝင်ငွေ ကျပ် ၂၇၆ ဒသမ ၇၃၅ သိန်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



နတ်မောက်မြို့နယ်၊ ကျွဲမင်းကျကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်နေစဉ်။

# မင်းတုန်းမင်းနှင့် ဗုဒ္ဓဂယာဇရပ်တော်

မောင်သာ(ရှေးဟောင်းသုတေသန)



မင်းတုန်းမင်း၏ ဗုဒ္ဓဂယာဇရပ်တော်တည်ရှိရာ မဟာဗောဓိစေတီတော်

သရေခေတ္တရာမြို့ဟောင်း၊ ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀ တွင် ဗုဒ္ဓတရားတော် ကောက်နုတ်ချက်များ ရေးသားထားသည့် အထောက်အထားများအရ ထေရဝါဒ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသို့ ပျူခေတ်ကပင် ရောက်ရှိနေခဲ့ကြောင်း ယူဆနိုင်ခဲ့ကြသည်။ ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်၊ အနော်ရထာမင်းကြီးလက်ထက်တွင် ဗုဒ္ဓဘာသာသည် ပိုမိုထွန်းကားလာခဲ့ကာ ယုံကြည်ကိုးကွယ်မှုများ တိုးတက်များပြားလာခဲ့သည်။

ပုဂံခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းခဲ့သည့် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းစသည့် ခေတ်များတွင်လည်း မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကားခဲ့သည့် လက္ခဏာများအဖြစ် ယင်းခေတ်များတွင် တည်ဆောက်ခဲ့သည့် စေတီပုထိုးများစွာကို ယနေ့တိုင် မြင်တွေ့ကြရသည်။ ထို့အတူ မြန်မာ့သမိုင်းခေတ်အဆက်ဆက်တွင် ဘုရင်နှင့် ပြည်သူများက ဗုဒ္ဓသာသနာနှင့်သက်ဆိုင်သည့် အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့ရာ အထူးသဖြင့် ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်တွင် တည်ဆောက်ခဲ့သည့် သစ်သားဘုန်းတော်ကြီးကျောင်းများသည် မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ ယနေ့တိုင်ကျန်ရှိနေပေသည်။

မြန်မာဘုရင်များသည် ဗုဒ္ဓဘာသာကို ခေတ်အဆက်ဆက် ချီးမြှောက်ခဲ့ကြကာ သာသနိကအဆောက်အအုံများစွာကို တည်ဆောက်လှူဒါန်းခဲ့ကြသည့်အနက် မြန်မာနိုင်ငံပြင်ပတွင် ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံများလည်း ပါဝင်ခဲ့သည်။ ယင်းတို့အနက် အိန္ဒိယနိုင်ငံ ဂယာမြို့၌ မြန်မာဘုရားဖူးများ နားခိုနိုင်ရန် မင်းတုန်းမင်းကြီး ဆောက်လုပ်ခဲ့သည့် ဇရပ်တော်သည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။ မင်းတုန်းမင်းသည် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင်လည်း မြန်မာနိုင်ငံမှ ဘုရားဝတ်ပြုရန် လာရောက်ကြသည့် အစ္စလာမ်ဘာသာဝင်များ တည်းခိုရန် ဇရပ်တစ်ဆောင်ကို တည်ဆောက် လှူဒါန်းခဲ့သည်။

### မင်းတုန်းမင်း

သမိုင်းပညာရှင်များက စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ဟု သတ်မှတ်သည့် ကုန်းဘောင်ခေတ် (ခရစ်နှစ် ၁၇၅၂ မှ ၁၈၈၅ ခုနှစ်အထိ) သက်တမ်း ၁၃၃ နှစ်အတွင်း ဘုရင် ၁၁ ပါး စိုးစံခဲ့သည့်အနက် မင်းတုန်းမင်းသည် ဒသမမြောက်ဘုရင် ဖြစ်သည်။ ကုန်းဘောင်မင်းဆက် ဘုရင်များတွင် မင်းတုန်းမင်းသည် တော်ဖြောင့်၍ သီလ၊ ပညာ၊ အမြော်အမြင်နှင့် ပြည့်စုံသော မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ကြောင်း သတင်းစာဆရာကြီး ညိုမြက ရေးသားခဲ့ပြီး မင်းတုန်းမင်းသည် ပဉ္စမသင်္ဂါယနာတင်မင်းအဖြစ် ပိုမိုထင်ရှားခဲ့သည်။ ယနေ့အချိန်တိုင် အထက်မြန်မာနိုင်ငံ၏ မြို့တော်အဖြစ် စည်ပင်ဖွံ့ဖြိုးနေသည့် မန္တလေးမြို့ကို တည်ထောင်ခဲ့သူ မင်းတုန်းမင်းသည် သူ၏နန်းသက်တစ်လျှောက်တွင် သာသနာရေးနှင့် ပညာရေးကို အထူးအားပေးချီးမြှောက်ခဲ့ပေသည်။

မင်းတုန်းမင်းလောင်းလျာ မောင်လွင်ကို ၁၈၁၄ ခုနှစ် ဇူလိုင်လ ၅ ရက် အင်္ဂါနေ့တွင် ခမည်းတော် သာယာဝတီမင်းနှင့် မယ်တော် သီရိသုစန္ဒာ မလ္လာဒေဝီတို့က ဖွားမြင်ခဲ့သည်။ မင်းတုန်းမင်းသားသည် နောင်တော်ပုဂံမင်းကို ဖယ်ရှား၍ ၁၈၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် အမရပူရနန်းကို သိမ်းပိုက်ပြီး ဒသမမြောက် ကုန်းဘောင်ဘုရင်အဖြစ်ခံယူခဲ့ကာ နန်းတက်သောနေ့မှာပင် ညီတော် ကနောင်မင်းသားကို အိမ်ရှေ့ဥပရာဇာအဖြစ် ခန့်ထားခဲ့သည်။

အထက်မြန်မာနိုင်ငံကို မင်းတုန်းမင်း အုပ်ချုပ်ခဲ့သည့် ခရစ်နှစ် ၁၈၅၃ ခုနှစ်မှ ၁၈၇၈ ခုနှစ်အထိ ကာလသည် ကုန်းဘောင်ခေတ် နိဂုံးပိုင်းဖြစ်ကာ ကုန်ဆုံးလုနီးမီးတိုင်သည် မငြိမ်းချုပ်မီကာလ၌ အလျှံပိုမိုမြင့်တက်ထွန်းလင်းတတ်ကြောင်း သတင်းစာဆရာကြီး ညိုမြက တင်စားခဲ့ကာ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ အမှောင်ခေတ်သို့ မရောက်မီ မြန်မာ့ယဉ်ကျေးမှု ဘုန်းကျက်သရေအဖြာဖြာတို့သည် အန္တရာယ်များကြားမှ အားယူတောက်ပခဲ့ကြောင်း ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် ရေးသားခဲ့သည်။

မင်းတုန်းမင်းသည် တစ်ဖက်လျှင် တစ်မိုင်နှစ်ဖာလုံ ရှည်လျားသည့် စတုရန်းပုံ မန္တလေးရတနာပုံမြို့သစ်ကို (နှောင်းလူများက အောင်ကျော်ချမ်းအေး မန္တလေးဟု အမှတ်အသားပြုကြသည့်) မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် တည်ထောင်၍ အမရပူရမှ ပြောင်းရွှေ့နန်းစံခဲ့သည်။ ဗြိတိသျှတို့၏ရန်ကို ရိပ်စားမိသည့် မင်းတုန်းမင်းသည် မြန်မာနိုင်ငံတော်အား ခေတ်မီတိုးတက်လာစေရန် တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်ခဲ့ပြီး လူငယ်လူရွယ်များအား အနောက်နိုင်ငံများသို့ စေလွှတ်၍ ခေတ်မီအတတ်ပညာများ သင်ယူစေသကဲ့သို့ စက်မှုနိုင်ငံတော်ထူထောင်နိုင်ရန် ညီတော် ကနောင်မင်းသား၏ အစီအမံများဖြင့် စက်ရုံ အလုပ်ရုံများတည်ထောင်ခဲ့သည်။ ထို့အတူ နိုင်ငံတော်အတွင်း သုံးစွဲနေသည့် ငွေကြေးစနစ်ကိုပြုပြင်ရန် ရတနာပုံဒင်္ဂါးများသွန်းလုပ်၍ ပြည်သူများအား သုံးစွဲစေခဲ့သည်။

နိုင်ငံတော် လုံခြုံရေးအစီအမံများအဖြစ် အမြောက်စက်ရုံ၊ သေနတ်စက်ရုံများ ထူထောင်ခဲ့ပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် ခံတပ်များဆောက်လုပ်ခဲ့သည်။ မင်းတုန်းမင်းသည် ပြည်ပရန်ကို ကာကွယ်ရန် ဆောင်ရွက်နေစဉ် နန်းတွင်းပဋိပက္ခများကိုလည်း ဖြေရှင်းခဲ့ရသည်။

### မဟာရာဇဝင်နှင့် သင်္ဂါယနာ

မင်းတုန်းမင်းသည် စစ်ကိုင်းမင်းလက်ထက်က ရေးသားပြုစုခဲ့သည့် မှန်နန်းရာဇဝင်တော်ကြီးကို ဆက်လက်ပြုစုရန် ကန္နီ အတွင်းဝန် မဟာမင်းခေါင်သင်္ခယာ၊ နန်းမတော်ဘုရားဝန် မိုင်းခိုင်းမြို့စား မဟာသီရိဇေယသူ၊ အိမ်ရှေ့အတွင်းဝန် မဟာမင်းလှ သင်္ခယာ၊ စာရေးကြီး မင်းလှဇေယသူ၊ စာရေးတော်ခေါင်း နေမျိုးစည်သူရာဇာတို့ ပါဝင်သော မြန်မာရာဇဝင်ပြုစုရေးအဖွဲ့ကို ၁၈၆၇ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ ယင်းအဖွဲ့သည် ၁၈၂၁ ခုနှစ်မှ ၁၈၅၃ ခုနှစ် အထိ သမိုင်းမှတ်တမ်းများကို အခန်း ၂၃၇ ခန်း ရေးသားပြုစုခဲ့ရာ ဒုတိယ မဟာရာဇဝင်တော်ကြီးဟု ထင်ရှားခဲ့သည်။

ရတနာပုံ မန္တလေးမြို့တွင် သာသနာတော် နှစ် ၂၄၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ၁၈၇၁ ခုနှစ်တွင် ကျင်းပခဲ့သည့် ပဉ္စမ သံဂါယနာတင်ပွဲသည် မင်းတုန်းမင်း၏ ဗုဒ္ဓဘာသာဆိုင်ရာ ကြီးမားသော စွမ်းဆောင်ချက်တစ်ရပ်အဖြစ် သမိုင်းဝင်ခဲ့သည်။ ဘုရားရှင်၏ ပိဋကတ်တော်များကို စုပေါင်းရွတ်ဖတ် သရဇ္ဈာယ်လျက် ကျောက်ထက်အက္ခရာတင်ခဲ့ပြီး မန္တလေးတောင်ခြေရှိ ကုသိုလ်တော်စေတီဝင်းအတွင်း စိုက်ထူခဲ့ရာ ကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ရှိသည်။ ယင်းကျောက်စာချပ်များကို ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စ်ကို အဖွဲ့က မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့မှတ်တမ်း အမွေအနှစ်(Memory of the World) အဖြစ် အသိအမှတ်ပြုခဲ့သည်။

မင်းတုန်းမင်းသည် သတင်းစာထုတ်ဝေခွင့်ပြုခြင်း၊ အနောက်နိုင်ငံများသို့ သံတမန်များစေလွှတ်ခြင်း၊ အမှုထမ်းများအား လစာရိက္ခာချီးမြှင့်ခြင်း၊ နေပြည်တော်အတွင်း ခရစ်ယာန် သာသနာပြုခွင့်ပေးခြင်း၊ ပြည်သူများအား လွတ်လပ်စွာကိုးကွယ်ခွင့်ပြုခြင်း၊ သူနာပြုဆေးရုံ၊ လူအိုရုံများဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက မင်းတုန်းမင်းသည် မိမိရှေ့တွင် နန်းစံခဲ့သော ဘုရင်များနှင့်မတူဘဲ စစ်ပွဲများနှင့် သွေးထွက်သံယိုမှုများကို စွမ်းနိုင်သမျှ ရှောင်ရှားခဲ့ကြောင်းမှတ်ချက်ပြုခဲ့သည်။ မင်းတုန်းမင်းသည် သက်တော် ၆၄ နှစ်အရွယ် ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်ကံကုန်တော်မူခဲ့သည်။

### မင်းတုန်းမင်းနှင့် ဗုဒ္ဓဂယာ

မြန်မာလူမျိုးများအပါအဝင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင်၏ သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)ဖြစ်သော ဖွားတော်မူသည့် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူ (ပွင့်တော်မူ)သည့် ဗုဒ္ဓဂယာရှိ မဟာဗောဓိ၊ ဓမ္မစကြာ တရားဦးဟောတော်မူခဲ့သည့် မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံခဲ့သည့် ကုသိနာရုံတို့ကို ဗုဒ္ဓ၏အထွတ်အမြတ်နေရာတော်များအဖြစ် နှစ်စဉ်သွားရောက်ဖူးမြော် ကြည်ညိုလေ့ရှိကြသည်မှာ နှစ်ကာလ ရှည်ကြာခဲ့ပြီဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်များသည် ယင်းနေရာတော်များသို့ အများအားဖြင့် အိန္ဒိယနိုင်ငံ ဂယာမြို့မှတစ်ဆင့် သွားရောက်လေ့ရှိကြသည်။

ဂယာမြို့သည် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာခရိုင်တွင်တည်ရှိကာ ဂယာလေယာဉ်ကွင်းမှ ၁၇ ကီလိုမီတာနှင့် ဂယာ မီးရထားဘူတာရုံမှ ၁၆ ကီလိုမီတာ ကွာဝေးသည်။ ဂယာမြို့ရှိ ဘုရားရှင်ပွင့်တော်မူခဲ့သည့်နေရာသည် ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စ်ကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်တစ်ခုဖြစ်လာခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် ဘီစီ ၆၂၃ ခုနှစ်တွင် လုမ္ဗိနီ၌ ဖွားတော်မူခဲ့ပြီး ဘီစီ ၅၄၃ ခုနှစ်တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ် ၂၈၀ အကြာ ဘီစီ ၂၆၀ ဝန်းကျင်တွင် အာသောကမင်းကြီးက သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့် မဟာဗောဓိပင်အနီး၌ မဟာဗောဓိ စေတီတော်ကို သဲကျောက်တုံးများဖြင့် တည်ဆောက်ခဲ့သည်။

မဟာစေတီတော်သည် စတုဂံပုံ နှစ်ထပ်စေတီတော်ကြီးဖြစ်ကာ အာသောကမင်းကြီး တည်ခဲ့စဉ်က စေတီငယ်လေးသာဖြစ်ခဲ့ပြီး အေဒီ နှစ်ရာစုတွင် မာဂဓတိုင်းမှ ဘုရင်တစ်ပါးက လက်ရှိဖူးမြင်ရသည့်စေတီတော်ပုံကို တည်ထားကိုးကွယ်ခဲ့သည်။ အေဒီ ခုနစ်ရာစုတွင် ပါလမင်းက စေတီတော်ကြီးအား ပြန်လည် မွမ်းမံ တည်ဆောက်ခဲ့သော်လည်း အေဒီ ၁၂ ရာစုတွင် ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် အေဒီ ၁၃ ရာစုတွင် ပြန်လည်တည်ထားခဲ့ရာ လက်ရှိ မဟာဗောဓိစေတီတော်သည် ဉာဏ်တော် ၅၅ မီတာမြင့်သည်။

ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေရာဖြစ်သဖြင့် မြန်မာဘုရင်များသည် မဟာဗောဓိ စေတီတော်ကို လှူဒါန်းပူဇော်မှုများနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ခဲ့သည်။ ပုဂံခေတ်တွင် ကျန်စစ်သားမင်းကြီးသည် မဟာစေတီတော်ကြီးကို မွမ်းမံပြင်ဆင်ရန် မှူးမတ်များကို လှူဖွယ်ကျောက်သံပတ္တမြားများပေး၍ စေလွှတ်ခဲ့သည်။ ထို့အတူပင် အေဒီ ၁၂၉၉ ခုနှစ်တွင် ပုဂံဘုရင် ကျော်စွာသည်လည်းကောင်း၊ အေဒီ ၁၈၀၀ ပြည့်နှစ်တွင် ကုန်းဘောင်ဘုရင် ဘိုးတော်ဘုရားသည်လည်းကောင်း ဗုဒ္ဓဂယာသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သည်။ မင်းတုန်းမင်းသည်လည်း စေတီတော်ကြီးအတွက် ရူပီးငွေ သန်း ၇၀ လှူဒါန်းခဲ့ပြီး ဗုဒ္ဓဂယာသို့ လာရောက်ဖူးမြော်ကြသည့် မြန်မာပြည်သူများ တည်းခိုနားနေနိုင်ရန် ဇရပ်ကြီး တစ်ခုကို ဆောက်လုပ်ပေးခဲ့သည်။

### မင်းတုန်းမင်း ဇရပ်တော်

ဗုဒ္ဓဂယာသို့ သွားရောက်ကြသည့် မြန်မာဘုရားဖူးများသည် ဂယာမြို့ရှိ မဟာဗောဓိစေတီ၊ မဟာဗောဓိညောင်ပင်၊ သတ္တဋ္ဌာနနေရာတော် ခုနစ်နေရာတို့ကို လည်ပတ်ဖူးမြော်ကြပြီးလျှင် မင်းတုန်းမင်းဇရပ်တော်ကို သွားရောက်ကြည့်ရှုလေ့ရှိကြပေသည်။ ဂယာမြို့တွင် မင်းတုန်းမင်းလှူဒါန်းခဲ့သည့် ဇရပ်တော်ရှိကြောင်းသိရှိသော်လည်း ယခင်က သွားရောက်ရန်အခွင့်မသာခဲ့သဖြင့် ကိုယ်တွေ့မျက်မြင် မသိရှိခဲ့ရပါချေ။ သို့သော် မကြာမီက ဂယာမြို့သို့ ရောက်ရှိခဲ့သဖြင့် မင်းတုန်းမင်းဇရပ်တော် တည်ရှိသည့်နေရာသို့ သွားရောက်ကာ ကိုယ်တိုင်လေ့လာခွင့်ရရှိခဲ့ပါသည်။

မင်းတုန်းမင်း ဇရပ်တော်သည် ဗုဒ္ဓဂယာ၊ မဟာဗောဓိ စေတီတော်ဝင်း၏အရှေ့မြောက်ဘက်၊ ဂယာဈေးအနီး၌တည်ရှိကာ ဇရပ်ဟုဆိုသော်လည်း သစ်သားအဆောက်အအုံ မဟုတ်ဘဲ အုတ်တိုက်ကြီးတစ်လုံးဖြစ်သည်။ မင်းတုန်းမင်းဇရပ်တော်သည် ဗြဟ္မဏ မဟန့် (Mahants)များပိုင်ဆိုင်သည့် ဝင်းအတွင်း၌ ရှိနေကာ ဇရပ်တော်အနီး၌ မဟန့်တို့၏ အဆောက်အအုံများရှိနေသည်။ လက်ရှိအချိန်တွင် မင်းတုန်းမင်းဇရပ်တော်သည်ပင် အိန္ဒိယလူမျိုးများပိုင်ဆိုင်သောအဆောက်အအုံဖြစ်နေကာ ဇရပ်တွင် အိန္ဒိယလူမျိုးများ နေထိုင်နေကြပြီး အတွင်းသို့ ဝင်ရောက်ကြည့်ရှုခွင့်မရရှိခဲ့ပါချေ။ နှစ်ထပ် အုတ်တိုက် အဆောက်အအုံသည် ဆေးနီများသုတ်ထားကာ ပြတင်းပေါက်များသည် ပျက်စီးနေကြပြီဖြစ်သည်။ တစ်ချိန်က ဗုဒ္ဓဂယာသို့ ရောက်ရှိခဲ့ကြသည့် မြန်မာနိုင်ငံသားဘုရားဖူးများ တည်းခိုခဲ့ကြမည့် မင်းတုန်းမင်း ဇရပ်တော်ကို မြင်ရသူတိုင်းက မင်းတုန်းမင်း၏ ကုသိုလ်တော်ကို အမှတ်ရမိကြမည်သာဖြစ်သော်လည်း ယခုအချိန်တွင် မြန်မာတို့နှင့်မသက်ဆိုင်သည့် အဆောက်အအုံတစ်ခုအဖြစ်တည်ရှိနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပေသည်။

မင်းတုန်းမင်းကြီးသည် မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် ကြာသပတေးနေ့တွင် နန်းတက်ခဲ့ပြီး ခုနစ်နှစ်အကြာတွင် ရတနာပုံမြို့တော်ကို တည်ထောင်ခဲ့သည်။ ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလတွင် မြောင်လှမြို့စားဝန်ထောက်မင်း မင်းကြီးသီရိမဟာ ဇေယသူ၊ စာရေးကြီးနေမျိုးမင်းထင်စည်သူ၊ အမှာရေး နေမျိုးမင်းထင်စည်သူတို့ ဦးဆောင်ပြီး မဟာဗောဓိစေတီတော်ကြီးနှင့် ဘုရားရှင်ပွင့်ထွန်းခဲ့သည့် ဗောဓိပင်တို့ကို ကုသိုလ်ကောင်းမှု ပြုလုပ်ရန် စိန်လုံးရေ ၅၀၀၊ မြလုံးရေ ၃၁၁၊ ကျောက်နီလုံးရေ ၃၉၆၆၊ ပုလဲလုံးရေ ၆၂၃ နှင့် ထီး၊ တံခွန်၊ မြူတာ၊ ပန်းကုံး၊ ပန်းခိုင်စသည့် အလှူတော်များကို စကြာယာဉ် မီးသင်္ဘောဖြင့် သယ်ဆောင်သွားရောက်ခဲ့သည်။ အလှူတော်တို့ကို အုတ်တိုက်ဘဏ္ဍာအိမ်နှင့် ကောင်းမွန်စွာ ထားရှိကာ မဟာဗောဓိရွှေညောင်တော်စောင့် မဟန္တဇိက မည်သော ဇော်ဂျီထံသို့ လက်ရောက်အပ်နှံခဲ့သည်။

### မင်းတုန်းမင်းကြီး အလှူတော်ကျောက်စာ

မင်းတုန်းမင်းဇရပ်တော်သို့ မရောက်မီ မဟန့်နန်းတော်ဟောင်းဝင်ပေါက်ကို ဖြတ်ကျော်ခဲ့ကြရသည်။ လူသွားလမ်း၏ အနောက်ဘက်ခြမ်းတွင် မင်းတုန်းမင်း၏ အလှူတော် ကျောက်စာတိုက်ကိုတွေ့ရှိရသည်။ ကျောက်စာတိုက်တွင် စိုက်ထူထားသည့် ကျောက်စာပါ စာသားများကို ဝက်မစွပ်မြို့စား မဟာသီရိစည်သူက ရေးသားခဲ့ကာ ပုဏ္ဏားပုရောဟိတ် မဟာရာဇိန္ဒ အဂ္ဂမဟာဓမ္မရာဇာဂုရု၊ မြေနန်းဝန် မဟာမင်းလှသာဂသူနှင့် အမှာရေး ငရွှေလူတို့သည် မင်းတုန်းမင်း၏ အထူးထူးသော အလှူတော်များကို ဂယာသို့ ဆောင်ယူခဲ့ပြီး ကျောက်စာကို စိုက်ထူခဲ့သည်။

ယင်းကျောက်စာတိုက်ကိုပြင်ဆင်ရန် သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၄ ရက်တွင် ဂယာသို့ ကြွရောက်၍ မဟာဗောဓိစေတီတော် အုပ်ချုပ်ရေးရုံးတွင် ညှိနှိုင်းစည်းဝေးမှုများ ဆောင်ရွက်ခဲ့သည်။ ယင်းအစည်းအဝေးသို့ မင်းတုန်းမင်းဇရပ်နှင့် ကျောက်စာတိုက် တည်ရှိသည့် မြေကွက်ကိုပိုင်ဆိုင်သည့် မဟန့်တို့လည်း တက်ရောက်ခဲ့ကြသည်။ “မဟာဗောဓိရွှေညောင်တော် ကျောက်စာသံပိုင်းမော်ကွန်း”ဟု ခေါင်းစဉ်တပ်ထားသည့် ယင်းကျောက်စာတွင် မြန်မာဘာသာ လင်္ကာစကားပြေ ၈၅ ကြောင်း ရေးထိုးထားပြီး ကျောက်စာပါ စာသားအပြည့်အစုံကို ဒုတိယ မဟာရာဇဝင်တော်ကြီးတွင် ဖတ်ရှုနိုင်ကြပေသည်။

သီရိလင်္ကာနိုင်ငံသား အနာဂါရိက ဓမ္မပါလကသည် ဗုဒ္ဓဂယာရှိ မဟာစေတီတော်ကို ဗုဒ္ဓဘာသာဝင်များလက်သို့ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့ချိန်တွင် ဗြဟ္မဏ မဟန့်များနှင့် အငြင်းပွားမှုများဖြစ်ခဲ့သည်။ အေဒီ ၁၈၉၁ ခုနှစ်တွင် သီရိလင်္ကာ ဆရာတော် အနာဂါရိကဓမ္မပါလကနှင့် မြန်မာနိုင်ငံမှ ဦးသိန်းမောင်၊ ဦးဘစီ အစရှိသော ဥပသကာများက မဟာစေတီကို ဗုဒ္ဓဘာသာဝင်များထံ လွှဲပြောင်းပေးရန် အိန္ဒိယအစိုးရထံ တောင်းဆိုခဲ့ကြသည်။ နှစ်ပေါင်း ၅၀ ကျော် အရေးဆိုခဲ့ကြရပြီး ၁၉၄၉ ခုနှစ်တွင် မဟာစေတီတော်ကြီးကို ဟိန္ဒူဘာသာဝင်လေးဦးနှင့် ဗုဒ္ဓဘာသာဝင်လေးဦးတို့ ပူးတွဲ အုပ်ချုပ်ခွင့်ပြုရန် ဥပဒေတစ်ရပ် ထုတ်ပြန်ခဲ့ရာ ယခုအချိန်အထိ ဟိန္ဒူဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များက ပူးတွဲ အုပ်ချုပ်နေကြသည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ နှစ်စဉ် သွားရောက်နေကြသည့် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်များအတွင်း ဂယာမြို့တွင် အထင်အရှားမြင်တွေ့ကြရသည့် မင်းတုန်းမင်း၏ ဇရပ်တော်နှင့် မဟာဗောဓိ အလှူတော်ကျောက်စာတို့သည် မြန်မာဘုရင် မင်းတုန်းမင်း၏ စေတနာနှင့် သဒ္ဓါတရားကို ဖော်ညွှန်းနေသည့် သမိုင်းဝင် အထောက်အထားများဖြစ်ကြပေသည်။ သို့သော် မင်းတုန်းမင်း၏ သမိုင်းဝင်ဇရပ်တော်သည် မြန်မာနိုင်ငံသား မဟုတ်သည့် တစ်ပါးသူတို့၏ လက်ဝယ်သို့ရောက်ရှိနေပြီဖြစ်သဖြင့် ကုန်းဘောင်ဘုရင်၏ ဂန္ထဝင်အဆောက်အအုံကို ထာဝရ တည်တံ့ခိုင်မြဲစွာ တည်ရှိနေနိုင်ပါစေကြောင်းကိုသာ ဆုတောင်းမိခဲ့ပါသည်။ ။

> “တစ်ချိန်က ဗုဒ္ဓဂယာသို့ ရောက်ရှိခဲ့ကြသည့် မြန်မာနိုင်ငံသားဘုရားဖူးများ တည်းခိုခဲ့ကြမည့် မင်းတုန်းမင်း ဇရပ်တော်ကို မြင်ရသူတိုင်းက မင်းတုန်းမင်း၏ ကုသိုလ်တော်ကို အမှတ်ရမိကြမည်သာဖြစ်သော်လည်း ယခုအချိန်တွင် မြန်မာတို့နှင့်မသက်ဆိုင်သည့် အဆောက်အအုံတစ်ခုအဖြစ်တည်ရှိနေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပေသည်”

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်းမိတ်သစ် Customer များအား CB Bank ဒဂုံမြောက်(ပြည်ထောင်စုလမ်း)ဘဏ်ခွဲ အသစ်ကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## ဒဂုံမြောက်ဘဏ်ခွဲ(ပြည်ထောင်စုလမ်း)

အမှတ်(၃၈)၊ မြေကွက်အမှတ် (ပ/၅၇)၊ ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Fax : (95) **01 8011400, 8011414, 8011415**

Tel : (95) **01 8011401,**

Email : **ndg-pdsroadbr@cbbank.com.mm**


SHWE TAUNG
Real Estate
ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးအထူးအစီအစဉ်
8%
ရင်းနှီးမြုပ်နှံမှုတိုင်းအတွက်
အာမခံဝင်ငွေရရှိနိုင်မည့်
အခွင့်အရေး
အဆင်သင့်နေထိုင်အသုံးပြုနိုင်သော
အဆင့်မြင့်ကွန်ဒိုမီနီယံများ နှင့် ရုံးခန်းများ
HOTLINES:
09-255111888 / 01-9253379
CRYSTAL TOWER + CRYSTAL RESIDENCES + HILLTOP VISTA + TWIN CENTRO + MALIKHA
Fully Furnished & Fitted Apartments + Fitted Office Units + Ready Tenants Available + While Stocks Last
Conditions Apply: Free Legal Fees + Free Furniture + Free Shopping Vouchers + Commission to Registered Agents

## ဗိုလ်မှူးမောင်အုန်း (ငြိမ်း)
## O.T.S အပတ်စဉ်(၄၀)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စီးပွား/ကူးသန်း
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ် ၈၁၈နေ ဒေါ်သန်းသန်းနွဲ့၏ခင်ပွန်း၊ ဦးသန့်ဇော်လင်း-ဒေါ်တင်အုန်းမြင့်၊ ဦးအုန်းဇော်လင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ထင်-ဒေါ်နှင်းရွှေဇင်တို့၏ဖခင်၊ မောင်မင်းသန့်ကျော်၊ မရွှေရည်မြတ်ပွင့်၊ မရွှန်းလဝန်း၊ မောင်လင်းဘုန်းမြတ်တို့၏အဘိုးသည် ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်
### အသက်(၉၇)နှစ်

ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှ အချိန်ပိုင်းပါမောက္ခဒေါက်တာဦးဆန်းထွန်း၏ဖခင် ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်သည် ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင်ကွယ် လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒဿနိကဗေဒဌာနမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစံကြည် (ဌာနစုမှူး-ငြိမ်း)MPPE
### အသက်(၈၆)နှစ်

ဒေါ်သန္တာမြင့် (Vice President) ဘဏ်ခွဲမန်နေဂျာ၊ မြန်မာ့ရှေ့ဆောင်ဘဏ်(မြောက်ဒဂုံ) ဘဏ်ခွဲ၏ဖခင် ဦးစံကြည်သည် ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) ည ၉း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများအားလုံး**
**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးခိုင်
### အသက်(၅၄)နှစ်

ဦးကျော်ဝင်း၏ဇနီး ဒေါ်အေးအေးခိုင်သည် ၁၆-၃-၂၀၁၉ ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာ ဦးတင်မောင်ချို(ပါမောက္ခ/ဌာနမှူး၊ ရင်ခေါင်းကုဌာန) (ငြိမ်း)-ဒေါ်ငွေးကြည်တို့၏ ချစ်လှစွာသောသမီး ဒေါ်စုထွေးချို ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာကျော်မြင့်နှင့်**
**ရင်ခေါင်းရောဂါအထူးကုဆရာဝန်ကြီးများ**

### မောင်အောင်ကောင်းမြတ်
#### ပထမနှစ်(မြန်မာစာ)
#### အသက်(၂၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်(၁၈)၊ အခန်း(၂၂)နေ [ဦးစိန်ရွှေ မောင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စ·စ·စ)-ဒေါ်နှင်းဦးခိုင်]၊ ပခုက္ကူမြို့၊ ရွှေချောင်းရပ်နေ (ဦးကျော်ရှိန်း)-ဒေါ်သန်းမေတို့၏မြေးဦး၊ ဦးသိန်းရွှေ(ရွှေပြည့်စုံ၊ ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း)-ဒုတိယရဲမှူးသီသီခိုင်(အမှတ်-၁၊ တပ်ဖွဲ့ခွဲ၊ ရထားရဲတပ်ဖွဲ့၊ မန္တလေး)တို့၏ချစ်လှစွာသောသား၊ ဒေါ်အေးနှင်းရီ(ဦးစီးအရာရှိ-ငြိမ်း၊စ·စ·စ)၊ ဒေါ်သန်းသန်းဝေ(Empire Love Fashion& Dress)၊ ဒေါက်တာသိန်းကျော်-ဒေါက်တာတင်မိုးဝေ(တွဲဖက်ပါမောက္ခ၊ အစာအိမ်အူလမ်းကြောင်းနှင့်အသည်းအထူးကုဌာန)၊ ဒေါ်ဝါဝါခိုင်၊ ဒေါ်ဖြူဖြူခိုင်တို့၏တူ၊ မယွန်းအိဖြူ၊ မောင်ကျော်ရှင်းသန့်၊ မမိုးပွင့်ဖြူတို့၏အစ်ကိုသည် ၁၈-၃-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

#### ရဟန်းဒါယိကာကြီး
### ဦးညွှန့်တင်(ခ)
### ဦးမောင်မောင်လွင်
#### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးအေးငွေ-ဒေါ်ကြည်မြင့်)တို့၏သား၊ (ဦးမောင်သော်-ဒေါ်လှတင်)တို့၏သားသမက်၊ (ဦးစံလှဘော်)-ဒေါ်ခင်ဆွေမြင့်၊ (ဦးမြင့်သိန်းထွန်း)-ဒေါ်ရီရီငွေး၊ ဦးကျော်ကျော်-ဒေါ်ဖြူဖြူဝင်း၊ (ဦးမင်းသူ)-ဒေါ်အေးအေးဇော်၊ ဦးထင်လင်း-(ဒေါ်ကြူကြူ)တို့၏အစ်ကို၊ (ဒေါ်အမာစိန်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းငွေး-ဒေါ်လွင်မာဦး၊ ဦးအောင်ဇေယျ-(ဒေါ်မြင့်မြင့်ခိုင်)၊ ဦးစည်သူအောင်-ဒေါ်နီလာထွန်း၊ ဦးအောင်ချမ်းလွင်-ဒေါ်သီရိနွယ်ထွေး၊ ဦးစိုးထက်သူ-ဒေါ်အေးဥမ္မာအောင် (Ruby Mart Yan)၊ ဦးဟန်ဝင်းအောင်-ဒေါ်သက်သန္တာအောင်၊ ဦးဇော်ဝင်းမြင့်-ဒေါ်အိဖြူထွေး၊ ဦးကိုကိုလတ်-ဒေါ်စုစန္ဒာအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၃-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉း၃၅နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ အမှတ် (A-12)၊ အခန်း(302)၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

#### ရဟန်း၊ သိမ်၊ ကျောင်း
#### ဒါယိကာမကြီး
### ဒေါ်ခင်မာရီ(ခ)မိပက်
#### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၁၀၅)၊ အခန်း-၁(က)နေ (ဦးလှရွှေ-ဒေါ်တိုး)တို့၏သမီးငယ်၊ (ဦးတင်စိန်)-ဒေါ်ဝင်းရွှေတို့၏သမီးချွေးမ၊ ဦးအောင်ထွဋ်(တည်ဆောက်ရေး(၅)၊ ပျဉ်းမနား၊ ဆည်မြောင်း)၏ဇနီး၊ ကိုပြည့်စုံအောင်(တော်ဝင်မိသားစုကုမ္ပဏီ)-မအေးကေခိုင်(KT Group)၊ ကိုထက်ဝေ-မအိမ့်သူအောင်၊ မသက်မြတ်နိုးအောင်၏ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၁၉ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးထွန်းဇော်ဝင်း(ခ)ပေါက်စ
#### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ၃၁လမ်း(အထက်လမ်း)၊ အမှတ် ၁၉၄နေ (ဦးတင်ဝင်း-ဒေါ်ခင်သက်)တို့၏သား၊ ဒေါ်နန်းသက်ဝင်း၊ ဦးသန်းဇော်ဝင်း - ဒေါ်မေမြတ်မွန်၊ ဦးမောင်မောင်လွင်-ဒေါ်နန်းစုဝင်းတို့၏ညီ/မောင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၁၉-၃-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်
### အသက်(၉၇)နှစ်

ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနမှအချိန်ပိုင်းပါမောက္ခ ဒေါက်တာဦးဆန်းထွန်း၏ဖခင် ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်သည် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အသုံးချဒဿနပညာဘွဲ့လွန်ဒီပလိုမာ**
**(First Batch)သင်တန်းသား၊ သင်တန်းသူများ**
**ရန်ကုန်တက္ကသိုလ်**

## ဒေါ်သောင်းကြည်
### မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာ
### အသက်(၈၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာနေ (ဦးမောင်လေး-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးအုန်းဖေ)၏ဇနီး၊ (ဦးချစ်ငွေ)-ဒေါ်သန်းမြင့်၊ဦး သိန်းထွန်း-ဒေါ်ညိုတင်၊ ဦးကျော်အောင်-ဒေါ်ဝေ၊ ဒုတိယရဲမှူးစောထွန်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ ဥပဒေသုတေသနဌာနခွဲ)-ဒေါ်ခင်လင်းဦးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် မြောင်မြို့နယ်၊ ကျောက်ရစ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သောင်းကြည် (မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာ)
### အသက်(၈၈)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ရဲ ဦးစီးဌာနကြီး၊မှုခင်းဌာန၊ ဥပဒေသုတေသနဌာနခွဲမှ ဒုတိယရဲမှူးစောထွန်း၏မိခင် ဒေါ်သောင်းကြည်သည် ၁၈-၃-၂၀၁၉ရက် ညတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးနှင့်တပ်ဖွဲ့ဝင်များ**
**ဥပဒေသုတေသနဌာနခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရွှေမြင့် အသက်(၆၅)နှစ်
### စက်မှု-၁၊ (ကြွေ/မြေ)(ငြိမ်း)၊ သန်လျင်ဖန်ချက်စက်ရုံ(ငြိမ်း)
### လ/ထ အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေးနှင့်အုပ်ချုပ်ရေးဌာန
### အမှတ်(၁)၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း
### မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၄၄၄(F-3)နေ(ဦးမောင်မောင်ခင်-ဒေါ်အုန်းမြ)တို့၏သမီး၊ ဒေါ်မြင့်မြင့်ရီ၊ (ဦးမောင်မောင်ယု)-ဒေါ်စန်းစန်းနွယ်(စက်မှု-၁၊ အထည်အလိပ်-ငြိမ်း)၊ (ဦးဂျော်နီပေါ်ထူး)- ဒေါ်မြမြစန်း(စက်မှု-၁၊ ငြိမ်း)၊ (ဦးပက်ထရစ်)၊ ဦးမော်ထူး-ဒေါ်ခင်သီတာဝင်း၊ ဦးပီတာ-ဒေါ်ခင်အုန်းနွဲ့၊ ဦးတိုးတိုးထူး-(ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းထူး-ဒေါ်ကြည်ကြည်မြင့်၊ ဦးဂျန်မော်တူးရှန်-ဒေါ်မိုးမိုးထူး၊ (ဦးမျိုးအောင်ထူး)တို့၏ညီမ/အစ်မ၊ ကိုစိုးငြိမ်း(ဂျပန်ဆရာစိုး)-မသီရိဇော်၊ ကိုအေးမင်းစိုး-မနှင်းနှင်းဇော်၊ ဒေါက်တာညွှန့်ဝင်း-ဒေါက်တာသန္တာဇော်၊ မနှင်းဖြူအေး(Pentastellar Ltd.)၊ ကိုကျော်လင်း(Rhinoshield Co Ltd)-မသင်းယုနွယ်၊ ကိုအောင်ကျော်မိုး(C/E,Gewin Co Ltd)၊ ကိုရဲရင့်တူးရှန်(AYA Bank)၊ မဇင်မာထူး၊ ကိုညီဝေယံထက်၊ ကိုနေရဲလင်း၊ မချောကလျာထူး၊ မသန့်သန့်မိုးတူးရှန်တို့၏အဒေါ်၊ မထက်မေမွန်၊ မောင်အောင်မျိုးလင်းတို့၏အဘွားသည် ၁၉-၃-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြင့်လွင်
### ကလေးအထူးကုဆရာဝန်ကြီး
### အသက်(၆၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဒေါ်ချယ်ရီစိုးမြင့်)၏ခင်ပွန်း ဒေါက်တာမြင့်လွင်သည် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်လွင်မိသားစု**
**ဒေါက်တာချစ်ဦးမိသားစု**
**ဒေါက်တာဝေဖြိုးနေဝင်းမိသားစု**

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ ရေကန်၊ တန်ဆောင်း
#### ဒါယကာကြီး
### ဦးအောင်မျိုးဇင် B.A History, Second Engineer, (CDC-71953)
#### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၅)၊ ၃/၄လွှာနေ(ဗိုလ်ကြီးဇင်မောင်-ဒေါ်ခင်အေးမြင့်)တို့၏ချစ်လှစွာသောသား၊ ဗိုလ်မှူးသိန်းဝင်း (ငြိမ်း)-ဗိုလ်မှူးဒေါ်သီသီဇင်(ငြိမ်း)(AKM-MEC)၊ ဒေါက်တာနေဝင်း(ဒုစက်ရုံမှူး)-ဗိုလ်ကြီး ဒေါ်ရီရီလွင်(ငြိမ်း)အလုပ်ရုံမှူး(သာပေါင်း)တို့၏မောင်၊ ဦးကျော်ခင်ဇော်(ဦးစီးမှူး-မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ချယ်ရီစိုး(ကြီး/မှူး-MICB)၊ ဒေါက်တာဆွေဆွေဇင်(တွဲဖက်ပါမောက္ခ-မြန်မာ နိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊ ဒေါက်တာချိုချိုသွင်(တွဲဖက်ပါမောက္ခ-အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်)၊ ဦးသန့်ဇင်(လက်ထောက်မန်နေဂျာ-IGE Power Co,Ltd)-ဒေါ်နှင်းယုဇင်(ဒု-ကြီး/မှူး-MFTB)တို့၏အစ်ကို၊ ဒေါက်တာမြတ်မွန်ဇင်သိန်း(လ/ထဆရာဝန်ခွဲစိတ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်ကြီးရဲရင့်သိန်း(ဆေးမှူး)နေပြည်တော်၊ မအိမွန်သူ (ကမ္ဘောဇဘဏ်)၊ မောင်ကောင်းထက်ရွှေ၊ မချောသန့်ဇင်၊ မောင်ခန့်သန့်ဇင်တို့၏ဦးလေး/ဘကြီးသည် ၁၈-၃-၂၀၁၉ရက် (တနင်္လာနေ့) ည ၁၀း၂၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

#### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုစိတ္တသာရ (သာသနာ့ဇောတိကဓမ္မာစရိယ)
### (နေပြည်တော်တိုင်း ဝိနည်းဓိုရ်၊ မြို့နယ်သံဃာ့ဝန်ဆောင်၊ ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ)
### (ရတနာမာရ်အောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက)
### သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ

နေပြည်တော်၊ လယ်ဝေးမြို့၊ (၁)ရပ်ကွက်၊ ရတနာမာရ်အောင် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ အရှင်သူမြတ်သည် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁၃ရက်) ၁၈-၃-၂၀၁၉ရက် (တနင်္လာနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်)၂၂-၃-၂၀၁၉ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်၌ သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီး စမ်းကလေးသုသာန်သို့ ပို့ဆောင်ကာ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
ရတနာမာန်အောင် ပရိယတ္တိစာသင်တိုက်

#### ရဟန်းဒါယိကာမကြီး
## ဒေါ်ခင်နှင်းလွင် (တောင်ကြီး)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၃၃၂)၊ အခန်း(၁၆)နေ (ဦးရွှေသာထွေး-ဒေါ်သန်းကြည်)တို့၏သမီး၊ [ဦးဖိုးကျော်(တောင်ငူ)-ဒေါ်အေးစိန်]တို့၏သမီးချွေးမ၊ (ဒေါ်ခင်နှင်းဖြူ)၊ (ဦးခင်မောင်မြင့်)တို့၏အစ်မ၊ ဗိုလ်မှူးတင်အုန်း(လေယာဉ်မှူး-ငြိမ်း၊ မြန်မာ့လေကြောင်း၊ တပ်မတော်-လေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးရဲနိုင်(C/E-SJS,BE,Mech-83)-ဒေါ်ခင်ငွေးမြင့်၊ ဦးမင်းနိုင်-ဒေါ်အေးလဲ့ညို၊ ဦးဘုန်းနိုင်၊ ဦးလင်းနိုင်-(ဒေါ်လှလှမွန်)၊ (ဗိုလ်မှူးဇော်နိုင်မြင့်)(DSA-24)-ဒေါ်မော်မော်နိုင်၊ ဦးသူရစိုး-ဒေါ်စန္ဒာနိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ရန်ကုန်မြို့ ခုတင်-၅၀၀အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း [မြို့နယ်ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန]
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ် ၄၄(ပထမထပ်-A)နေ ဒေါ်တင်တင် အေး(ဒဂုံတက္ကသိုလ်၊ စာရင်းကိုင်အဆင့်-၁)၏ခင်ပွန်း၊ Capt:သီဟဝင်း-မနှင်းနှင်းမေ၊ ကိုဟံသူ-မခင်ခင်စိန်၊ (မအေးအေးခိုင်)တို့၏ဖခင်၊ မောင်ထူးအောင်ရှိုင်း-မသဉ္ဇာလင်းထက်၊ မောင်ကောင်းတင်မြင့်၊ မောင်နေအောင်လွင်၊ မတင်ယမင်းဦး၊ မသွယ်နှင်းဝတီထက်တို့၏အဘိုး၊ မယွန်းနဒီနိုင်၏အဘေးသည် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ရက် ညနေ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်းရေကန် ဒါယကာကြီး
## ဦးဟန်စိုး(ညီညီ) B.Sc (Forestry)1970
### (ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ မြကန်သာလမ်း၊ (၅)မိုင်ခွဲ၊ ခြံအမှတ်-၁၄၉(B-1)နေ (ဦးစိုးတင်-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးမောင်အေး-ဒေါ်ခင်တင်)တို့၏သားသမက်၊ ဒေါ်ခင်နွဲ့အေး(ဦး/ရှိ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးအေးကိုကိုစိုး(Norstar Crew Management) -ဒေါ်ဝင်းစန္ဒာလင်း၊ ဦးတင်စန်းမင်း-ဒေါ်အေးမြတ်စိုးတို့၏ဖခင်၊ မောင်ရွှေမင်းဝဏ် (Oxygen)၊ မမိုးမာန်ကို၊ မသလင်းကိုတို့၏ဘိုးဘိုး၊ (ဦးမင်းခိုင်)-ဒေါ်ကြည်ကြည်၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ဝင်း၊ (ဦးရွှေဖြိုး)-ဒေါ်ခင်မြင့်အေး၊ (ဦးဝင်းစိုး)-ဒေါ်ခင်စန္ဒာမာ၊ (ဦးစောသိန်း)-ဒေါ်ယုယုတင်၊ ဦးဇင်အောင်-(ဒေါ်ဆွေဆွေတင်)၊ ဦးကြီးစိုး-ဒေါ်မြသွေးရှိန်တို့၏ညီ၊ အစ်ကို၊ မောင်သည် ၁၉-၃-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၁-၃-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

#### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် လမ်း၊ တံတား၊ (ရှင်တရာ၊ ငဖဲ) ဒါယကာကြီး
## ဦးတင်လှ (ပြည်တွင်းရေကြောင်း-ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ လှိုင်ရိပ်မွန်နေ(ဦးမောင်မောင်ကြီး-ဒေါ်သိန်းညို)တို့၏သား၊ (ဦးရွှေ-ဒေါ်ရင်ကြည်) တို့၏သားသမက်၊ ဒေါ်အေးအေးမော်၏ချစ်လှစွာသောခင်ပွန်း၊ မအိမိုးလှိုင်၊ မသက်စိုးလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးဆိန်းဟံ-ဒေါ်ခင်လှလှဝင်းတို့၏ညီမောင်၊ ကိုသိန်းနိုင်ဦး-မညွန့်ညွန့်ငွေး၊ ကိုအေးကျော်အောင်-မစန္ဒာမျိုး၊ ကိုထွန်းဝင်း-မစုစုလှိုင်၊ ကိုခင်မောင်သန့်၊ မသက်သက်မာတို့၏ ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပန်းဆိုးတန်း၊ နန်းသီတာဆိပ်ကမ်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်အောင်ကိုမြတ်(ခ)ကိုပိုင် (မြိတ်)
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုနန္ဒာ ဇလမ်း၊ သုမင်္ဂလာ အိမ်ရာဝင်း၊ အမှတ် ၁၅၅နေ (ဦးထုံး-ဒေါ်မြသွယ်)တို့၏သား၊ (ဦးကြည်လွင်)-ဒေါ်ဖြူဖြူ၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်ဝါ၊ ဒေါ်မိုးမိုးဝါ၊ ဦးထိုက်နိုင်စိုး-ဒေါ်လေးမြတ်နွယ်တို့၏မောင်၊ တူ၊တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၉-၃-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈း၃၇ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၉**

တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့သည် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မတိုင်မီ NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်ဖက်တပ်များအကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်၊ ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် သဘောတူညီချက်များအား နှစ်ဖက်လုံးမှအလေးထားလိုက်နာဆောင်ရွက်ရန်၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်သွားရန် စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# (၂၀၂၀) အာရှ ယူ - ၂၃ ခြေစစ်ပွဲ ပွဲစဉ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၉**

(၂၀၂၀) အာရှ ယူ-၂၃ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်များအနက်မှ မြန်မာယူ-၂၃ ဘောလုံးအသင်းပါဝင်သည့် အုပ်စု(ဈ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာ ယူ-၂၃ ဘောလုံးအသင်းသည် မတ် ၂၂ ရက် ညနေ ၆ နာရီတွင် တီမောလက်စတေဘောလုံးအသင်းနှင့် လည်းကောင်း၊ မတ် ၂၄ ရက် ညနေ ၆ နာရီတွင် မကာအိုဘောလုံးအသင်းနှင့်လည်းကောင်း၊ မတ် ၂၆ ရက် ညနေ ၆ နာရီတွင် ဂျပန်ဘောလုံးအသင်းနှင့်လည်းကောင်း ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်း အင်အားအသင့်အတင့် လျှင်လှုပ် ယခုနှစ်အတွင်း မြေငလျင် ၃၂ ကြိမ် အထိလှုပ်ခဲ့




| Earthquake Information | |
| --- | --- |
| Date | 18.3.2019 |
| Time (MST) | 23:24:30 |
| Magnitude | 5.3(Moderate) |
| Latitude | 21.93 N |
| Longitude | 94.41 E |
| Depth | 72 km |
| Region | 45 miles west-southwest of Monywa |

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံအတွင်း မုံရွာမြို့၏ အနောက်- အနောက်တောင်ဘက် ၄၅ မိုင်ခန့် အကွာ ဗဟိုချက်၊ အနက် ၇၂ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု မတ် ၁၈ ရက် ညပိုင်းက လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်အတွင်း ဇန်နဝါရီမှမတ် ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင် ၂၈ ကြိမ်နှင့် အင်အားအသင့်အတင့်ရှိ မြေငလျင် ၄ ကြိမ် စုစုပေါင်းမြေငလျင် ၃၂ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း မြေငလျင်ဌာနခွဲ (နေပြည်တော်)မှ သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၆* ❐

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဗီယက်နမ်နှင့်ပွဲအတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် မတ် ၁၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။


မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဦးတင်မြင့်အောင်၊ **နည်းပြချုပ်-** ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ-** ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ-** ဦးမြကိုမင်း၊ **ဂိုး-** ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ် (မြဝတီ)၊ သန္တာဦး (ဂန္ဓမာ)၊ **နောက်တန်း-** ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ **အလယ်တန်း-**ခင်မာလာထွန်း၊ နုနု၊ သင်းသင်းယု (အား/ကာသိပ္ပံ)၊ငယ်ငယ်ထွေး၊ ခင်မိုးဝေ၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❋



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကစားသမားများ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ- စိုးညွန့်



# မြန်မာနှင့် တရုတ် (တိုင်ပေ) ခြေစမ်းပွဲ ဂိုးမရှိသရေကျ

**ရန်ကုန် မတ် ၁၉**

မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ် (တိုင်ပေ) လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်း၏ ပထမဆုံးပွဲမှာ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

**မြန်မာအသင်းတိုက်စစ်မှူး ဝင်းနိုင်စိုး၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို တရုတ် (တိုင်ပေ) ဂိုးသမား ကာကွယ်နေစဉ်။**

ဓာတ်ပုံ- စိုးညွန့်

မြန်မာအသင်းသည် ပထမပိုင်းတွင် ထင်သလောက်ကစားပုံ မကောင်းခဲ့ဘဲ ဒုတိယပိုင်းမှ ကစားပုံပြန်ကောင်းကာ ဖိအားပေးနိုင်ခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။

မြန်မာအသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ထက်(**ဂိုး**)၊ သက်နိုင်၊ ပြည့်ဖြိုးဇော်၊ ဇော်မင်းထွန်း၊ မင်းကျော်ခန့်၊ လှိုင်းဘိုဘို၊ လားဒင်မောရ၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ အောင်မြင့်ထွန်း၊ ဝင်းနိုင်စိုးတို့ကို အသုံးပြုခဲ့ပြီး တရုတ် (တိုင်ပေ) အသင်းကို ရင်ဆိုင်ခဲ့သည်။

မြန်မာအသင်းသည် မျက်နှာသစ်ကစားသမားအချို့ကို အသုံးပြုခဲ့သော်လည်း ပထမဆုံးနိုင်ငံတကာပွဲ ဖြစ်သောကြောင့်စိုးရိမ်စိတ်များပြီး ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။ ပထမပိုင်းတွင် တရုတ် (တိုင်ပေ)အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့ပြီး မြန်မာဂိုးသမား ကျော်ဇင်ထက်နှင့် နောက်ခံလူများအမှားမရှိ၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ် သည်။


ပထမပိုင်းပြီးခါနီးတွင် အောင်သူ၊ ဒုတိယပိုင်းအစတွင် ငြိမ်းချမ်းအောင်တို့ကို

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့
၂၀၁၉ ခုနှစ်၊ မတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့နဲ့ စမတ်ကားပါကင်



**အာကာဟိန်း**

မော်တော်ယာဉ် အစီးရေ များပြားရာ နေ့စဉ်အသုံးပြုမောင်းနှင်သွားလာနေတဲ့ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှုတွေနဲ့အတူ မော်တော်ယာဉ်တွေရပ်နားဖို့အတွက် ကားပါကင်အခက်အခဲနဲ့လည်း ကြုံတွေ့နေရပါတယ်။ အဲဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ပုဂ္ဂလိကကုမ္ပဏီတွေကို တင်ဒါခေါ်ယူစိစစ်ရွေးချယ်ပြီး ရန်ကုန်မြို့မှာ စမတ်ကားပါကင်တွေဖော်ဆောင်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ စမတ်ကားပါကင်တွေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် တင်ဒါခေါ်ယူခဲ့ရာမှာ မတ် ၅ ရက်က တင်ဒါဖောင်သွင်းထားတဲ့ အဆိုပြုလွှာတွေကို ဖွင့်ဖောက်စိစစ်ရွေးချယ်ကာ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ ဘဏ္ဍာရေးအခြေအနေတွေကို စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

စမတ်ကားပါကင်တွေ တည်ဆောက်ဖို့အတွက် ဂျပန်၊ တရုတ်၊ အစ္စရေး၊ စင်ကာပူစတဲ့ ပြည်ပကုမ္ပဏီတွေက စိတ်ဝင်စားနေသလို ပြည်တွင်းကုမ္ပဏီတွေကလည်း ပြည်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ဖို့ စိတ်အားထက်သန်နေကြပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့မှာ မော်တော်ကားပါကင်တွေ အကောင်အထည်ပေါ်လာဖို့ဟာ မကြာမီကာလအတွင်း ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ စမတ်ကားပါကင်တွေ တည်ဆောက်ဖို့ တင်ဒါရွေးချယ်ရေးကော်မတီမှာ အင်ဂျင်နီယာတွေ၊ အိုင်တီပညာရှင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ကျွမ်းကျင်သူတွေ ပါဝင်တာမို့ ခေတ်မီစမတ်ကားပါကင်တည်ဆောက်ရေးအတွက် တင်ဒါတင်သွင်းထားတဲ့ အဆိုပြုလွှာရှင်ကုမ္ပဏီတွေကို စနစ်တကျရွေးချယ်ကာ အကောင်အထည်ဖော်စေမှာ ဖြစ်ပါတယ်။

မတ် ၁၂ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးခန်းမ (၄) မှာ Shin Watahan Co., Ltd မှ တာဝန်ရှိသူတွေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တွေ့ဆုံပြီး ရန်ကုန်မြို့မှာ လိုအပ်နေတဲ့ ကားပါကင်အခက်အခဲကို ခေတ်မီစမတ်ကားပါကင်များဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး ဆွေးနွေးခဲ့ကြပါတယ်။

**အချပ်ပို (ဃ) သို့**

**စမတ်ကားပါကင်တွေ တည်ဆောက်ဖို့အတွက် ဂျပန်၊ တရုတ်၊ အစ္စရေး၊ စင်ကာပူစတဲ့ ပြည်ပကုမ္ပဏီတွေက စိတ်ဝင်စားနေသလို ပြည်တွင်းကုမ္ပဏီတွေကလည်း ပြည်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ဖို့ စိတ်အားထက်သန်နေကြပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့မှာ မော်တော်ကားပါကင်တွေ အကောင်အထည်ပေါ်လာဖို့ဟာ မကြာမီကာလအတွင်း ပေါ်ပေါက်လာတော့မှာ ဖြစ်**

အချပ်ပို (ခ)
ရန်ကုန်မြို့၏ ဈေးကွက်စာမျက်နှာသစ်ဖြစ်လာမည့် ရန်ကုန်စတော့အိတ်ချိန်း




အချပ်ပို (ဂ)
ဒလမြို့နယ်အတွက် သန့်ရှင်းကြည်လင်သောရေ



# ရန်ကုန်မြို့၏ ဈေးကွက်စာမျက်နှာသစ်ဖြစ်လာမည့် ရန်ကုန်စတော့အိတ်ချိန်း

ဖူးပြည့်

**ရန်ကုန်** မြို့တော်ကြီးကို သာယာလှပပြီး ခေတ်မီဆန်းသစ်တဲ့ မြို့ကြီးတစ်မြို့အဖြစ် ပြုပြင်ပြောင်းလဲဖို့ဆိုရင် စီးပွားရေးအင်အားခိုင်မာတောင့်တင်းဖို့ လိုအပ်ပါတယ်။ မြို့ကြီးတစ်မြို့ စီးပွားရေးဖွံ့ဖြိုးဖို့ဆိုရင် အဲဒီမြို့မှာနေထိုင်တဲ့ မြို့သူမြို့သားတွေအတွက် စီးပွားရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းတွေရှိနေဖို့ လိုပါတယ်။ တစ်နေ့တခြား ခေတ်မီနည်းပညာတွေ တိုးတက်လာနေတဲ့ ကမ္ဘာကြီးမှာနေထိုင်ရပ်တည်ဖို့ဆိုရင် လူတိုင်းလူတိုင်းဟာ စီးပွားရေးဆိုင်ရာနည်းပညာတွေကိုလည်း တတ်မြောက်ထားဖို့ လိုအပ်လာမှာဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ရန်ကုန်သူရန်ကုန်သားတို့အဖို့ ကမ္ဘာတစ်ဝန်းကျင့်သုံးနေသော စီးပွားရေးဈေးကွက်တစ်ခုဖြစ်တဲ့ စတော့ဈေးကွက်အကြောင်းကို ရေးသားတင်ဆက်ရန် အကြောင်းဖန်လာပါတယ်။ ထို့ကြောင့်ပင် ရန်ကုန်မြို့လယ်တွင် ဖွင့်လှစ်ထားသော ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူဖြစ်သည့် အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးနှင့် သွားရောက်မေးမြန်းထားသည်ကို တင်ပြလိုက်ရပါသည်။

### ရန်ကုန်စတော့အိတ်ချိန်းတည်ထောင်ခဲ့ပုံ

"နိုင်ငံစီးပွားရေးစနစ်ကို အဓိကအထောက်အကူဖြစ်စေတဲ့ ကာလရှည်ငွေကြေးအရင်းအနှီးတွေကို စတော့ဈေးကွက်မှတစ်ဆင့် အထိရောက်ဆုံးစုစည်းနိုင်စေရေး၊ အများပြည်သူတို့ အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(မြန်မာ့စီးပွားရေးဘဏ်)က ၅၁ ရာခိုင်နှုန်းထည့်ဝင်ပြီး ဂျပန်နိုင်ငံဒိုင်ဝါသုတေသနအဖွဲ့နဲ့ JPX အုပ်စုတို့မှ ၄၉ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းထားတဲ့ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့ စတင်တည်ထောင်ခဲ့ပါတယ်။

### စာရင်းဝင်ကုမ္ပဏီများ ပါဝင်ရောင်းဝယ်

ရန်ကုန်စတော့အိတ်ချိန်းဟာ အရည်အချင်းပြည့်မီတဲ့ အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီတွေကို စတော့အိတ်ချိန်းမှာ စာရင်းတင်သွင်းပြီး ပါဝင်ရောင်းဝယ်ဖို့ ဖိတ်ခေါ်ခဲ့ရာမှာ ၂၅-၃-၂၀၁၆ ရက်နေ့မှာ FMI ကုမ္ပဏီ၊ ၂၀-၅-၂၀၁၆ ရက်နေ့မှာ မြန်မာသီလဝါ အထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ၊ ၂၆-၈-၂၀၁၆ ရက်နေ့မှာ မြန်မာနိုင်ငံသားများဘဏ်၊ ၂၀-၁-၂၀၁၇ ရက်နေ့မှာ ပထမပုဂ္ဂလိကဘဏ်နဲ့ ၂၆-၁-၂၀၁၈ ရက်နေ့မှာ TMH Telecom အများပိုင်ကုမ္ပဏီများအဖြစ် ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အဆိုပါကုမ္ပဏီတွေရဲ့ ရှယ်ယာတွေကို ရောင်းဝယ်ဖောက်ကားလျက်ရှိပါတယ်။

### ရှယ်ယာရောင်းဝယ်လိုပါက

စတော့ရောင်းဝယ်လိုကြတဲ့ ရင်းနှီးမြှုပ်နှံသူများအနေနဲ့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ရောင်းဝယ်ရေးအဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများဖြစ်ကြတဲ့ MSEA, KBZ, SC, AYA Trust, CB Securities, KTZ RH, UAB Securities ဆိုတဲ့ ကုမ္ပဏီများထဲမှ မိမိနှစ်သက်ရာတစ်ခုခုကိုရွေးချယ်ပြီး ဖောက်သည်စာရင်းဖွင့်လှစ်ကာ အရောင်းအဝယ်ပြုလုပ်နိုင်ကြပါတယ်။ မိမိကိုယ်တိုင် ဒီကုမ္ပဏီတွေကို သွားရောက်ပြီး အရောင်း/အဝယ် အော်ဒါပေးနိုင်သလို အွန်လိုင်းကတစ်ဆင့် ရောင်းဝယ်နိုင်အောင်လည်း စီစဉ်ထားပါတယ်။ အဲဒီငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကတစ်ဆင့် မိမိစိတ်ဝင်စားတဲ့ ကုမ္ပဏီအတွက် ဝယ်လိုတဲ့ရှယ်ယာအရေအတွက်၊ ဈေးနှုန်း၊ အော်ဒါအမျိုးအစားတွေကို တင်ရမှာ ဖြစ်ပါတယ်။ တင်လိုက်တဲ့ အော်ဒါတွေဟာ အင်တာနက်လိုင်းကတစ်ဆင့် စတော့အိတ်ချိန်းကို ရောက်ရှိလာတာ ဖြစ်ပါတယ်။ စတော့အိတ်ချိန်းဟာ ရောက်ရှိလာတဲ့ အရောင်းအဝယ်အော်ဒါတွေကို တန်းစီဇယားထဲမှာ ထည့်ထားပြီး တစ်နေ့ကို လေးကြိမ်အရောင်းအဝယ် ပြုလုပ်ပေးပါတယ်။ စတော့တစ်ခုချင်းစီရဲ့ ဝယ်လိုအား/ရောင်းလိုအား အပေါ်မူတည်ပြီး အကောင်းဆုံးဈေးနှုန်းရရှိစေဖို့ စတော့အိတ်ချိန်းက ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

### လက်ရှိအရောင်းအဝယ်အခြေအနေ

ရန်ကုန်စတော့အိတ်ချိန်းရဲ့ သုံးနှစ်သက်တမ်းအတွင်းမှာ စာရင်းဝင်ကုမ္ပဏီ ငါးခုရဲ့ ရှယ်ယာတွေကို ရောင်းဝယ်ပေးခဲ့ရာမှာ ရှယ်ယာအရေအတွက် စုစုပေါင်း ၁၀ ဒသမ ၃၂ သန်း အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ၁၁၇ ဒသမ ၇၈ ဘီလီယံဖိုး အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။



ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦး

> "စတော့အိတ်ချိန်းကို ကုမ္ပဏီတွေ စာရင်းဝင်ဖို့ဆိုတာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ၊ ဥပဒေပညာရှင်အဖွဲ့၊ စာရင်းကိုင်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကြိုတင်ပြင်ဆင်မှုတွေ အနည်းဆုံးတစ်နှစ်လောက် အချိန်ယူဆောင်ရွက်ရပါတယ်။ ပြီးတော့မှ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခုကနေ ကမကထလုပ်ပြီး စတော့အိတ်ချိန်းကိုတင်ရတာ ဖြစ်ပါတယ်"




ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်ဖွင့်လှစ်နေမှုကို ကြည့်ရှုနေသူများအား တွေ့ရစဉ်။

### စတော့အိတ်ချိန်းကို စာရင်းဝင်ကုမ္ပဏီအသစ်တွေ ရောက်ရှိလာဖို့

ရန်ကုန်စတော့အိတ်ချိန်းအနေနဲ့ စာရင်းဝင်စံ (၁၇)ချက်နဲ့ ပြည့်စုံတဲ့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတိုင်းကို စတော့အိတ်ချိန်းမှာ စာရင်းဝင်ပြီး ရောင်းဝယ်ကြဖို့ ဖိတ်ခေါ်လျက်ရှိပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းရဲ့ Listing and Trading Participant ဌာနအနေနဲ့ စာရင်းဝင်ရောက်လိုတဲ့ ကုမ္ပဏီများအတွက် လိုအပ်တဲ့အကူအညီများပေးနေသလို မကြာခင်ကမှ ဖွဲ့စည်းလိုက်တဲ့ အထူးအဖွဲ့ကလည်း စတော့အိတ်ချိန်းကို စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေ၊ အများပြည်သူကို ရှယ်ယာတွေ ကမ်းလှမ်းရောင်းချလိုတဲ့ ကုမ္ပဏီတွေအတွက် လိုအပ်တဲ့နည်းပညာတွေကို ကူညီပေးသွားမှာ ဖြစ်ပါတယ်။

### ဒီနှစ်အတွင်းမှာ စတော့အိတ်ချိန်းကို စာရင်းဝင်ဖို့

စတော့အိတ်ချိန်းကို ကုမ္ပဏီတွေ စာရင်းဝင်ဖို့ဆိုတာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ၊ ဥပဒေပညာရှင်အဖွဲ့၊ စာရင်းကိုင်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ကြိုတင်ပြင်ဆင်မှုတွေ အနည်းဆုံး တစ်နှစ်လောက် အချိန်ယူဆောင်ရွက်ရပါတယ်။ ပြီးတော့မှ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုကနေ ကမကထ လုပ်ပြီး စတော့အိတ်ချိန်းကို တင်ရတာဖြစ်ပါတယ်။ ကြားရသလောက် ကုမ္ပဏီနှစ်ခု၊ သုံးခုလောက်ပြင်ဆင်နေတာ ရှိပါတယ်။ အခုချိန်ထိတော့ စာရင်းဝင်လျှောက်လွှာလက်ခံထားတာ မရှိသေးပါဘူး။ လျှောက်လွှာလက်ခံရရှိပြီဆိုရင် မီဒီယာကတစ်ဆင့် ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။

### ရှေ့လုပ်ငန်းစဉ်များ

အရည်အချင်းပြည့်မီတဲ့ အများနဲ့သက်ဆိုင်သော ကုမ္ပဏီကြီးတွေ ပေါ်ပေါက်ရေး၊ အဲဒီကုမ္ပဏီကြီးတွေ စတော့အိတ်ချိန်းမှာ စာရင်းတင်သွင်းပြီး ရောင်းဝယ်မှုပြုနိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူအရေအတွက် တိုးတက်များပြားလာစေရေး၊ ရင်းနှီးမြှုပ်နှံသူများရဲ့ အကျိုးစီးပွားကို အကာအကွယ်ပြုနိုင်ရေး၊ ပြည်သူလူထုအနေနဲ့ စတော့ရှယ်ယာဈေးကွက်ဆိုင်ရာ အသိပညာများမြင့်မားလာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် စတော့ဈေးကွက်ဆိုင်ရာ အခြေခံသင်တန်းတွေ ပုံမှန်ဖွင့်လှစ်နေသလို လူငယ်များအတွက် လေ့လာရေးအစီအစဉ်တွေကိုလည်း ဆောင်ရွက်ထားပါတယ်။ ထို့အတူ ရန်ကုန်နဲ့ နယ်မြို့တွေမှာလည်း ဈေးကွက်အသိပညာပေးဟောပြောပွဲတွေ လုပ်ပေးနေပါတယ်" ဟုပြောကြားသည်။

**ဓာတ်ပုံ - ထိန်လင်း**

# ဒလမြို့နယ်အတွက် သန့်ရှင်းကြည်လင်သောရေ

**သက်ထက်ကို**

ဒလ မြို့စတည်ကတည်းက မြို့သူမြို့သားတို့သည် မြေသားကန်ရေများကိုသာလျှင် အဓိကအားထား သုံးစွဲခဲ့ကြရသူများဖြစ်သည်။ အချို့သော သူများ၏ ပြောစကားများသည် ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို အတည်မှတ်ယူနိုင်၍ မဖြစ်ပေ။ “ကျိန်စာသင့်ခြင်းခံရခြင်း” ဟု ဆိုကြသကဲ့သို့ အချို့ကလည်း “ရေမြေတောတောင်သဘာဝကြောင့်” ဟု နှိုင်းနှိုင်းချိန်ချိန်တွေးတွေးဆဆ ပြောဆိုကြသည်ကို ကြားဖူးခဲ့ရသည်။

ဒလမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး အတွင်း ပါဝင်ပြီး ရန်ကုန်မြစ်တစ်ဖက်ခြမ်း မြို့နယ်တစ်ခုဖြစ်သည်။ ၂၀၁၉ ခုနှစ် နှစ်ဦးအစ စာရင်းအရ ဆိုသော် အိမ်ခြေပေါင်း ၃၇၂၂၅ အိမ်၊ အိမ်ထောင်စုပေါင်း ၃၉၃၆၀၊ လူဦးရေပေါင်း ၁၆၂၈၉၃ ဦးရှိသည်ဟု မှတ်တမ်းများအရ သိရသည်။ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့ကြီးများသို့ သွားလာရာ ပေါင်းကူးဆက်စပ်နယ်မြေတစ်ခုဖြစ်သည်။

**ချယ်ရီသင်္ဘောများက ပို့ဆောင်**

မြစ်ခြားသော်လည်း သွားလာရေးလွယ်ကူသော မြို့နယ်တစ်ခုဖြစ်သည်။ နေ့စဉ်နှင့်အမျှ ဂျပန်နိုင်ငံမှ လက်ဆောင်ဖြစ်သည့် ချယ်ရီကူးတို့သင်္ဘောများက မိုးလင်းမှ မိုးချုပ်သည့်တိုင် အစုန်အဆန် သယ်ယူပို့ဆောင်ပေးနေခြင်းကြောင့် ဆက်သွယ်သွားလာမှုအခက်အခဲ လုံးဝမရှိခဲ့ပေ။

ထို့အပြင် မြို့နယ်တစ်ခု၏ အင်္ဂါရပ်များနှင့်လည်း ပြည့်ပြည့်စုံစုံရှိသည်ဟု ဆိုရမည်ဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးဌာနမှသည် ဆေးရုံ၊ ဆေးခန်း၊ လမ်းပန်း၊ ရဲစခန်း၊ ဈေး၊ စည်ပင်စသော ဌာနများ၏ ဝန်ဆောင်မှုကောင်းများ ရှိနေသောဒေသတစ်ခုလည်း ဖြစ်ပေသည်။

သို့အတွက် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးပွားလာခြင်း၊ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့နေထိုင်လာမှုတို့ကြောင့် မြို့မှာ ပိုမိုစည်ကားလာသည်ဟု ဆိုကြသည်။

**နွေရာသီ ရေရှားပါး**

ထိုဖွံ့ဖြိုးမှုများနှင့်အတူ လိုက်ပါလာနိုင်ခြင်းမရှိသည်မှာ “ရေ” ပင်ဖြစ်သည်။ သို့အတွက် နှစ်စဉ် နွေရာသီသို့ရောက်တိုင်း သောက်သုံးရေရှားပါးမှုနှင့် ကြုံကြိုက်မှုတွေ့ခဲ့ရသည်။ မိုးရေသိုလှောင်ကန်၊ ရေစုကန် နည်းပါးခြင်းမှာလည်း ရေရှားပါးခြင်း ကိစ္စတစ်ရပ်ဖြစ်သည်။

မြို့နယ်အတွင်း မြေသားရေကန်များအနေဖြင့်



ဒလမြို့နယ်ရှိ သောက်သုံးရေကန်မှ ဒေသခံများ ရေလာရောက်ခပ်ယူနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နိုင်လင်းကျော် (ဒလ)

မြို့ပေါ် ၂၄ ရပ်ကွက်တွင် မြေသားရေကန် ၁၂၄ ကန်၊ ကျေးလက်များ၌ မြေသားရေကန် ၂၀၅ ကန် စုစုပေါင်းအားဖြင့် မြေသားရေကန် ၃၂၉ ကန်ရှိကြောင်း သိရသည်။ မြို့နယ်သူ မြို့နယ်သားများ အနေဖြင့် အစဦးကဆိုသကဲ့သို့ ထိုမြေသား ရေကန်များမှ ရေကိုသာလျှင် အဓိက တန်ဖိုးထား သောက်သုံးနေကြရသည်။

ဒလမြို့သား ကိုယဉ်ဦးက “နွေရာသီ တပေါင်း တန်ခူးလတွေ ရောက်တိုင်း မြို့နယ်အတွင်းက ရေကန်တွေက ရေနည်းလာတတ်ကြပါတယ်။ အဲဒီအခါ အချိန်အကန့်အသတ်နဲ့ ရေခပ်ခွင့်ပြုရပါတယ်” ဟု ဆိုသည်။

မိုးတွင်းကာလ၌ ကန်များတွင် ရေကို သိုလှောင်နိုင်သော်လည်း ဆောင်းအကုန်နွေဦးအစတွင် ကန်ရေများ လျော့နည်းလာမှုမှာ နှစ်စဉ်ပင်ဟုဆိုကြသည်။

**သောက်သုံးရေလိုအပ်မှုပိုလာ**

နွေရာသီသို့ ရောက်တိုင်း သောက်သုံးရေရှားပါးလာမှုကို ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်သိသိသာသာကြုံတွေ့လာရပြီး သောက်သုံးရေလိုအပ်မှုမှာ တစ်နှစ်ထက်တစ်နှစ်ပိုလာသည်ဟု သိရသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီ

“ဖွံ့ဖြိုးမှုများနှင့်အတူ လိုက်ပါလာနိုင်ခြင်းမရှိသည်မှာ “ရေ” ပင်ဖြစ်သည်။ သို့အတွက် နှစ်စဉ် နွေရာသီသို့ ရောက်တိုင်း သောက်သုံးရေ ရှားပါးမှုနှင့် ကြုံကြိုက်မှု တွေ့ခဲ့ရသည်။ မိုးရေသိုလှောင်ကန်၊ ရေစုကန် နည်းပါး ခြင်းမှာလည်း ရေရှားပါးခြင်း ကိစ္စတစ်ရပ်ဖြစ်”




ဒလမြို့နယ်သူ မြို့နယ်သားများ ကျန်းမာရေးအထောက်အကူပြု သောက်ရေသန့်စက်ကို တွေ့ရစဉ်။

ရေသန့်ဌာနမှလည်း တတ်စွမ်းသမျှ ရေရရှိနိုင်ရေးကို ကြိုးပမ်းခဲ့သည်။

တွံတေးမြို့နယ် (ရန်ကုန်ပေါက်) ရေပေးဝေရေးစခန်းမှ ရေကိုရယူ၍ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂ သန်းကို မြို့ပေါ်ရပ်ကွက်များသို့ ၁၈ နာရီ အချိန်ပေးဖြန့်ဝေပေးလျက်ရှိသည်။

ထို့အပြင် ရပ်ကွက်ပြည်သူများ လွယ်ကူစွာ ရေရယူနိုင်ရေးအတွက် အဝီစိတွင်း ၁၃ တွင်း၊ ၁၀ လက်မရှိ ရေချိုစုတွင်း ငါးတွင်း၊ ရေဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန် ၂၇ ကန်နှင့် ဂါလန် ၁၀၀၀ ဆံ့ ကွန်ကရစ်ကျောက်ခွေ ၂၀ တို့ကို ရပ်ကွက်များတွင် ပြုလုပ်ပေးထားသည်ဟု မြို့နယ်စည်ပင်(ရေသန့်) ဌာနမှ သိရသည်။

**ရေသန့်ဖြန့်ဝေပေး**

ထို့အပြင် မြို့နယ်သူ မြို့နယ်သားများ ကျန်းမာရေးအထောက်အကူပြု သောက်ရေသန့်စက်ကို ဗညားဒလရပ်ကွက် ရေပေးဝေရေးစခန်းတွင် ၂၀၁၇ ခုနှစ်က စတင်တပ်ဆင်ခဲ့ပြီး ပြည်သူများအား စမ်းသပ်ကာလအဖြစ် သောက်ရေအတွက် ရေသန့်များကို ဖြန့်ဝေပေးခဲ့သည်။

၂၀၁၈ ခုနှစ်တွင် တစ်နေ့လျှင် သောက်ရေသန့်ဂါလန် ၅၀၀၀ ခန့်ထုတ်လုပ်လာနိုင်ပြီဖြစ်၍ အခမဲ့ပေးဝေလျက်ရှိရာ နေ့စဉ်သောက်ရေသန့်ဂါလန် ၁၆၀၀ ခန့်အထိ လာရောက်ခပ်ယူသူများ ရှိနေသည်ဟု တာဝန်ခံ အင်ဂျင်နီယာ ဦးတိုးတိုးအောင်က ရှင်းပြထားသည်။

သန့်ရှင်းသော သောက်ရေ လာရောက်ခပ်ယူမှုမှာ တည်ရှိရာနေရာနှင့် ခရီးအနီးအဝေး အတိုင်းအတာ အတိုအရှည်ကို မခန့်မှန်းနိုင်သော်လည်း နေ့စဉ်လာရောက်ခပ်ယူနေသည့် ရေပမာဏထက်ပင် များစွာ ပိုမိုထုတ်လုပ်လာနိုင်သည်ကို လေ့လာမိခဲ့သည်။

သို့ဆိုခြင်းကြောင့် ရေသန့်စက်အဆောက်အအုံတွင် ချိတ်ဆွဲထားသော ဗီနိုင်းပေါ်မှ “ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒလမြို့နယ် ရေပေးဝေရေးစခန်းရှိ သောက်ရေသန့်စက်မှ သောက်ရေများအား ‘အခမဲ့’ လာရောက်ယူဆောင်နိုင်ပါသည်” ဆိုသည့် ကြော်ငြာစာသားများကို နှုတ်ကအသံ ထွက်ဖတ်လျက် မကြာမီသော အတိုင်းအတာ ကာလတစ်ခု၌ ဒလမြို့နယ်တစ်ခုလုံးအတွက် သန့်ရှင်းသော၊ ကြည်လင်သော၊ ကျန်းမာရေးနှင့် ညီညွတ်သော “သောက်ရေ” မှာ မရှားနိုင်တော့ပြီကို မှန်းဆမှဒိတာပွားမိပါတော့သည်။ ။

# ရန်ကုန်မြို့၌ မော်တော်ကားလေလံပွဲကြီး မတ် ၂၄ ရက်တွင် ကျင်းပမည်

***အာကာစိုး***

**မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် မော်တော်ကားလေလံပွဲကြီးကို မတ်၂၄ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) သုဝဏ္ဏမိုးလုံလေလုံ၌ ပြုလုပ်မည်ဖြစ်ကြောင်း မတ် ၁၇ ရက်က အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်သည့် မြန်မာနိုင်ငံ၏ပထမဆုံး ပုဂ္ဂလိကလေလံဝန်ဆောင်မှုကုမ္ပဏီ Myanmar Auction Company Limited (MAC) မိတ်ဆက်ပွဲ အခမ်းအနားမှ သိရသည်။**




### လေလံရောင်းချခွင့်ရှိ

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံတကာလို ရောင်းသူနဲ့ ဝယ်သူကြားမှာ စနစ်တကျ တည်ဆောက်ပေးမယ်။ ရောင်းသူဝယ်သူအတွက် စျေးနှုန်း၊ ပစ္စည်းမှန်ကန်မှုရဖို့ တာဝန်ယူ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒ့ါပြင်ရောင်းသူ ဝယ်သူ မနစ်နာစေဖို့လည်း ကြားခံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကားအမျိုးအစားက လက်ရှိမှာ စာရင်းပြုစုထားပြီး မည်သည့်ကားအမျိုးအစားဆိုတာ ကန့်သတ်ထားတာ မရှိပါဘူး။ ဥပမာ ဂျပန်၊ ယူရို၊ တရုတ်၊ အီတလီအစရှိတဲ့ ထုတ်လုပ်တာတွေ ရှိမယ်။ ဘယ်ကပဲထုတ်လုပ်ပါစေ လာရောက်ပြီး လေလံရောင်းချခွင့်ရှိမယ်။ ဝယ်တဲ့သူကလည်း ရောင်းချတဲ့ပစ္စည်းကိုကြည့်ပြီး ဝယ်ယူခွင့်ရှိမယ်။ ဘယ်ကားအမျိုးအစားမဆို ကန့်သတ်ထားတာ မရှိဘူး" ဟု မြန်မာနိုင်ငံ၏ ပထမဆုံးပုဂ္ဂလိကလေလံ ဝန်ဆောင်မှုကုမ္ပဏီမှ ဒါရိုက်တာ ဦးဇင်မောင်မောင်က ပြောသည်။

### လေလံစနစ်ကြီးအောင်မြင်စေရေး

MAC ၏ ရည်မှန်းချက်မှာ ပြည်သူပြည်သားများ၏ ရောင်းချဝယ်ယူလိုသော ပစ္စည်းများကို နည်းစနစ်မှန်ကန်စွာဖြင့် ပွင့်လင်းမြင်သာသော စျေးကွက်ဖြစ်လာစေရေး၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော လေလံစျေးကွက်စနစ်တကျ ဖြစ်ထွန်းအောင်မြင်စေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သောလေလံစနစ်ကြီး မြန်မာနိုင်ငံတွင် နည်းစနစ်မှန်မှန်ဖြင့် ဖြစ်ထွန်းအောင်မြင်စေရေးတို့ဖြစ်ကြောင်း သိရသည်။




**မြန်မာနိုင်ငံ၏ပထမဆုံး ပုဂ္ဂလိကလေလံ ဝန်ဆောင်မှုကုမ္ပဏီ Myanmar Auction Company Limited (MAC) မိတ်ဆက်ပွဲ အခမ်းအနားကျင်းပစဉ်။**

### အပတ်စဉ်၊ လစဉ်ပြုလုပ်မည်

ယင်းကုမ္ပဏီမှ လေလံဝန်ဆောင်မှုငါးမျိုးဖြစ်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ယန္တရားကြီးများ၊ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းများ၊ ရှေးဟောင်းပစ္စည်းများ လေလံဝန်ဆောင်မှု လုပ်ငန်းများကို အပတ်စဉ်၊ လစဉ်ပြုလုပ်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်လေလံပွဲကြီးကိုမတ် ၂၄ ရက် တစ်ရက်တည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

---

*အချပ်ပို(က)မှ*

ဒါဟာလည်း ကားပါကင်အခက်အခဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရက အလေးထားဆောင်ရွက်နေတယ်ဆိုတာကို ဖော်ပြနေပါတယ်။

ရန်ကုန်မြို့မှာ စမတ်ကားပါကင်တွေ အကောင်အထည်ဖော်ဖို့အတွက် ကနဦးအနေနဲ့ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ပုဇွန်တောင်နဲ့ ဗိုလ်တထောင်မြို့နယ်တွေကို စတင်ဆောင်ရွက်သွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ အဲဒီမြို့တွင်း ခြောက်မြို့နယ်မှာ အကောင်အထည်ဖော်ပြီးရင်တော့ ကားပါကင်အခက်အခဲ အများဆုံးဖြစ်ပေါ်နေတဲ့ ရန်ကုန်မြို့ရဲ့ အခြားမြို့နယ်တွေကို အစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ မော်တော်ယာဉ်အစီးရေများပြားလာတာမို့ ကားပါကင်အခက်အခဲဖြေရှင်းရန် ပုဂ္ဂလိကကုမ္ပဏီများနဲ့ ပူးပေါင်းပြီး စမတ်ကားပါကင်လုပ်ငန်းတွေ လုပ်ဆောင်ဖို့ စီစဉ် နေတယ်လို့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ၂၀၁၈ ခုနှစ်နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးအဋ္ဌမနေ့မှာ ပြောကြားထားပြီး ဖြစ်ပါတယ်။ ဒါကလည်း ရန်ကုန်မြို့မှာ စမတ်ကားပါကင်တွေ အကောင်အထည်ဖော်ဖို့ တာဝန်ရှိသူတွေဟာ မမေ့မလျော့စီစဉ်ဆောင်ရွက်ခဲ့ကြတယ်ဆိုတာ ဖော်ပြနေပါတယ်။

ရန်ကုန်မြို့မှာ ၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေဟာ ၂၁၄၆၄၉ စီး ရှိနေပေမယ့် ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်မှာတော့ ရန်ကုန်မြို့မှာ မှတ်ပုံ တင်ထားတဲ့ မော်တော်ယာဉ်အစီးရေဟာ ၅၂၉၄၇၃ စီးခန့် ရှိနေခဲ့ပါတယ်။ အခုအချိန်မှာတော့ ရန်ကုန်မြို့မှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေဟာ ၅၃၀၀၀၀ ကျော်ရှိနေ ပြီဖြစ်တာမို့ အဲဒီကားတွေ ရပ်နားဖို့ ကားပါကင်တွေဟာ မလွဲမသွေဖြေရှင်းဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခု ဖြစ်လာပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေအနေနဲ့ စမတ်ကားပါကင်တွေ ဖော်ဆောင်ဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာဆိုရင် အဓိကကားလမ်းမတွေရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ မော်တော်ယာဉ်တွေ ရပ်ထားတာကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်နေသလို အတွင်းလမ်းတွေထဲမှာလည်း မော်တော်ယာဉ်တွေရပ်နားထားမှုများပြား နေတာကြောင့် ပြည်သူတွေသွားလာရေးအခက်အခဲဖြစ်နေရသလို မော်တော်ယာဉ်မောင်းနှင်သွားလာမှုမှာလည်း ကျပ်တည်းကျဉ်းမြောင်းကာမလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လေ့ရှိနေပါတယ်။ ဒ့ါအပြင် မြို့တွင်း ခြောက်မြို့နယ်မှာ ကားပါကင်နေရာလုမှုကြောင့် အသက်ဆုံးရှုံးရတဲ့အထိ ပြဿနာတွေဆိုးကျိုးတွေ ဖြစ်ပေါ်နေတာမို့ စမတ်ကားပါကင်တွေအကောင်အထည်ဖော်နိုင်ရေး တာဝန်ရှိသူတွေက ကြိုးစားနေခြင်း ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ မော်တော်ယာဉ်မရပ်နားရ စည်ပင်လမ်းပေါင်း ၁၄၄ လမ်း သတ်မှတ်ထားပါတယ်။ အဲဒီလမ်းမတွေပေါ်မှာ မော်တော်ယာဉ်တွေရပ်နားရင် ကရိန်းဖြင့်ဆွဲကာ ပြစ်ဒဏ်ကျခံစေပေမယ့် မော်တော်ယာဉ်တွေကတော့ ရပ်နားနေဆဲ ဖြစ်ပါတယ်။ ကားရပ်နားဖို့ နေရာအခက်အခဲကြောင့်ဖြစ်စေ၊ စည်းကမ်းမလိုက်နာမှုကြောင့်ဖြစ်စေ ကားမရပ်ရ လမ်းဘေးဝဲယာတွေပေါ်မှာ ရပ်နားနေကြတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ အများပြည်သူလမ်းနယ်နိမိတ်တွေမှာ ယာဉ်အိုယာဉ်ဟောင်းနဲ့ ပျက်စီးယာဉ်တွေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က စတင်ကာနောက်ဆုံးထားဖယ်ရှားရမယ်လို့ ထုတ်ပြန်ထားပေမယ့် အချို့ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ယာဉ်ရပ်နားဖို့ အခက်အခဲကို ဖြေရှင်းရင်း စည်းကမ်းနဲ့ စနစ်တကျရပ်နားနိုင်ဖို့ စမတ်ကားပါကင်တွေကို ဖော်ဆောင်နိုင်ရေးဟာ မော်တော်ယာဉ်အစီးရေများပြားတဲ့ ရန်ကုန်မြို့အတွက် လိုအပ်ချက်တစ်ရပ်အဖြစ် တွန်းအားပေးဆောင်ရွက်နေတဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။

အခုလောလောဆယ် ကနဦးဖော်ဆောင်မယ့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နဲ့ စမတ်ကားပါကင်တွေဟာ အသုံးပြုမယ့်သူတွေအတွက် အစစအရာရာ အဆင်ပြေလွယ်ကူမယ်ဆိုရင်တော့ စီးပွားရေးမြို့တော်အင်္ဂါရပ်နဲ့အညီ စနစ်ကျသပ်ရပ်တဲ့ စမတ်ကားပါကင်တွေကို ပြည်သူတွေ ကြိုဆိုကြမှာ အမှန်ပင် ဖြစ်ပါကြောင်း။ ။



**ရန်ကုန်မြို့လသာမြို့နယ်ရှိ လမ်းတစ်လမ်း၌ ကားများပါကင်ထိုးရပ်နေသည်ကို တွေ့ရစဉ်။**